ကြေးမုံ
The Mirror Daily
Established in 1957
၁၉၅၇ ဖြို ၁၆ တွင် စတင်တည်ထောင်သည်။

e – paper ဖတ်ရှုရန်

မိမိကိုယ်သာလျှင် ကြည့်ရှုဆင်ခြင်

သူတစ်ပါးတို့၏ ကြမ်းတမ်းဝန်တို ပလိုသော စကားတို့ကို နှလုံးမသွင်းအပ်၊ သူတစ်ပါး၏ ကောင်းသောအမှု၊ မကောင်းသောအမှု ပြု မပြုကို မကြည့်ရှု မဆင်ခြင်ရာ၊ မိမိ၏ ကောင်းသောအမှု၊ မကောင်းသောအမှု ပြု မပြုကိုသာလျှင် ကြည့်ရှု ဆင်ခြင်ရာ၏။ ပုပ္ဖဝဂ်(ဓမ္မပဒ-၅၀)

၁၃၈၈ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၄ ရက် သောကြာနေ့။ Friday, 13 November 2026 ၁၂၆၁

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့က လာရောက်ဂါရဝပြုတွေ့ဆုံ

နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးနှင့် နယ်စပ်ကုန်သွယ်မှုများ ပိုမိုတိုးတက်လာစေရေး ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်သွားမည့်အခြေအနေများ ဆွေးနွေး



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Sihasak Phuangketkeow တို့ ရင်းရင်းနှီးနှီးဆွေးနွေးစဉ်။

နေပြည်တော် နိုဝင်ဘာ ၁၂

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Sihasak Phuangketkeow ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့က ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတ၏ ဧည့်ဆောင်တော်၌ လာရောက်ဂါရဝပြုတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးခင်မောင်ရီ၊ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ဦးတင်မောင်ဆွေ၊ ဦးအောင်ကျော်ဟိုး၊ ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သန်းထိုက်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး စာမျက်နှာ ၃ ကော်လံ ၁ သို့ ★

ယနေ့ ဖတ်စရာ

ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)မှ ပြင်ဆင်/ဖြည့်စွက်သင့်သည့် အချက် ၄၃ ချက်နှင့် ပြည်ထောင်စု သဘောတူစာချုပ် အစိတ်အပိုင်း(၁)(၂)(၃)ပါ အချက်များနှင့် စပ်လျဉ်း၍ လေ့လာသုံးသပ်ရေးနှင့် ဥပဒေမူကြမ်းပြုစုရေး ပူးပေါင်းကော်မတီဖွဲ့စည်း

ပြည်ထောင်စုလွှတ်တော်

စာမျက်နှာ » ၄

ယာယီရေဘေးရှောင် ပြည်သူများအား စားရေရိက္ခာများ ထောက်ပံ့ခြင်း၊ နေရာထိုင်ခင်းများ စီစဉ်ပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှု ပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိ

စာမျက်နှာ » ၉



YCTA အသင်းသို့ ဝင်ရောက်မှတ်ပုံတင်ခြင်း၊ CNG စတစ်ကာများကပ်ခြင်းတို့ ဆောင်ရွက်မှုမရှိသည့် စီအင်န်ဂျီ တက္ကစီယာဉ်များအား စီအင်န်ဂျီဝယ်ယူခွင့် ယာယီရုပ်သိမ်းမည်

ရန်ကုန် နိုဝင်ဘာ ၁၂

စီအင်န်ဂျီတက္ကစီယာဉ်(CNG Taxi)များအနေဖြင့် ရန်ကုန်တိုင်းဒေသကြီး စီးတီးတက္ကစီအသင်း(YCTA) အသင်းသို့ ဝင်ရောက်မှတ်ပုံတင်ခြင်းနှင့် စီအင်န်ဂျီ စတစ်ကာ(CNG Sticker)များကပ်ခြင်းကို ယခုနှစ် ဒီဇင်ဘာ ၃၁ ရက် နောက်ဆုံးထား ဆောင်ရွက်ကြရန်နှင့် သတ်မှတ်ရက်အတွင်းပြီးစီးအောင် ဆောင်ရွက်မှုမရှိသည့် ယာဉ်များအား ၂၀၂၇ ခုနှစ်

စာမျက်နှာ ၃ ကော်လံ ၄ သို့ ❖

လေဖိအားနည်းရပ်ဝန်း ဖြစ်ပေါ်နိုင်

နေပြည်တော် နိုဝင်ဘာ ၁၂

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတွင် နိုဝင်ဘာ ၁၃ ရက်တွင် လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းရသည်။

မိုး/၉လ



ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များ ထိခိုက်နိုင်မှုအန္တရာယ်အလေးထား

ယခုကာလတွင် အယ်လ်နီညိုဖြစ်စဉ်ကြောင့် အစွန်းရောက်ရာသီဥတုဖြစ်စဉ်များကို သတိပြုနေထိုင်ရသည့် အခြေအနေအချိန်အခါဖြစ်သည်။ ကမ္ဘာမိုးလေဝသအဖွဲ့ချုပ်နှင့် နိုင်ငံတကာရာသီဥတုဗဟိုဌာနများ၏ ထုတ်ပြန်ချက်များကိုအခြေခံ၍ ပစိဖိတ်သမုဒ္ဒရာ၏ ပင်လယ်ရေမျက်နှာပြင်အပူချိန်သည် ပုံမှန်အပူချိန်ထက် ၂ ဒသမ၅ ဒီဂရီဆဲလ်စီးယပ်မှ ၂ ဒသမ ၈ ဒီဂရီဆဲလ်စီးယပ်အထိပိုနေပြီး လေထုဖြစ်စဉ်များမှာ အလွန်အားကောင်းသော အယ်လ်နီညိုအဆင့်တွင်ရှိနေသည်ဟု သတင်းထုတ်ပြန်ခဲ့သည်။ ၂၀၂၆ ခုနှစ် နိုဝင်ဘာလနှင့် ဒီဇင်ဘာလများတွင် အယ်လ်နီညိုအမြင့်ဆုံးအဆင့်သို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းထားသည်။

အဆိုပါ အယ်လ်နီညိုဖြစ်စဉ်ကြောင့် မိုးရွာသွန်းမှုပုံစံ မူမမှန်ခြင်း၊ လာမည့်ဆောင်းရာသီနှင့် နွေရာသီကာလများတွင် အပူချိန်မြင့်မားခြင်း၊ မိုးခေါင်ရေရှားခြင်းစသည့်အစွန်းရောက်ရာသီဥတုဖြစ်စဉ်များဖြစ်ပွားမည်ဟု မိုးလေဝသဌာနများက ခန့်မှန်းထားခဲ့သည်။ အဆိုပါခန့်မှန်းချက်အတိုင်း ယခုနိုဝင်ဘာလဆန်းတွင် အလွန်ပူပြင်းသော ရာသီဥတုအပူရှိန်ကို နိုင်ငံတစ်ဝန်း၌ ခံစားကြရပြီး အပူရှိန်ကြောင့် ပြည်သူများ၏ ကျန်းမာရေးထိခိုက်ခံစားရမှုများဖြစ်ပေါ်ခဲ့သည်။ အစွန်းရောက်အယ်လ်နီညိုရာသီဥတုဖြစ်စဉ်သည် ဖောက်လှဲဖောက်ပြန် အပြောင်းအလဲမြန်ဆန်ပြီး တစ်နေ့နှင့်တစ်နေ့မတူ အပူရှိန်ပြင်းတစ်ရက်၊ အပူရှိန်လျော့တစ်ရက်ဖြင့် အပြောင်းအလဲမြန်သောရာသီဥတုဖြစ်စဉ်များနှင့် ကြုံတွေ့ခဲ့ရသည်။

နိုဝင်ဘာလ ပထမပတ်ကျော်လွန်သည်နှင့် အပူရှိန်ပြင်းထန်မှုရာသီဥတုအခြေအနေမှာ ရုတ်တရက်ပြောင်းလဲဖြစ်ပေါ်ခဲ့ပြီး ယခုရက်ပိုင်းတွင် အပူရှိန်လျော့နည်း၍ မိုးရွာသွန်းမှုနှင့်အတူ အအေးပိုသည့်အခြေအနေများ ကြုံတွေ့လာပြန်သည်။ မိုးလေဝသဌာနက နိုဝင်ဘာလ ၁၀ ရက်နေ့ ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့မှ တိုက်ခတ်လာသော လေနှေးများနှင့် တရုတ်ပြည်မကြီးပေါ်ရှိ လေဖိအားကြီးရပ်ဝန်းဒေသမှ တိုက်ခတ်လာသော လေအေးများတွေ့ဆုံမှုကြောင့် နိုဝင်ဘာလ ၁၀ ရက်နေ့ညမှ ၁၂ ရက်နေ့အတွင်း မြန်မာနိုင်ငံအထက်ပိုင်းဒေသများနှင့် ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြားနှင့် အချို့ဒေသများတွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်ဟု သတင်းထုတ်ပြန်ထားသည်။

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့မှ တိုက်ခတ်လာသော လေနှေးများနှင့် တရုတ်ပြည်မကြီးပေါ်ရှိ လေဖိအားကြီးရပ်ဝန်းဒေသမှ တိုက်ခတ်လာသော လေအေးများတွေ့ဆုံမှုကြောင့် မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ကြေကြေခြင်းနှင့် မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်နိုင်သဖြင့် ကုန်းမြင့်ဒေသများအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံခြင်းအခြေအနေများကို ကြိုတင်သတိပြုကြရန်လိုပြီး ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းဝေး၊ ကမ်းနီးငါးဖမ်းရေယာဉ်များ၊ သဘော်များအနေဖြင့် ကြိုတင်သတိပြုနိုင်ရန် သတိပေးထားသည်။

နိုဝင်ဘာလ ၁၂ ရက်ကျော်လျှင် အချို့နေရာများ၌ မိုးရွာသွန်းမှုလျော့နည်းသွားပြီး အပူချိန်ကျဆင်းကာ အအေးပိုလာမည်ဟု အသိပေးထားသည်။ ယခုရက်ပိုင်းများတွင် တရုတ်ပြည်မကြီးပေါ်ရှိ လေဖိအားကြီး ရပ်ဝန်းဒေသမှ တိုက်ခတ်လာသော လေအေးများကြောင့် အအေးပိုလာမည်ဟု အသိပေးထားသည်။ နိုဝင်ဘာလ ၁၂ ရက်နေ့မှစ၍ မြန်မာနိုင်ငံအောက်ပိုင်းတွင် မိုးအနည်းငယ်ရွာသွန်းပြီး အအေးပိုလာသည်ကို ကြုံတွေ့ခံစားကြရသည်။ ဆက်လက်၍ အအေးပိုလာမည်ဟုဆိုသည်နှင့်အညီ အယ်လ်နီညိုဖြစ်စဉ်၏ အပြောင်းအလဲမြန်သောအခြေအနေများကြောင့် လည်းကောင်း၊ ဆောင်းရာသီကာလရောက်ရှိလာသည့်အခြေအနေနှင့် တရုတ်ပြည်မကြီးပေါ်ရှိ လေဖိအားကြီးရပ်ဝန်းဒေသမှ တိုက်ခတ်လာသော လေအေးများ၏ အရှိန်ကို သိသာစွာခံစားကြရသည်။ အယ်လ်နီညိုဖြစ်စဉ်ကြောင့် အပူရှိန်ပြင်းထန်မည်ဟုဆိုထားသော်လည်း ယခုဖြစ်စဉ်ကြောင့် အပူရှိန်ပျက်ပြီး အလွန်အေးသည့် ခံစားမှုများဖြစ်လာခဲ့သည်။

အပြောင်းအလဲမြန်ဆန်သည့် အယ်လ်နီညိုဖြစ်စဉ်ကြောင့် လတ်တလောတွင် အလွန်အေးသည့်အခြေအနေနှင့် ကြုံတွေ့နေရပြီး မကြာမီကာလများတွင် အလွန်ပူသည့်အခြေအနေများကို ပြန်လည်ကြုံတွေ့ကြရဦးမည်ဖြစ်သည်။ ထို့ကြောင့် အပူချိန် အတက်၊ အကျ အပြောင်းအလဲမြန်ဆန်မှုများကြောင့် ပြည်သူများအနေဖြင့် ကျန်းမာရေးအန္တရာယ်များကို အထူးသတိပြုကြရမည်ဖြစ်သည်။ အလွန်ပူရာမှ အလွန်အေးသည့်အခြေအနေခံစားကြရမှုကြောင့် အအေးဓါဌင်း၊ နှာစေးခြင်း၊ ချောင်းဆိုး၊ ဖျားနာ၊ နှလုံးနှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ စသည့်ကျန်းမာရေးထိခိုက်နိုင်မှုများကို ကြုံတင်သတိပြု၍ ကျန်းမာအောင်နေထိုင်ပြုမူကြပြီး ရာသီဥတုဆိုင်ရာရောဂါအမျိုးမျိုးဖြစ်ပေါ်လာပါက နီးစပ်ရာဆေးကုသမှု ခံယူကြရန်လိုအပ်သည်။ သို့ဖြစ်ရာ အပြောင်းအလဲမြန်ဆန်သည့် ရာသီဥတုဖြစ်စဉ်ကြောင့် ဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်အမျိုးမျိုးတို့ကို ကျန်းမာရေးအသိ၊ ကျန်းမာရေးသတိဖြင့် ဆင်ခြင်ခေနထိုင်ကြရန် အသိပေးအပ်ပါကြောင်း။ ။

ရေစူးကန့်သတ်ချက်လိုက်နာကြရန် ရေလမ်းသတိပေးနှိုးဆော်ချက်

၁။ ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်မှ ၂၀၂၇ ခုနှစ်၊ မေလ ၁၅ ရက်အထိကာလသည် ရေနည်းကာလဖြစ်သောကြောင့် ပြည်တွင်းရေလမ်းများတွင် ရေယာဉ်များ လုံခြုံချောမွေ့စွာ သွားလာနိုင်ရေးအတွက် ရေကြောင်းနယ်မြေအလိုက် ရေယာဉ်များ၏ ဝန်တင်ရေစူးကို ရေနည်းကာလအတွင်း အောက်ပါအတိုင်း ကန့်သတ်ထားပါသည်-

စဉ်	မြစ်အမည်	ရေကြောင်းနယ်မြေ		ရေစူးကန့်သတ်ချက်	
		မှ	ထိ	ပေ	လက်မ
၁။	ဧရာဝတီမြစ်	ဟသံဘတ	ပြည်	၅	၆
၂။		ပြည်	မန္တလေး	၅	၀
၃။		မန္တလေး	ကသာ	၄	၀
၄။		ကသာ	ဗန်းမော်	၃	၉
၅။		ဆင်ဘို	မြစ်ကြီးနား	၂	၆
၆။	ချင်းတွင်းမြစ်	ချင်းတွင်း၀	မုံရွာ	၃	၀
၇။		မုံရွာ	ကလေး၀	၃	၃
၈။		ကလေး၀	ဟုမ္မလင်း	၃	၀
၉။		ဟုမ္မလင်း	ခန္တီး	၂	၆

၂။ သို့ဖြစ်ပါ၍ ဖော်ပြပါ၀ါဝန်တင်ရေစူးကန့်သတ်ချက်ကို ရေယာဉ်များလိုက်နာကြရန်နှင့် သတ်မှတ်ရေလမ်းများအတိုင်း လိုက်နာခုတ်မောင်းကြရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရေလမ်းသတိပေးနှိုးဆော်ချက် ထုတ်ပြန်ထားပါသည်။

(၁၂-၁၁-၂၀၂၆)ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ဈောင်းဝယ်သည့်ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

	အမေရိကန်ဒေါ်လာ	တရုတ်ယွမ်	ထိုင်းဘတ်	အိန္ဒိယရူပီး
ငွေလဲလှယ်နှုန်း	၃၆၆၄.၁ ~ ၃၆၇၀	၅၅၇.၆ ~ ၅၅၈.၇	၁၂၅.၆ ~ ၁၂၅.၇	၄၃.၆
ဈေးကွက်အတွင်း ဈောင်း၀ယ်သည့် ပမာဏ	၁၄,၉၄၃,၈၃၁.၃၅	၂,၀၃၆,၂၁၉.၂၅	၁၆၁,၁၉၆,၀၇၇.၄၆	

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

၁၂ - ၁၁ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ဂ၁၀၀၀၀၀ ဖြစ်သည်။**

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၁၂ - ၁၁ - ၂၀၂၆

ကုမ္ပဏီအမည်	အဖွင့်ဈေး (ကျပ်)	အပိတ်ဈေး (ကျပ်)	ရှယ်ယာစောင်ရေ	ရှယ်ယာတန်ဖိုး (ကျပ်)
FMI	၂၂,၅၀၀	၂၃,၀၀၀	၁,၃၆၀	၃၀,၆၂၂,၅၀၀
MTSH	၈,၇၀၀	၈,၈၀၀	၂၆၉	၂,၃၆၀,၂၀၀
MCB	၁၃,၀၀၀	၁၃,၅၀၀	၃၅၀	၄,၆၂၅,၀၀၀
FPB	၆,၈၀၀	၆,၈၀၀	၃,၁၀၀	၂၁,၀၈၀,၀၀၀
TMH	၃,၄၀၀	၃,၄၀၀	၁၀	၃၄,၀၀၀
EFR	၁,၇၀၀	၁,၇၀၀	၁,၂၈၃	၂,၁၁၇,၁၀၀
AMATA	၄,၁၀၀	၄,၁၀၀	၅၀၀	၂,၀၅၀,၀၀၀
MAEX	၆,၄၀၀	၆,၄၀၀	၁၉,၂၀၁	၁၂၂,၈၆၆,၄၀၀
MADPL(PLB)	၆,၃၀၀	၆,၃၀၀	၄၀	၂၅၂,၀၀၀
ASPGB(PLB)	၅,၄၀၀	၅,၅၀၀	၉၆၅	၅,၂၃၃,၁၀၀

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ်	- ဝင်းနိုင်	အကြီးတန်း	- ခင်မိမိအောင်၊
စာတည်းမှူး	- အေဝမ်းစိုး	သတင်းထောက်များ	ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ့၊
စာတည်းများ	- စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဦ၊ နိုင်လင်းကြည်	အငယ်တန်း သတင်းထောက်များ	- အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ
ဘာသာပြန်	- အောင်ကျော်ကျော်၊ စိုးသူရ	သုတေသန	- ဇင်မာဝင့်
		စာပြင်	- ခင်နှင်းယုနှင့်အဖွဲ့
		စာမျက်နှာဖွဲ့စည်းပုံနှင့် ဒီဇိုင်း	- နီလာစိုးနှင်အဖွဲ့
		အီးမေးလ်နှင့် အွန်လိုင်း	- စိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com

https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅

ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂

မန္တလေးရုံး - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၇၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် တာဝန်ရှိသူများ ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Sihasak Phuangketkeow ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

★ ရှေ့ဖုံးမှ

ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Tor Saralamba၊ ထိုင်းနိုင်ငံခြားရေးဝန်ကြီး၏ အကြံပေးပုဂ္ဂိုလ် H.E. Mr. Kallayana Vipattipumiprates နှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာ-ထိုင်း နှစ်နိုင်ငံသည် အိမ်နီးချင်း မိတ်ဆွေကောင်း နိုင်ငံများဖြစ်သည်နှင့်အညီ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်း ဆောင်ရွက်မှုများ တိုးတက်ကောင်းမွန်လျက်ရှိမှု၊ မြန်မာနိုင်ငံတွင် ရွေးကောက်ခံ အစိုးရမှ နိုင်ငံတော်တာဝန်များကို ထမ်းဆောင်လျက်ရှိပြီး အာဆီယံနှင့်ပတ်သက်၍ အပြုသဘော ဆောင်ပြီး အကျိုးရှိသည့်ပူးပေါင်း ဆောင်ရွက်မှုများကို ဆက်လက် ထိန်းသိမ်းသွားမည် ဖြစ်ကာ အာဆီယံအဖွဲ့ဝင် တစ်နိုင်ငံချင်းစီနှင့် ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှုကို အခြေခံ၍ ပိုမိုထိတွေ့ပူးပေါင်း ဆောင်ရွက်သွားမည့် အခြေအနေများ၊ မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့အတွက် အရေးကြီးသည့် အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သကဲ့သို့ မြန်မာနိုင်ငံအတွက်လည်း အာဆီယံအဖွဲ့သည် အရေးကြီးသည့်အခြေအနေများ၊ မြန်မာနိုင်ငံ အစိုးရအနေဖြင့် မြန်မာ-ထိုင်း နှစ်နိုင်ငံနှင့် နိုင်ငံတကာရှိပြည်သူများ၏ လူမှုစီးပွားဘဝများကို ထိခိုက်ပျက်စီးစေလျက်ရှိသည့် အွန်လိုင်း လိမ်လည်လောင်းကစားမှုတိုက်ဖျက်ရေး လုပ်ငန်းများကို အမျိုးသားရေးတာဝန် တစ်ရပ်အနေဖြင့်ခံယူကာ အိမ်နီးချင်းနိုင်ငံများနှင့်ပါ ပူးပေါင်း၍ အရှိန်အဟုန်ဖြင့် ထိရောက်ပြတ်သားစွာ နှိမ်နင်းဆောင်ရွက်လျက်ရှိမှု၊ နှစ်နိုင်ငံနယ်စပ်ဒေသ တစ်လျှောက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ မြစ်ချောင်းများတစ်လျှောက် ရေကြီးရေလျှံမှုများမဖြစ်ပေါ်စေရေးနှင့် မြစ်ရေများ ညစ်ညမ်းမှုမရှိစေရေး ပူးပေါင်း ဆောင်ရွက်သွားမည့် အခြေအနေများ၊ နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးနှင့် နယ်စပ်ကုန်သွယ်မှုများ ပိုမိုတိုးတက်လာစေရေး ပူးပေါင်းဆောင်ရွက်မှုများ ဖြင့်တင် ဆောင်ရွက်သွားမည့် အခြေအနေများ၊ စွမ်းအင်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုဖြင့်တင်ဆောင်ရွက်သွားနိုင်မည့် အခြေအနေများ၊ မြန်မာနိုင်ငံ၏ ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ထိုင်းနိုင်ငံအနေဖြင့် ကူညီဆောင်ရွက်ပေးသွားမည့် အခြေအနေများ၊ ထိုင်းနိုင်ငံတွင် သွားရောက် အလုပ်လုပ်ကိုင်နေကြသည့် မြန်မာနိုင်ငံမှရွှေ့ပြောင်း အလုပ်သမားများနှင့် ပတ်သက်၍ လည်း ၎င်းတို့၏ဘေးကင်းလုံခြုံရေးနှင့် အလုပ်သမားအခွင့်အရေးများ အပြည့်အဝရရှိစေရေး၊ နှစ်နိုင်ငံဥပဒေများနှင့်အညီ အကာအကွယ်ပေးနိုင်ရေး နှစ်နိုင်ငံ အကြား ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများနှင့်ပတ်သက်၍ ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်သမ္မတနှင့် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးတို့သည် တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးများ အစားထိုးခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်အမှတ် ၈၈ / ၂၀၂၆
၁၃၈၈ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၃ ရက်
(၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက်)

လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးများ အစားထိုးခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၂)၊ ပုဒ်မခွဲ (ခ)၊ (ဂ)၊ (ဓ)၊ ပုဒ်မ ၂၆၄၊ ပုဒ်မခွဲ (ဂ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ (ဂ)၊ ပုဒ်မ ၈၂၊ ပုဒ်မခွဲ (ဂ) နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၂)၊ ပုဒ်မခွဲ (ခ)၊ (ဓ)၊ (ဆ)၊ ပုဒ်မ ၅၆၊ ပုဒ်မခွဲ (က) တို့အရ အောက်ပါ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးများအား ယှဉ်တွဲပါအတိုင်း အစားထိုးခန့်အပ်တာဝန်ပေးလိုက်သည်-

(၁) ကယားပြည်နယ်အစိုးရအဖွဲ့၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး
ဗိုလ်မှူးကြီးသန်းစိုးအောင် အစား ဗိုလ်မှူးကြီးနောင်လတ်
(၂) စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး
ဗိုလ်မှူးကြီးဝင်းတင်စိုး အစား ဗိုလ်မှူးကြီးမင်းသိန်း
(၃) မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး
ဗိုလ်မှူးကြီးမိုးမင်းသိန်း အစား ဗိုလ်မှူးကြီးနိုင်ဇင်ထွန်း
(၄) မွန်ပြည်နယ်အစိုးရအဖွဲ့၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး
ဗိုလ်မှူးကြီးကျော်စွာမြင့် အစား ဗိုလ်မှူးကြီးရဲထွဋ်
(၅) ရခိုင်ပြည်နယ်အစိုးရအဖွဲ့၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး
ဗိုလ်မှူးကြီးကျော်သူရ အစား ဗိုလ်မှူးကြီးဇော်လင်းထွန်း
(၆) ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး
ဗိုလ်မှူးကြီးဝင်းတင့် အစား ဗိုလ်မှူးကြီးကျော်ကျော်ဦး
(၇) ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး
ဗိုလ်မှူးကြီးစိန်ဝင်း အစား ဗိုလ်မှူးကြီးကျော်မျိုးမင်းလတ်

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

❖ YCTA အသင်းမှ

ဧနန်ဝါရီ ၁ ရက်မှစတင်ကာ စီအင်န်ဂျီ (CNG) ဝယ်ယူခွင့် ယာယီရပ်သိမ်းသွားမည်ဖြစ်ပြီး ဆောင်ရွက်ပြီးစီးမှသာ စီအင်န်ဂျီဝယ်ယူခွင့်ကို ပြန်လည်ခွင့်ပြုသွားမည်ဖြစ်ကြောင်း နိုဝင်ဘာ ၁၁ ရက် မွန်းလွဲပိုင်းက ရန်ကုန်မြို့ တာမွေမြို့နယ် ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေးကြီးကြပ်မှုကော်မတီ(YRTC)ရုံးချုပ်တွင် ပြုလုပ်သည့် မီဒီယာတွေ့ဆုံပွဲမှ သိရသည်။

လက်ရှိတွင် YCTA အသင်းသို့ ဝင်ရောက်မှတ်ပုံတင်ခြင်းနှင့် စီအင်န်ဂျီစတစ်ကာများ ကပ်ခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးသည့် စီအင်န်ဂျီတက္ကစီယာဉ်ပေါင်း ၅၀၀၀ ကျော်ခန့်ရှိပြီဖြစ်ပြီး ဝင်ရောက်ရန် ယာဉ်များစွာကျန်ရှိနေသေးကြောင်း သိရသည်။

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနသည် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အများပြည်သူသယ်ယူပို့ဆောင်ရေးကဏ္ဍ အဆင်ပြေချောမွေ့စေရန်နှင့် ပြည်သူများ ခရီးသွားလာရာတွင် သက်သာချောင်ချိမှုရှိစေရန် ရည်ရွယ်၍ စီအင်န်ဂျီယာဉ်များအတွက် မော်တော်ယာဉ်သုံးသဘာဝဓာတ်ငွေ့(CNG)ကို တစ်ကီလိုဂရမ်လျှင် ၂၇၃ ကျပ် ၂၅ ပြားဖြင့် ဈေးနှုန်းချိသာစွာ ဖြန့်ဖြူးရောင်းချပေးလျက်ရှိသည်။

စီအင်န်ဂျီအသုံးပြုတက္ကစီယာဉ်များအား နိုင်ငံတော်မှ သက်သာသည့်နှုန်းထားများဖြင့် စီအင်န်ဂျီရောင်းချပေးထားသဖြင့် အခြားစက်သုံးဆီအသုံးပြုတက္ကစီယာဉ်များနည်းတူ ယာဉ်စီးခတောင်းခံမှု မရှိစေရေး ထိန်းချုပ်ဆောင်ရွက်နိုင်ရန်အတွက် စီအင်န်ဂျီအသုံးပြု တက္ကစီယာဉ်များအဖြစ် ကွဲပြားစွာသိရှိနိုင်စေရေး MOGE နှင့် YCTA တို့ပူးပေါင်း၍ CNG Taxi ယာဉ်များ၏ ရှေ့လေကာမှန်နှင့် နောက်လေကာမှန်တို့တွင် CNG Taxi စာသားပါ အဝါရောင် စတစ်ကာများ တပ်ဆင်ခြင်းကို ဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီးပုဂ္ဂလိကသယ်ယူပို့ဆောင်ရေးကြီးကြပ်မှုကော်မတီ(YRTC) စင်းလုံးငှာ ဌာန၏ နိုဝင်ဘာ ၉ ရက်အထိ မှတ်ပုံတင်စာရင်းအရ စီအင်န်ဂျီအသုံးပြုတက္ကစီ ၁၇၉၇၅ စီး၊ အောက်တိန်းအသုံးပြုတက္ကစီ ၃၃၁၆ စီး၊ ဒီဇယ်အသုံးပြုတက္ကစီ ၂၀၁၀ စီး၊ EV တက္ကစီ ၁၅၂၀ စုစုပေါင်း တက္ကစီအစီးရေ ၅၅၅၆၄ စီးရှိကြောင်း မိဒီယာတွေ့ဆုံပွဲမှ သိရသည်။

ကိုထက်



ဧရာဝတီတိုင်းဒေသကြီး ဧလွန်မြို့နယ်၌ အယ်လ်နီညိုဖြစ်စဉ်ကြောင့် အပူချိန်မြင့်မားပြီး မီးလောင်မှု၊ မီးလန့်မှုများ မဖြစ်ပေါ်စေရေးအတွက် လမ်းမတော်မြောက်ရပ်ကွက် ရွှေဂျိုင်းဖြူစက်သုံးဆီအရောင်းဆိုင်အား မြို့နယ်မီးသတ်ဦးစီးမှူး ဦးရန်လင်းထွဋ် စီမံမှုဖြင့် လက်ထောက်မီးသတ်ဦးစီးမှူး ဦးဥက္ကာအောင် ဦးဆောင်ကာ နိုဝင်ဘာ ၁၁ ရက် နံနက်ပိုင်းက စစ်ဆေးဆောင်ရွက်စဉ်။ မင်းထက်သာ

မိုးခေါင်ရေရှား ရင်ဆိုင်ငြားက ရေချိုစုဆောင်း နောင်ရေးကောင်း၏ ။

နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့

တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒသမနေ့ ကျင်းပ

ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)မှ ပြင်ဆင်/ဖြည့်စွက်သင့်သည့်အချက် ၄၃ ချက်နှင့် ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း(၁) (၂) (၃)ပါအချက်များနှင့်စပ်လျဉ်း၍ လေ့လာသုံးသပ်ရေးနှင့် ဥပဒေမူကြမ်းပြုစုရေးပူးပေါင်းကော်မတီဖွဲ့စည်း

နေပြည်တော် နိုဝင်ဘာ ၁၂

တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒသမနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော် အဆောက်အအုံ ပြည်ထောင်စုလွှတ်တော်အစည်း အဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုလွှတ်တော် နာယက ဦးအောင်လင်းဌေး၊ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးခင်ဧရီ၊ ပြည်ထောင်စုလွှတ်တော်ဒုတိယ နာယက Jeng Phang နော်တောင်၊ ပြည်သူ့ လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ ဒုတိယ ဝန်ကြီးများနှင့် ပြည်ထောင်စုလွှတ်တော်ကိုယ်စား လှယ်များ တက်ရောက်ကြသည်။ **(ယာဝုံ)**



အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော် နာယက ဦးအောင်လင်းဌေးက တတိယအကြိမ် ပြည်ထောင်စုလွှတ်တော်တတိယပုံမှန်အစည်းအဝေး ဒသမနေ့သို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၅၆၀ ရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၅၄၅ ဦး တက်ရောက်သဖြင့် ၉၇ ဒသမ ၃၂ ရာခိုင်နှုန်းရှိသည့်အတွက် အစည်း အဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပ ကြောင်းကြေညာပြီး အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်၏အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်ဒုတိယ နာယက Jeng Phang နော်တောင်က **ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)မှ ပြင်ဆင်/ဖြည့်စွက်သင့်သည့်အချက် ၄၃ ချက်နှင့် ပြည်ထောင်စုသဘောတူစာချုပ်(Union Accord) အစိတ်အပိုင်း (၁) (၂)(၃)ပါအချက်များနှင့် စပ်လျဉ်း၍ လေ့လာသုံးသပ်ရေးနှင့် ဥပဒေမူကြမ်းပြုစု ရေးပူးပေါင်းကော်မတီဖွဲ့စည်းခြင်းကို** ပြည်ထောင်စု လွှတ်တော်သို့ ရှင်းလင်းတင်ပြရာတွင် ၂၀၂၆ ခုနှစ် နိုဝင်ဘာ ၅ ရက်က ကျင်းပခဲ့သည့် တတိယအကြိမ် ပြည်ထောင်စုလွှတ်တော်တတိယပုံမှန်အစည်းအဝေး နဝမနေ့တွင် ပဲခူးတိုင်းဒေသကြီး ကိုယ်စားလှယ် အမှတ်(၇) ဦးဇင်မင်းထက် တင်သွင်းခဲ့သည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ(၂၀၀၈ ခုနှစ်)မှ ပြင်ဆင်ဖြည့်စွက်သင့် သည့် အချက် ၄၃ ချက်နှင့် ပြည်ထောင်စုသဘောတူ စာချုပ်(Union Accord) အစိတ်အပိုင်း ၁၊ ၂၊ ၃ ပါ အချက်များနှင့်စပ်လျဉ်း၍ လေ့လာသုံးသပ်ရေးနှင့် ဥပဒေမူကြမ်းပြုစုရေး ပူးပေါင်းကော်မတီတစ်ရပ် ဖွဲ့စည်းရေးအဆိုကို ယင်းနေ့မှာ ပြည်ထောင်စု လွှတ်တော်က အတည်ပြုခဲ့ပြီးဖြစ်ကြောင်း။

ထို့ကြောင့် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၇ (ခ)နှင့် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၃၅ တို့အရ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)မှ ပြင်ဆင်ဖြည့်စွက်သင့်သည့်အချက် ၄၃ ချက်နှင့် ပြည်ထောင်စုသဘောတူစာချုပ်(Union Accord) အစိတ်အပိုင်း ၁၊ ၂၊ ၃ ပါ အချက်များနှင့် စပ်လျဉ်း၍ လေ့လာသုံးသပ်ရေးနှင့် ဥပဒေမူကြမ်းပြုစု ရေး ပူးပေါင်းကော်မတီတစ်ရပ်ကို သင့်လျော်သည့် ပြည်ထောင်စု လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖွဲ့စည်းခြင်း၊ ဦးတည်ချက်၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ လုပ်ထုံးလုပ်နည်း၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့မှာ သတ်မှတ်ပြီး ပြည်ထောင်စုလွှတ်တော်၏ အတည်ပြု ချက်နှင့် ဖွဲ့စည်းတာဝန်ပေးအပ်နိုင်ရန်အတွက် ရှင်းလင်းတင်ပြသွားမည်ဖြစ်ကြောင်း။

ပူးပေါင်းကော်မတီကို ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်၃၈ဦး၊အမျိုးသားလွှတ်တော်ကိုယ်စား လှယ် ၃၈ ဦးနှင့် တပ်မတော်သားလွှတ်တော်ကိုယ် စားလှယ် ၁၄ ဦး စုစုပေါင်း ၉၀ ဦးဖြင့် ပါဝင်ဖွဲ့စည်း မည်ဖြစ်ပြီး ပူးပေါင်းကော်မတီ၏ဥက္ကဋ္ဌအဖြစ် ပဲခူး တိုင်းဒေသကြီး ကိုယ်စားလှယ်အမှတ်(၁၀) ဦးလှသိန်း ကိုလည်းကောင်း၊ ဒုတိယဥက္ကဋ္ဌအဖြစ် ဧရာဝတီတိုင်း ဒေသကြီးကိုယ်စားလှယ် အမှတ် (၂) ဒေါ်နွယ်နွယ်ဦး ကိုလည်းကောင်း၊ အတွင်းရေးမှူးအဖြစ် ပဲခူးတိုင်း ဒေသကြီးကိုယ်စားလှယ် အမှတ်(၇) ဦးဇင်မင်းထက် ကိုလည်းကောင်း၊ တွဲဖက်အတွင်းရေးမှူးအဖြစ် အမရပူရမဲဆန္ဒနယ်မှ ဦးသိန်းထွန်းဦးကိုလည်း ကောင်း တာဝန်ပေးအပ်သွားမည်ဖြစ်ကြောင်း၊ ကော်မတီဝင် ၈၆ ဦး၏ အမည်စာရင်းကို လွှတ်တော် ကိုယ်စားလှယ်များအားလုံးထံ ဖြန့်ဝေထားသည့် ဖွဲ့စည်းမိန့်မူကြမ်းတွင် ဖော်ပြထားပြီးဖြစ်ကြောင်း။

ပူးပေါင်းကော်မတီတစ်ရပ်ဖွဲ့စည်းခြင်း၊ ဦးတည် ချက်၊ တာဝန်များ၊ လုပ်ပိုင်ခွင့်များ၊ လုပ်ထုံးလုပ်နည်း များ၊ ရပိုင်ခွင့်များနှင့် သက်တမ်းတို့ကိုလည်း အပိုဒ် ၈ ပိုဒ်ဖြင့် ထည့်သွင်းဖော်ပြထားပါကြောင်း တင်ပြပြီး ဖွဲ့စည်းသွားမည့် ပူးပေါင်းကော်မတီ၏ ဦးတည်ချက် ၃ ရပ်ဖြစ်သည့် (က)ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံတော်၏ တည်တံ့ခိုင်မြဲမှု၊ တည်ငြိမ်အေးချမ်းမှု နှင့်ဖွံ့ဖြိုးတိုးတက်မှုတို့ကို ခေတ်စနစ်နှင့်လျော်ညီစွာ ပိုမိုတည်ဆောက်နိုင်သော ဖွဲ့စည်းပုံအခြေခံဥပဒေ ဖြစ်လာစေရေး၊ (ခ)တိုင်းရင်းသားမျိုးနွယ်စုများ အကြား ယုံကြည်မှုခိုင်မာသော အမျိုးသားစည်းလုံး ညီညွတ်မှုကို တည်ဆောက်နိုင်ခြင်းဖြင့် ထာဝရ ငြိမ်းချမ်းရေးကို ဖော်ဆောင်ရေး၊ (ဂ)နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ ဒီမိုကရေစီစနစ်ကို ပြုပြင်ပြောင်းလဲ ရေးလုပ်ငန်းစဉ်ကို အချိန်အဟုန်မပျက် ဆက်လက် ဆောင်ရွက်နိုင်ရေးတို့ ဖြစ်ကြောင်း။

ဆက်လက်ပြီး တာဝန် ၁၁ ရပ်ဖြစ်သည့် (က) ပူးပေါင်းကော်မတီသည် နိုင်ငံတော်၏သမိုင်း ကြောင်း၊ လက်ရှိဖြစ်ပေါ်နေသော နိုင်ငံတော်၏ နိုင်ငံ ရေး၊ စီးပွားရေး၊ လူမှုရေးအခြေအနေ၊ ပြည်သူတို့၏ နိုင်ငံရေးအသိ ရင့်ကျက်မှုအခြေအနေ၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုအခြေအနေ၊ တရားဥပဒေစိုးမိုး ရေးနှင့် တည်ငြိမ်အေးချမ်းရေးအခြေအနေတို့ပေါ် မူတည်၍ လေ့လာသုံးသပ်သွားရမည်၊ (ခ) အကျိုးမဖြစ် ထွန်းနိုင်သည့် အငြင်းပွားဖွယ်ရာဖြစ်နိုင်မည့် ပြဿနာ ချက်များထက် နိုင်ငံတော်အတွက် အကျိုးရှိပြီး ပြည်သူအများလိုလားသည့် အပြုသဘောဆောင် သည့် ပြဿနာချက်များကို ဦးစားပေးလေ့လာသုံးသပ် သွားရမည်၊ (ဂ)အုပ်ချုပ်ရေးယန္တရားအဆင့်ဆင့်သည် ဒီမိုကရေစီစနစ်နှင့် ပိုမိုကိုက်ညီလာစေရေးအတွက် လေ့လာသုံးသပ်တင်ပြသွားရမည်၊ (ဃ)ပြည်သူတို့၏ ယုံကြည်မှု၊ အားထားမှုကိုရရှိသော ဥပဒေနှင့်အညီ လွတ်လပ်စွာ တရားစီရင်ရေးစနစ် ဖြစ်ပေါ်လာစေ ရေးအတွက် လေ့လာသုံးသပ်တင်ပြရမည်၊ (င) ပူးပေါင်း ကော်မတီ၏လေ့လာတွေ့ရှိချက်နှင့် သဘောထား မှတ်ချက်အစီရင်ခံစာကို နာယကဏ္ဍ၏ခွင့်ပြုချက်နှင့် အတူ လွှတ်တော်သို့တင်သွင်းရမည်၊ (စ)ပူးပေါင်း ကော်မတီ၏အစီရင်ခံစာကိုပြည်ထောင်စုလွှတ်တော် အစည်းအဝေး ကျင်းပချိန်မဟုတ်လျှင်လည်း ပြည်ထောင်စုလွှတ်တော်နာယကထံသို့ တင်ပြရမည်၊ (ဆ)ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)မှ ပြင်ဆင် ဖြည့်စွက်သင့်သည့် အချက် ၄၃ ချက်ကို အခြေခံ၍ ဥပဒေမူကြမ်းပြုစုရန်နှင့် ပြည်ထောင်စုသဘောတူ စာချုပ်(Union Accord) အစိတ်အပိုင်း ၁၊ ၂၊ ၃ တို့ကို လေ့လာဆန်းစစ်၍ သက်ဆိုင်သည့် ကိစ္စများကိုလည်း တစ်ပေါင်းတည်း ထည့်သွင်းစဉ်းစားရမည်၊ (ဇ) ဥပဒေမူကြမ်းပြုစုတင်ပြရာတွင် ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၄၃၆ ပုဒ်မခွဲ(က)ပါ ပုဒ်မ၊ ပုဒ်မခွဲများနှင့် ပုဒ်မ ၄၃၆ ပုဒ်မခွဲ(ခ)ပါ ပုဒ်မ၊ ပုဒ်မခွဲများအတွက် ပြင်ဆင်လိုသည့် ဥပဒေကြမ်းကို သီးခြားစီရေးသား၍ တစ်ပေါင်းတည်းတင်ပြရမည်၊ (ဈ) ဖွဲ့စည်းပုံအခြေခံ ဥပဒေ (၂၀၀၈ ခုနှစ်)မှ ပြင်ဆင်ဖြည့်စွက်မှုနှင့် စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၃၃၊ ပုဒ်မ ၄၃၄၊ ပုဒ်မ ၄၃၅ နှင့် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၆၆ တို့နှင့်အညီ ဥပဒေမူကြမ်း ပြုစု တင်သွင်းနိုင်ရန် ဆောင်ရွက်ရမည်၊ (ည)ပူးပေါင်း ကော်မတီ၏ လေ့လာသုံးသပ်ချက်များ၊ တင်ပြချက် များကို ပြည်ထောင်စုလွှတ်တော်သို့ မတင်ပြမီအချိန် ထိ ပေါက်ကြားခြင်းမရှိစေရန် လျှို့ဝှက်အဆင့် သတ်မှတ်ထိန်းသိမ်းရမည်၊ ကော်မတီအစည်းအဝေး မှတ်တမ်းတွင် ဆွေးနွေးချက်အားလုံးအသေး စိတ်မှတ်တမ်းတင်၍ ကော်မတီက အတည်ပြုထားရ မည်၊ ယင်းအစည်းအဝေးမှတ်တမ်းများကို ဖြန့်ဝေ ခြင်းမပြုရ၊ (ဋ)ပူးပေါင်းကော်မတီ သက်တမ်းကုန်ဆုံး ပါက ဆွေးနွေးချက်၊ သုံးသပ်ချက်၊ တင်ပြချက်၊ ဆုံးဖြတ်ချက်နှင့် အစီရင်ခံစာများ၊ စာရွက်စာတမ်း အထောက်အထား မှတ်တမ်းများအားလုံးကို ပြည်ထောင်စုလွှတ်တော်သို့ စနစ်တကျ လွှဲပြောင်း အပ်နှံရမည်၊ လုပ်ပိုင်ခွင့် ၆ ရပ်၊ လုပ်ထုံးလုပ်နည်း ၃ ရပ်၊ ရပိုင်ခွင့် ၃ ရပ်တို့ကို ကိုယ်စားလှယ်တော်ကြီး များထံ ဖြန့်ဝေထားသည့် ဖွဲ့စည်းမိန့်မူကြမ်းမှာ အသေးစိတ်ဖော်ပြပါရှိပြီးဖြစ်ကြောင်းနှင့် ပူးပေါင်း ကော်မတီ၏သက်တမ်းမှာ စတင်ဖွဲ့စည်းသည့်အချိန်မှ ပြည်ထောင်စုလွှတ်တော်သို့ အစီရင်ခံစာတင်သွင်းပြီး သည့်အချိန်ထိဖြစ်ကြောင်း ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက က ဒုတိယနာယက ရှင်းလင်းတင်ပြသွားသည့် လေ့လာသုံးသပ်ရေးနှင့် ဥပဒေကြမ်းပြုစုရေးပူးပေါင်း ကော်မတီ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်းကို လွှတ်တော် ၏ သဘောထားရယူရာ ကန့်ကွက်သူမရှိသဖြင့် လွှတ်တော်က သဘောတူအတည်ပြုကြောင်း ကြေညာသည်။

ဆက်လက်၍ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲ ရေးဥပဒေကြမ်း၏မူနှင့် အခြေခံသဘောများအပါ အဝင် ရငွေသုံးငွေများနှင့် ဥပဒေအကြောင်းအရာ များနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

မလှိုင်မဲဆန္ဒနယ်မှ ဦးအောင်ကျော်သူက ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်း သည် နိုင်ငံတော်၏မူလခွင့်ပြုထားသော ရန်ပုံငွေဖြင့် မလုံလောက်သည့်လုပ်ငန်းများ၊ မဖြစ်မနေကျခံပေး ရမည့် အသုံးစရိတ်များနှင့် ထပ်မံအကောင်အထည် ဖော်ရန် လိုအပ်လာသော စီမံကိန်းလုပ်ငန်းများ အတွက် ဘဏ္ဍာငွေထပ်မံခွဲဝေခွင့်ပြုရန် ရည်ရွယ် သည့် ဥပဒေကြမ်းတစ်ခုဖြစ်ကြောင်း၊ ဘဏ္ဍာငွေ တိုးမြှင့်သုံးစွဲမှုကို ထုတ်လုပ်မှု၊ တိုးတက်မှုနှင့် မချိတ် ဆက်နိုင်ပါက စျေးနှုန်းများအပေါ် ဖိအားဖြစ်စေနိုင်ပြီး ပြည်တွင်းထုတ်လုပ်မှုမတိုးတက်ဘဲ ငွေကြေး လည်ပတ်မှုသာတိုးလာပါက ငွေကြေးဖောင်းပွမှု ဖြစ်ပေါ်လာနိုင်သည်ကို သတိထားစောင့်ကြည့်ရန် လိုအပ်ကြောင်း၊ မူလခွင့်ပြုငွေအသုံးပြုမှု ရာခိုင်နှုန်း၊ လက်ကျန်အခြေအနေနှင့် စီမံကိန်းအကောင်အထည် ဖော်ပြီးစီးမှုတို့အား နှိုင်းယှဉ်ကြည့်ရှုရန် လိုအပ် ကြောင်း၊ ဘဏ္ဍာငွေဖြုန်းတီးမှုမဖြစ်စေရေးနှင့် ယခု လက်ရှိကာလမှ ဘဏ္ဍာနှစ်ကုန်အထိ တိုတောင်းလှ သော လက်ကျန်ကာလတွင် အမှန်တကယ်အကောင် အထည်ဖော်ပြီးစီးရန်အရေးကြီးခြင်း၊ ပြည်တွင်း/ ပြည်ပကြွေးမြီ သက်ရောက်မှု၊ နိုင်ငံတော်နှင့် ပြည်သူ အတွက် ပြန်လည်ရရှိနိုင်မည့် ရန်ပုံငွေအောင်မြင်မှု တို့ကို တိုင်းတာစစ်ဆေးနိုင်မည့်စနစ် စီမံထားရှိရန် လိုအပ်ပါကြောင်း။

မူလခွင့်ပြုချက်ပါ သုံးငွေ၏ ၁၀ ရာခိုင်နှုန်းနှင့် အထက် ကျော်လွန်၍ ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံ လာသည့် ဝန်ကြီးဌာန(၁၂)ခုနှင့် နိုင်ငံတော်ပိုင်စီးပွား ရေးအဖွဲ့အစည်းများအနေဖြင့် ဘဏ္ဍာရေးစည်းမျဉ်းပါ လိုငွေနှင့် GDP အချိုး၅ရာခိုင်နှုန်းအတွင်းသာရှိစေရေး၊ အသုံးစရိတ်များ လျော့ချဆောင်ရွက်ရန် လိုအပ်ပြီး နိုင်ငံ့စီးပွားဖြင့်တင်စရေးနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက် စေရေး၊ စိုက်ပျိုး/မွေးမြူရေးကဏ္ဍ၊ လမ်းပန်း ဆက်သွယ်ရေး၊ လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍ၊ လူ့စွမ်း အားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် MSME ကဏ္ဍများတွင် ပိုမိုအကျိုးရှိစေရန် အလေးထား ဆောင်ရွက်သင့်ပါကြောင်း အကြံပြုဆွေးနွေးသည်။

တနင်္သာရီတိုင်းဒေသကြီးကိုယ်စားလှယ် အမှတ် (၁၀) ဦးသန်းအေး(ခ)ဦးတင်ဦးက ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်၏ ပြည်ထောင်စု၏ ဖြည့်စွက်ငွေအပါ အဝင် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေ သုံးစွဲရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ သုံးသပ်အကြံ ပြုလိုသည်မှာ နိုင်ငံပိုင်စီးပွားရေး အဖွဲ့အစည်းများ နှစ်စဉ်လိုငွေပြည့်ဝရေး ရန်ပုံငွေရေးဆွဲနေခြင်းသည် လုံးဝမဖြစ်သင့်ကြောင်း၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ် ပါတီခေတ်က ပျက်သုဉ်းနိုင်ုံးချုပ်စေခဲ့သည့် စီးပွား ရေးလုပ်ငန်းတွင် နိုင်ငံတော်က အရှုံးခံခြင်းကို ကောင်းစွာသင်ခန်းစာယူ၍ ငွေစာရင်းပူးပေါင်း ကော်မတီ၏အကြံပြုချက် နည်းလမ်းများအတိုင်း ဆယ်မကုစားသွားရမည်ဖြစ်ပါကြောင်း။

အခွန်ရငွေများသည် မူလခန့်မှန်းခြေထက်ပိုမို ရရှိခြင်းအပေါ် ကြိုဆိုပါကြောင်း၊ သို့ရာတွင် အခွန် စက်ဝန်းမှ ကင်းလွတ်နေသော နယ်ပယ်များစွာရှိနေ သေးရာ အခွန်နှုန်းထားမတိုးဘဲ အခွန်နယ်ပယ်တိုးချဲ့ ခြင်း၊ သတ်မှတ်ကောက်ခံနှုန်းနှင့် အမှန်မြေပြင် ကောက်ခံနှုန်း ကွာခြားမှုမများအောင် ကြပ်မတ် ဆောင်ရွက်ခြင်း၊ တိုက်တာမြေယာစသည့် အခြေခံ ပစ္စည်းများ ပိုင်ဆိုင်မှုအပေါ် အခွန်ကောက်ခံသည့် ဥပဒေကဲ့သို့ အခွန်ဥပဒေများရေးဆွဲ ပြဋ္ဌာန်းဆောင် ရွက်ခြင်းတို့ဖြင့် နိုင်ငံတော်ဘဏ္ဍာအခွန်ငွေများ တိုးမြှင့် ရနိုင်ခြေကောင်းစွာရှိကြောင်း အကြံပြုလိုပါကြောင်း ထောက်ခံဆွေးနွေးသည်။

မွန်ပြည်နယ် ကိုယ်စားလှယ်အမှတ်(၁၂) ဒေါ်စိုးစိုးမြင့်က ဖြည့်စွက်ခွင့်ပြုသုံးငွေပမာဏ ငွေကျပ် ၇၄၆၈ ဒသမ ၇၀၂ ဘီလီယံသည် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်မှစ၍ ၅ နှစ်အတွင်း ပမာဏ အများဆုံးဖြစ်ကြောင်း၊ ဖြည့်စွက်ခွင့်ပြုငွေ အမှန် တကယ်သုံးစွဲနိုင်သည့် အချိန်ကာလသည် (၄) လခန့် သာကျန်ရှိသဖြင့် ဖြည့်စွက်ခွင့်ပြုငွေတောင်းခံထား သည့် ဝန်ကြီးဌာန၊ အဖွဲ့အစည်းများအနေဖြင့် တည်ဆဲဘဏ္ဍာရေးစည်းမျဉ်းများနှင့်အညီ စနစ်တကျ စီမံခန့်ခွဲသုံးစွဲနိုင်ရေးသည် ကြီးမားသည့် ကန့်သတ် ချက်တစ်ရပ်ဖြစ်သည်ဟု ပြည်သူ့ငွေစာရင်းပူးပေါင်း ကော်မတီ၏ သုံးသပ်ချက်ကို တွေ့ရှိရပါကြောင်း။

စာမျက်နှာ ၅ သို့ *

✧ ကျောပုံးမှ

အစည်းအဝေးသို့ ဦးဆောင်ကော်မတီ ဒုတိယဥက္ကဋ္ဌ အမျိုးသမီးရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ဇင်၊ ဦးဆောင်ကော်မတီဝင်များဖြစ်ကြသည့် ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင်၊ အမျိုးသမီးအသင်းအဖွဲ့အစည်းများမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ လုပ်ငန်းကော်မတီဥက္ကဋ္ဌများဖြစ်ကြသည့် ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယသမ္မတ ဒေါ်နန်းနီနီအေးက အဖွင့်အမှာစကား ပြောကြားရာတွင် ယနေ့အစည်းအဝေးသည် အမျိုးသမီးရေးရာဝန်ကြီးဌာန ဖွဲ့စည်းတည်ထောင်ပြီး ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွင်း ကျင်းပသည့် ပထမဆုံးဦးဆောင်ကော်မတီအစည်းအဝေးဖြစ်ပြီး အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နိုင်ငံတော်အဆင့်မဟာဗျူဟာစီမံကိန်းကို အားလုံးက ပိုင်းခံနှုံးပေါင်းအကောင်အထည်ဖော်နိုင်ရန်အတွက် အရေးပါသည့် အစပြုခြင်းတစ်ရပ်ဖြစ်ကြောင်း၊ ထို့ပြင် ဦးဆောင်ကော်မတီ၏ လုပ်ငန်းတာဝန်များ၊ လုပ်ငန်းကော်မတီအသီးသီး၏ ဆောင်ရွက်ရမည့် လုပ်ငန်းများ၊ ဦးစားပေးအစီအစဉ်များနှင့် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်မည့် နည်းလမ်းများကို ပွင့်ပွင့်လင်းလင်းဆွေးနွေးညှိနှိုင်းပြီး လက်တွေ့အကောင်အထည်ဖော်နိုင်မည့် ရှေ့လုပ်ငန်းစဉ်များ ချမှတ်သွားကြရန်ဖြစ်ကြောင်း။

အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နိုင်ငံတော်အဆင့်မဟာဗျူဟာစီမံကိန်းသည် အမျိုးသမီးများ၏ အခွင့်အရေး၊ အခွင့်အလမ်းနှင့် လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးတို့ကို ကဏ္ဍစုံမှ စနစ်တကျဖြင့်တင်စိုင်ရန် ရည်ရွယ်ထားသည့် အရေးပါသော မူဝါဒနှင့် လုပ်ငန်းလမ်းညွှန်တစ်ရပ်ဖြစ်ကြောင်း၊ ထို့ကြောင့် မဟာဗျူဟာစီမံကိန်းကို အကောင်အထည်ဖော်ရာတွင် အမျိုးသမီးများအတွက် တန်းတူအခွင့်အလမ်းရရှိရေး၊ ခွဲခြားဆက်ဆံမှုလျော့နည်းပပျောက်ရေး၊ ဘေးကင်းလုံခြုံရေး၊ အရည်အသွေးရှိသည့် ဝန်ဆောင်မှုများ လက်လှမ်းမီရေးနှင့် ဆုံးဖြတ်ချက်ချမှတ်သည့် လုပ်ငန်းစဉ်များတွင် ပါဝင်နိုင်ရေးတို့ကို အခြေခံပြီး ဆောင်ရွက်ကြရန် လိုကြောင်း။

ထို့ပြင် မဟာဗျူဟာစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အဓိကအချက်(၅)ချက်ကို အလေးထားဆောင်ရွက်စေလို ကြောင်း၊ ပထမအချက်အနေဖြင့် လုပ်ငန်းနယ်ပယ်(၁၂)ရပ်အတွက် တာဝန်ခံဌာနများနှင့် ပူးပေါင်းဆောင်ရွက်မည့် အဖွဲ့အစည်းများအကြား လုပ်ငန်းညှိနှိုင်းမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုအားကောင်း အောင်ဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ ဒုတိယအချက်အနေဖြင့် အမျိုးသမီးများ၏ လက်တွေ့လိုအပ်ချက်များကို အခြေခံပြီး ဖြို့ပြ၊ ကျေးလက်နှင့် ဒေသအလိုက် ဦးစားပေးလုပ်ငန်းများကို သတ်မှတ်ဆောင်ရွက်ကြရန် ဖြစ်ကြောင်း၊ တတိယအချက်အနေဖြင့် လုပ်ငန်းများအကောင်အထည်ဖော်ရာတွင် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်၊ နည်းပညာနှင့်ဘဏ္ဍာရေးဆိုင်ရာပံ့ပိုးမှုများကို ရလဒ်ရရှိရေးအပေါ် အခြေခံပြီး စနစ်တကျ ချိတ်ဆက်အသုံးချကြရန်ဖြစ်ကြောင်း၊ စတုတ္ထအချက်အနေဖြင့် အမျိုးသမီးများနှင့် မိန်းကလေးငယ်များကို မိမိတို့၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ကိုယ်တိုင်ပါဝင်ဆောင်ရွက်နိုင်သူများအဖြစ် အသိအမှတ်ပြုပြီး တက်ကြွစွာပါဝင်လာနိုင်ရေး အားပေးမြှင့်တင်ကြရန်ဖြစ်ကြောင်း၊ ပဉ္စမအချက်အနေဖြင့် လုပ်ငန်းဆောင်ရွက်မှုရလဒ်များကို ပုံမှန်စောင့်ကြည့်အကဲဖြတ်ပြီး တွေ့ရှိချက်များအပေါ်မူတည်ကာ လိုအပ်သည့် ပြင်ဆင်ဖြည့်စွက်မှုများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း။

ယနေ့ အစည်းအဝေးမှတစ်ဆင့် မဟာဗျူဟာစီမံကိန်း၏ ရည်မှန်းချက်များကို လက်တွေ့အကျိုးရလဒ်များအဖြစ်ပြောင်းလဲနိုင်ရေး၊ အမျိုးသမီးများနှင့် မိန်းကလေးငယ်များ၏ ဘဝအခွင့်အလမ်းများ ပိုမိုကျယ်ပြန့်လာရေးနှင့် ၎င်းတို့၏ အသိပညာ၊ အတတ်ပညာနှင့် စွမ်းဆောင်ရည်များကို အပြည့်အဝဖော်ထုတ်အသုံးချနိုင်ရေးတို့အတွက် သက်ဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် မိမိတို့၏ အခန်းကဏ္ဍအလိုက် တာဝန်ယူမှု၊ တာဝန်ခံမှုရှိရှိဖြင့် ပိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

ထို့နောက် ဦးဆောင်ကော်မတီဒုတိယဥက္ကဋ္ဌ အမျိုးသမီးရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၂၁ ရက်တွင်ပြုလုပ်ခဲ့သည့် အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နိုင်ငံတော်အဆင့်မဟာဗျူဟာစီမံကိန်း–NSPAW (၂၀၂၃–၂၀၃၂) အကောင်အထည်ဖော်ဆောင်ရွက်မှု သုံးသပ်ခြင်းအစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အစည်းအဝေးတက်ရောက်လာကြသူများက ဘဏ္ဍာရေးနှစ်များအလိုက် လုပ်ငန်းနယ်ပယ်(၁၂)ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာတွင် တွေ့ကြုံရသည့် စိန်ခေါ်မှု၊ အားသာချက်၊ အားနည်းချက်နှင့် အကြံပြုချက်များ၊ နိုင်ငံတော်၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် အမျိုးသမီးများ၏အခန်းကဏ္ဍကို မြှင့်တင်ရန်နှင့် အမျိုးသမီးများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအမံများကို သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြပြီး ဦးဆောင်ကော်မတီအတွင်းရေးမှူး အမျိုးသမီးရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာနေသွယ်ကြည်က ဦးဆောင်ကော်မတီအစည်းအဝေးဆုံးဖြတ်ချက်များကို တင်ပြသည်။

ဆက်လက်၍ ဦးဆောင်ကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတက ရှင်းလင်းတင်ပြချက်များအပေါ် ဖြည့်စွက်ဆွေးနွေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေး၍ နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **သတင်းစဉ်**

✻ စာမျက်နှာ ၄ မှ

ဘဏ္ဍာနှစ်ကုန်ဆုံးမည့်အချိန်တွင် ခွင့်ပြုထားသောငွေများကို မသုံးစွဲနိုင်ပါက နောက်နှစ်တွင် ပြန်လည်တောင်းခံရန် အခက်အခဲရှိနိုင်သည့်အတွက် ထိုငွေကို အလျင်အမြန်သုံးစွဲရန် ဖိအားဖြစ်လာနိုင်ပါကြောင်း၊ လိုအပ်ချက်များကို အခြေခံသုံးစွဲခြင်းထက် ရန်ပုံငွေ ကုန်ဆုံးရေးကိုသာ ဦးစားပေးနိုင်ပါကြောင်း၊ ၄ လခန့်သာ ကျန်ရှိသည့်အချိန်သည် အလွန်တိုတောင်းသော ကာလဖြစ်သဖြင့် ဖြည့်စွက်ငွေခွင့်ပြုခြင်းသည် တစ်ဖက်တွင်လုပ်ငန်းများ ဆက်လက်ဆောင်ရွက်နိုင်ရန် အထောက်အကူဖြစ်စေသော်လည်း အခြားတစ်ဖက်တွင် ခွင့်ပြုထားသည့် ဘဏ္ဍာငွေများကို အရည်အသွေးပြည့်မီ၊ ထိရောက်၊ အကျိုးရှိစွာသုံးစွဲနိုင်မည်ဆိုသည့်အချက်မှာ စဉ်းစားစရာဖြစ်စေပါကြောင်း အကြံပြုဆွေးနွေးသည်။

ကြည့်မြင်တိုင်ဒေသန္တနယ်မှ ဦးခင်လွိုင်က ဝန်ကြီးဌာနများမှ တင်ပြလာသည့် ရသုံးမှန်းခြေစာရင်းအများစုသည် ရငွေကိုတိုးပွားအောင် လုပ်ဆောင်သည်ထက် အသုံးစရိတ်ကို ပုံစံအစုံဖြင့် တင်ပြထားသည်ကို တွေ့ရပါကြောင်း၊ နိုင်ငံတော်၏ ပကတိစီးပွားရေးအခြေအနေကို သိလျက်နှင့် အချိန်အခါ၊ စောင့်ရမည့်လုပ်ငန်းများကို ရေးဆွဲတင်ပြခြင်း၊ အောက်ခြေအထိ စုံစမ်းစစ်ဆေးမှုအားနည်းခြင်း၊ အမှန်တကယ်လိုအပ်သည့် လုပ်ငန်းများကို ရေးဆွဲတင်ပြမှုမရှိခြင်း၊ မလိုအပ်သည့် တည်ဆောက်ပြုပြင်လုပ်ငန်းများကို ရေးဆွဲ၍ ရန်ပုံငွေတောင်းခံခြင်းများရှိနေ၍ တင်ပြလာသည့် ရသုံးမှန်းခြေစာရင်းများကို လွှတ်တော်ကိုယ်စားလှယ်များက မျက်မြင်ကွင်းဆင်း စစ်ဆေးလျှင် သိရှိလာပါလိမ့်မည်ဖြစ်ကြောင်း။

လွှတ်တော်ကိုယ်စားလှယ်များ ကြယ်ပွင့်ပြမေးခွန်းအဖြစ် သက်ဆိုင်ရာဝန်ကြီးဌာနများကို မေးမြန်းတောင်းဆိုခဲ့သည့် ပြိုကျ၊ ပျက်စီး၊ အန္တရာယ်ရှိ အခြေခံပညာစာသင်ကျောင်းများ၊ မြို့နယ်လဝကရုံးများ၊ မဖြစ်မနေပြုပြင်တည်ဆောက်ပေးရမည့် သမဝါယမမန့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနတို့က ဆောင်ရွက်ရမည့် လမ်းတံတားများကို ယခုဘဏ္ဍာရေးနှစ်တွင် အပြီးသတ်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် လျာထားဘတ်ဂျက်အနည်းဆုံးဖြစ်သည့် စစ်ဘေးရောင်ပြည်သူများ၏ ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ထိလွယ်ရှလွယ်သော အလုပ်သမားရေးရာကိစ္စများကို ဖြေရှင်းဆောင်ရွက်ပေးနေရသည့် အလုပ်သမားဝန်ကြီးဌာနတို့ကို ယခုတင်ပြသည့် ဖြည့်စွက်ခွင့်ပြုငွေပမာဏထက် ပိုမိုတိုးမြှင့်ပေးရန်လိုအပ်သည်ကို အကြံပြုလိုပါကြောင်း။

မိမိတင်ပြခဲ့သည့် ဝန်ကြီးဌာနများအတွက် မဖြစ်မနေ အရေးကြီးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် မူလဖြည့်စွက်တောင်းခံငွေထက် ပိုမိုတိုးမြှင့်ပေးနိုင်ရန်၊ လက်ရှိဥပဒေကြမ်းပါ ဖြည့်စွက်ခွင့်ပြုငွေကျပ် ၇၄၆၈ ဒသမ ၇၀၂ ဘီလီယံအတိုင်း မပြောင်းလဲဘဲ၊ ဖြည့်စွက်ခွင့်ပြုငွေပမာဏများသည် ဝန်ကြီးဌာန အသီးသီးမှ ပြန်လည်ဖြတ်တောက်၍ ပြည်ထောင်စုအစိုးရအဖွဲ့မှ ပြန်လည်စိစစ်ဆောင်ရွက်ပေးပါလျှင် ယခုတင်ပြသည့် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုစု၏ နောက်ထပ်ဘဏ္ဍာခွဲဝေသုံးစွဲရေး ဥပဒေကြမ်းကို သဘောတူညီချက်ပေးသင့်ပါကြောင်း အကြံပြုဆွေးနွေးသည်။

အဆိုပါ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်း၊ ငွေသားစာရင်းအရ စုစုပေါင်းလိုငွေမှာ ငွေကျပ် ၂၁၃ ဘီလီယံဖြစ်ပေါ်ခဲ့ပါကြောင်း၊ အဆိုပါ စုစုပေါင်းအသုံးစရိတ်တွင် နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများမှ နိုင်ငံတော်သို့ ပေးဆောင်ခဲ့သည့် ကုန်သွယ်လုပ်ငန်းခွန်၊ အထူးကုန်စည်ခွန်၊ ဝင်ငွေခွန်နှင့် နိုင်ငံတော်သို့ ထည့်ဝင်ငွေတို့ပါဝင်ကြောင်းနှင့် လက်ရှိတွင်လည်း သက်ဆိုင်ရာဝန်ကြီးဌာနများက နိုင်ငံပိုင်စက်ရုံအချို့ကို ပုဂ္ဂလိကသို့ ငှားရမ်းခြင်း၊ အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်း၊ အကျိုးတူပူးပေါင်းဆောင်ရွက်ရန် ဖိတ်ခေါ်ခြင်းများကို ဆောင်ရွက်လျက်ရှိပြီး အရှုံးဖြစ်ပေါ်မှုကို သက်သာစေရန်အတွက် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာနအောက်ရှိ မြန်မာ့မီးရထား၊ ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးနှင့် မြန်မာအမျိုးသားလေကြောင်းတို့မှာ ဘဏ္ဍာရေးအခြေအနေအရ အရှုံးဖြစ်ပေါ်နေသော်လည်း ပြည်သူများအတွက် လမ်းပန်းဆက်သွယ်ရေးနှင့် ပြည်သူ့ကုန်စည်များ စီးဆင်းမှုမှန်ကန်ရေးအတွက် အားထားရာဖြစ်သည့်အတွက် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းဖြစ်ပါကြောင်း၊ ၎င်းလုပ်ငန်းများအနေဖြင့် အရှုံးလျော့နည်း၍ လုပ်ငန်းစွမ်းဆောင်ရည်ကောင်းမွန်ရေးကိုသာ သက်ဆိုင်ရာ ဝန်ကြီးဌာနများက ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုနည်းတူစွာ အခွန်အခြေကို တိုးချဲ့ခြင်းကိုလည်းကောင်း၊ အခြေခံပစ္စည်းများအပေါ်မှ အခွန်ကောက်ခံခြင်းနှင့် စံနှုန်းမှန်ကန်ရေးကိုလည်းကောင်း ပြည်ထောင်စုလွှတ်တော်၏ ဆွေးနွေးလမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်လျက်ရှိပါကြောင်း။

အခွန်ရငွေများမှာ သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အမှန်စာရင်းများအရ နှစ်စဉ်မူလခန့်မှန်းခြေငွေစာရင်းထက်ပိုမိုရရှိခဲ့ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်သည့်အတွက် ရငွေရရှိမှုအပေါ်မူတည်၍ နိုင်ငံတော်စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသုံးစရိတ်များကို ကဏ္ဍအသီးသီးအလိုက် ခွဲဝေသုံးစွဲရခြင်း ဖြစ်ပါကြောင်း၊ အခွန်အကောက်ရငွေတိုးတက်မှုရရှိမှသာ နိုင်ငံတော်၏ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရမည့် ကဏ္ဍများတွင် ပိုမိုသုံးစွဲနိုင်မည်ဖြစ်ပါကြောင်း၊ ထိုသို့သုံးစွဲနိုင်မှသာ နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်မည်ဖြစ်ပါကြောင်း။

ဝန်ကြီးဌာနများ၏ ဖွဲ့စည်းမှုနှင့် သဘောတရားကို သေချာစွာလေ့လာရန် လိုအပ်ပါကြောင်း၊ ဝန်ကြီးဌာနများသည် စနစ်တကျဖွဲ့စည်းထားပြီး ဝန်ကြီးဌာနတစ်ခုချင်းစီ၏ SOP နှင့် Terms of Reference များ ရှိပြီးဖြစ်ပါကြောင်း၊ ထို့ပြင် ဝန်ကြီးဌာနတိုင်းသည် ရငွေရှာဖွေရသည့် ဌာနများမဟုတ်ပါကြောင်း၊ ရငွေပိုင်းတွင် အခွန်မှရငွေနှင့် အခွန်မဟုတ်သောရငွေဖြစ်ပါကြောင်း၊ အခွန်မှရငွေကို ကောက်ခံရသည့် ဝန်ကြီးဌာနများရှိပြီး အခွန်မဟုတ်သော ရငွေများကို သာဆောင်ရွက်ရသည့် ဝန်ကြီးဌာနများရှိပါကြောင်း၊ အသုံးစရိတ်ပိုင်းတွင် လစာနှင့် စရိတ်၊ ငွေလုံးငွေရင်း အသုံးစရိတ်ခွဲခြားထားပါကြောင်း၊ ဝန်ကြီးဌာနတိုင်းသည် စီမံကိန်းပါမသာလျှင် ဘတ်ဂျက်လျာထားခွင့်ရှိပါကြောင်း၊ ဘဏ္ဍာရေးလုပ်ငန်းများကို စိစစ်သည့် အခါတွင်လည်း မိမိတို့အနေဖြင့် ရှေ့သုံးနှစ် နောက်သုံးနှစ်ကို ပြန်လည်သုံးသပ်ထားသည့် ကာလလတ်ဘဏ္ဍာရေးမူဘောင်ကို ထုတ်ပြန်ထားပြီး ဝန်ကြီးဌာနများကို အဆိုပါမူဘောင်နှင့် ထိန်းချုပ်ထားပါကြောင်း။

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၏ စာရင်းအောက်တွင် ကြွေးမြီနှင့် ပြန်ဆပ်ငွေများ ထည့်သွင်းလျာထားရပါကြောင်း၊ လူ့အခွင့်အရေးကော်မရှင်၊ အဂတိလိုက်စားမှုကော်မရှင်တို့၏ ငွေလုံးငွေရင်း သာမန်အသုံးစရိတ်များ အားလုံးကိုလည်း ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနအောက်တွင် ထည့်သွင်းပြီး တောင်းခံပေးခြင်းဖြစ်ပါကြောင်း၊ သို့ဖြစ်၍ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၏ စာရင်းတွင် ငွေကျပ် ၂၀၃၃ ဘီလီယံပေါ်ပေါက်နေခြင်း ဖြစ်ပါကြောင်း၊ ယခုတင်ပြသည့် ဥပဒေကြမ်းကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ တင်သွင်းခြင်းဖြစ်သည့်အတွက် ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ရှင်းလင်းတင်ပြသည်။

ထို့အတူ အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟန်ဝင်းအောင်က အစီရင်ခံစာတွင်ပါရှိသည့် ဘဏ္ဍာရေးနှစ်ကုန်ဆုံးချိန်တွင် သတ်မှတ်ပမာဏရရှိရေး ကြိုးပမ်းအကောင်အထည်ဖော်သင့်ကြောင်း သဘောထားမှတ်ချက်နှင့် စပ်လျဉ်းပြီး ဘဏ္ဍာရေးနှစ်ကုန်ဆုံးချိန်တွင် အဆိုပါခန့်မှန်းချက်ပမာဏရရှိရေးကို သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များနှင့်ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

နိုင်ငံ့စီးပွားမြှင့်တင်ရေးနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးများ စိုက်ပျိုးမွေးမြူရေးကဏ္ဍ၊ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍ၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် MSME ကဏ္ဍများတွင်ပိုမိုအကျိုးရှိစေရန်အလေးထားဆောင်ရွက်သင့်ကြောင်း ဆွေးနွေးချက်နှင့်စပ်လျဉ်းပြီး နိုင်ငံတော်၏အသုံးစရိတ်မူဝါဒတွင် အဆိုပါကဏ္ဍများကို အဓိကဦးစားပေး ထည့်သွင်းဆောင်ရွက်ထားရှိပါကြောင်း၊ ဘဏ္ဍာနှစ် ကုန်ဆုံးရန် ၄ လခန့်သာကျန်ရှိသည့်အချိန်သည် စီမံကိန်းအသစ်များအတွက် အလွန်တိုတောင်းသော ကာလဖြစ်သဖြင့် ဖြည့်စွက်ခွင့်ပြုငွေများကို ထပ်မံခွင့်ပြုခြင်းသည် ဘဏ္ဍာငွေကို အချိန်မီထိရောက်စွာနှင့် အကျိုးရှိစွာ သုံးစွဲနိုင်မည်ဆိုသည့်အချက်နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ တင်ပြတောင်းခံသည့် ဌာနအသီးသီးမှ လုပ်ငန်းဆောင်ရွက်မည်ဖြစ်သော်၊ လုပ်ငန်းဆောင်ရွက်မည့် အစီအစဉ်၊ ဖြည့်စွက်ခွင့်ပြုကာလအတွင်း အမှန်တကယ်ဆောင်ရွက်နိုင်မည့် လုပ်ငန်းပမာဏနှင့် တာဝန်ယူမှုတို့ဖြင့် စိစစ်ဆောင်ရွက်ထားပြီးဖြစ်ပါကြောင်း ရှင်းလင်းဆွေးနွေးတင်ပြသည်။

ထို့နောက် အဆိုပါဥပဒေကြမ်း၏ ရငွေသုံးငွေများ၊ ဥပဒေအကြောင်းအရာများနှင့် စပ်လျဉ်း၍ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ အဆိုပြုချက်အပေါ်အခြေခံပြီး တစ်ပိုဒ်ချင်းစီအလိုက် အဆို တင်သွင်းပြီး လွှတ်တော်၏အတည်ပြုချက်ရယူသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာခွဲဝေသုံးစွဲရေး ဥပဒေကြမ်း တစ်ရပ်လုံးကို အတည်ပြုပေးရန် ပြည်ထောင်စုလွှတ်တော်သို့တင်သွင်းသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကက ဥပဒေခွင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ ကန့်ကွက်သူရှိသည့်အတွက် စက်ခလုတ်နှိပ် အသုံးပြု၍ ဆန္ဒမဲရယူရာ ထောက်ခံမဲ ၄၈၁ မဲ၊ ကန့်ကွက်မဲ ၁၉ မဲ၊ ကြားနေမဲ ၂၈ ရှိပြီး ထောက်ခံမဲများသည့်အတွက် ဥပဒေကြမ်းတစ်ရပ်လုံးကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေးဒသမနေ့ကို ရုပ်နားလိုက်ပြီး အစည်းအဝေး ၁၁ ရက်မြောက်နေ့ကို နိုဝင်ဘာ ၁၈ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းအဖွဲ့**

ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Sihasak Phuangketkeow ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် နိုဝင်ဘာ ၁၂

ကာကွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်သည် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Sihasak Phuangketkeow ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ရုံးအမှတ်(၂၄) ကာကွယ်ရေး ဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။



တွေ့ဆုံစဉ် ကာကွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်ကို ယခုကဲ့သို့နှစ်နိုင်ငံနယ်စပ်ကုန်သွယ်ရေးနှင့် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုအတွက် လာရောက်တွေ့ဆုံသည့်အပေါ် ကျေးဇူးတင်ရှိကြောင်း၊ နိုင်ငံတော်ဖွဲ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးကို ဦးတည်၍ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များအား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ကြိုတင်ကန့်သတ်ချက်များ မထားဘဲ တွေ့ဆုံဆွေးနွေးနိုင်ရေး ဖိတ်ခေါ် ဆွေးနွေးလျက်ရှိကြောင်း၊ နယ်စပ်ကုန်သွယ်ရေး လမ်းကြောင်းနှင့် ပတ်သက်ပြီး တရားဝင် လမ်းကြောင်းဖြင့်သာ နှစ်ဖက်ညှိနှိုင်းပြီး ဆောင်ရွက်လိုကြောင်း၊ အချို့တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များ၏ ရပ်တည်မှုသည် တရားဝင်ကုန်သွယ်မှုများအပေါ် အခွန်ကောက်ခံခြင်းနှင့် အွန်လိုင်းလိမ်လည်မှုများမှ ရရှိသည့် ဝင်ငွေများဖြင့် ရပ်တည်နေခြင်းဖြစ်သည့်အတွက် တရားဝင်ကုန်သွယ်မှုနှင့် အွန်လိုင်းလိမ်လည်မှုများ ပပျောက်စေရန် နှစ်နိုင်ငံ ပူးပေါင်းဖြေရှင်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အွန်လိုင်းလိမ်လည်မှုနှင့်ပတ်သက်ပြီး တရားဝင်နယ်စပ် ဖြတ်ကျော်လာသည့် ကိစ္စရပ်များကိုလည်း ထိုင်းနိုင်ငံအနေဖြင့် ပေါင်းစပ်ဖြေရှင်း ဆောင်ရွက် ပေးစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Sihasak Phuangketkeowက နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုကို အဆင့်မြှင့်တင်ရန်၊ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးနှင့် မြန်မာနိုင်ငံအတွင်း ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးမှုကိစ္စများအတွက် လာရောက်တွေ့ဆုံခြင်းဖြစ်ကြောင်း၊ နယ်စပ်ကုန်သွယ်ရေးကို တရားဝင် လမ်းကြောင်းဖြင့်သာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အနာဂတ်တွင် မြန်မာနိုင်ငံအား ငြိမ်းချမ်းပြီး ပို့မိုတိုးတက်သည့် နိုင်ငံတစ်နိုင်ငံအဖြစ် တွေ့မြင်လိုကြောင်း၊ အွန်လိုင်း လိမ်လည်မှုသည် တစ်ကမ္ဘာလုံး ရင်ဆိုင်နေရသည့် ကိစ္စဖြစ်သည့်အတွက် နှစ်နိုင်ငံ အကြား ပူးပေါင်းဆောင်ရွက်နိုင်မည့်နည်းလမ်းကို ရှာဖွေရမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် နှစ်ဖက်သိရှိလိုသည်များကို အပြန်အလှန် ရင်းရင်းနှီးနှီး အဖြေရှင်းဖလှယ် ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။

တွေ့ဆုံပွဲသို့ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှုညှိနှိုင်းရေး ကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်၊ စစ်ဦးစီးအရာရှိချုပ် (ကြည်း) ဒုတိယ ဗိုလ်ချုပ်ကြီး သန်းထိုက်၊ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်ဂျီးသန်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

မြန်မာ-ထိုင်း နိုင်ငံခြားရေးဝန်ကြီးများ နှစ်နိုင်ငံအစည်းအဝေး ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၁၂

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေသည် နေပြည်တော်၌ တရားဝင် ခရီးစဉ်ရောက်ရှိနေသည့် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Sihasak Phuangketkeow ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာနခွဲ လက်ခံတွေ့ဆုံသည်။



ထိုသို့တွေ့ဆုံစဉ် နိုင်ငံခြားရေးဝန်ကြီးများသည် နှစ်နိုင်ငံဆက်ဆံရေးတွင် တိုးတက်မှုများ ဖြစ်ထွန်းနေသည့်အပေါ် အဖြင်ချင်းဖလှယ်ခဲ့ကြပြီး မြန်မာနိုင်ငံ၏ ဖြစ်ပေါ်တိုးတက်မှုများ၊ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်၊ နယ်စပ်ဒေသတည်ငြိမ်ရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု၊ သဘာဝဓာတ်ငွေ့နှင့် စွမ်းအင်ကဏ္ဍ၊ နှစ်နိုင်ငံအကြား ဆက်သွယ်ချိတ်ဆက်မှုကဏ္ဍ၊ ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားများကိစ္စ အပါအဝင် နှစ်နိုင်ငံ အပြန်အလှန် အကျိုးဖြစ်ထွန်းစေမည့် ကိစ္စရပ်များနှင့် အာဆီယံတွင် နှစ်နိုင်ငံ နီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရေးတို့ကို ဆွေးနွေးကြသည်။

ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၏ဖြစ်ပေါ်တိုးတက်မှု အခြေအနေများနှင့်စပ်လျဉ်း၍ ကြားဖြတ်ရွေးကောက်ပွဲများ ကျင်းပသွားမည့် အခြေအနေ၊ ပညာရေးနှင့် ကျန်းမာရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်လာစေရန် ဆောင်ရွက်နေမှု၊ စွေးကွက်စီးပွားရေးစနစ် ဖော်ဆောင်နေမှုနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် NCA လမ်းကြောင်းအတိုင်း ကြိုးပမ်းဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားခဲ့ပြီး နှစ်နိုင်ငံ နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေး၊ ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားများအား အကာအကွယ်ပေးရေး အပါအဝင် ကဏ္ဍပေါင်းစုံတွင် နှစ်နိုင်ငံပူးပေါင်း ဆောင်ရွက်မှုများ ပို့မိုမြင့်တင်ရေးတို့ကို ဆွေးနွေးခဲ့ပြီး ထိုင်းနိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင်သာမက အာဆီယံတွင် မြန်မာနိုင်ငံ၏ မူလအခန်းကဏ္ဍ ပြန်လည်ရရှိရေး ပံ့ပိုးကူညီ ဆောင်ရွက်ပေးမှုများအတွက် ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးက မြန်မာနိုင်ငံအနေဖြင့် အာဆီယံနှင့် လူသားချင်းစာနာထောက်ထားမှု အကူအညီများ တိုးချဲ့ပေးအပ်နေမှု၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ဖော်ဆောင်နေမှုအပါအဝင် အပြုသဘောဆောင် တိုးတက်မှုများကို အသိအမှတ်ပြုခဲ့ပြီး ထိုင်းနိုင်ငံ အနေဖြင့် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးဖော်ဆောင်မှု လုပ်ငန်းစဉ်များတွင် ဆက်လက် ပံ့ပိုးမည်ဖြစ်ကြောင်း၊ နယ်စပ်ဒေသလုံခြုံရေးနှင့် တည်ငြိမ်ရေး၊ မြစ်ရေ ညစ်ညမ်းမှုအပါအဝင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကိစ္စများ၊ စွမ်းအင်ကဏ္ဍ အပါအဝင် ရင်းနှီးမြှုပ်နှံမှု၊ နယ်စပ်ဂိတ်များ ပြန်လည်ဖွင့်လှစ်ရေး၊ နယ်စပ်ကုန်သွယ်မှုမြှင့်တင်ရေး၊ သွင်းကုန်ဆိုင်ရာ ကိစ္စရပ်များနှင့် ဆက်သွယ်ချိတ်ဆက်မှုကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရေးတို့ကို အလေးထားဆွေးနွေးခဲ့သည်။

အစည်းအဝေးအပြီးတွင် ပြည်ထောင်စုဝန်ကြီးက ထိုင်းနိုင်ငံအစိုးရနှင့် ထိုင်းနိုင်ငံအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (TICA)မှ မြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနအတွက် လိုအပ်သည့် အစည်းအဝေးခန်းမသုံး ပရိဘောဂပစ္စည်းကိရိယာများကို ပေးအပ်သည့်အတွက် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးထံ ကျေးဇူးတင်ရှိကြောင်း မှတ်တမ်းလွှာအား ပေးအပ်သည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးဦးတင်မောင်ဆွေသည် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးH.E. Mr. Sihasak Phuangketkeow ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော် MGallery Hotel ၌ နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညနေပိုင်းတွင် နေပြည်တော်မှပြန်လည်ထွက်ခွာခဲ့ရာ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးကိုကိုကျော်နှင့် တာဝန်ရှိသူများက လိုက်ပါပို့ဆောင်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

မွန်ပြည်နယ် ပေါင်မြို့နယ် မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူများက မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ဇာတ်တိုက် လေ့ကျင့်ခြင်းကို နိုဝင်ဘာ ၁၂ ရက်က ကဒါရပ်ကွက် မင်္ဂလာစျေးၦ ဆောင်ရွက်စဉ်။

မွန်မလေး(ပြန်/ဆက်)



သဘာဝဘေးအန္တရာယ်၊ ရေကြောင်းဘေးအန္တရာယ် ကင်းရှင်းစေရေးအတွက် အသိပညာပေးဟောပြော

ပုသိမ် နိုဝင်ဘာ ၁၂

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ရေကြောင်းရဲတပ်ဖွဲ့စုရုံးတွင် တရားဝင်ကုန်ပစ္စည်းများ သယ်ဆောင်မှုမရှိစေရေး၊ ရှောဂုတိုက်ကိရိယာများဖြင့် ငါးဖမ်းခြင်းမရှိစေရေးနှင့် သဘာဝဘေးအန္တရာယ်၊ ရေကြောင်းဘေးအန္တရာယ် ကင်းရှင်းစေရေး အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းက ပြုလုပ်သည်။

ရေကြောင်းရဲတပ်ဖွဲ့စု (ပုသိမ်)မှ ယာယီရဲမှူး၊ ပုသိမ်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူး၊ ပုသိမ်မြို့နယ် ရေယာဉ်များစနစ်တကျ ပြေးဆွဲရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌတို့သည် ပုသိမ်မြို့ဆိပ်ကမ်းများမှ ငပုတော မြို့နယ်၊ မြောင်းမြမြို့နယ်တို့ရှိ ရပ်ကွက်/ကျေးရွာများသို့ ပြေးဆွဲလျက်ရှိသော ရေယာဉ်ပိုင်ရှင်များ၊ ဝန်မြစ်ကြောင်းအတွင်း ငါးဖမ်းကြသော စက်လေ့/ သမ္မန်ပိုင်ရှင်များအား တရားဝင် လူ/ လက်နက်/ မူးယစ်ဆေးဝါး/ ကုန်ပစ္စည်းများ သယ်ဆောင်မှုမရှိစေရေး၊



တရားဝင် ငါးဖိုင်းခွဲခြင်း၊ ရှောဂုတိုက်ကိရိယာများဖြင့် ငါးဖမ်းခြင်း မရှိစေရေးနှင့် သဘာဝဘေးအန္တရာယ်၊ ရေကြောင်းဘေးအန္တရာယ် ကင်းရှင်းစေရေး အသိပညာပေးဟောပြောပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။

ကိုကိုဇော်

မြန်မာနိုင်ငံနှင့် ဥရောပ-အာရှ စီးပွားရေးကော်မရှင်တို့အကြား ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ပူးတွဲလုပ်ငန်းအဖွဲ့ တတိယအကြိမ် အစည်းအဝေးကျင်းပ

နေပြည်တော် နိုဝင်ဘာ ၁၂

မြန်မာနိုင်ငံနှင့် ဥရောပ-အာရှ စီးပွားရေးကော်မရှင်တို့အကြား ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ပူးတွဲလုပ်ငန်းအဖွဲ့၏ တတိယအကြိမ် အစည်းအဝေးကို ပူးတွဲဥက္ကဋ္ဌများဖြစ်ကြသည့် အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုး နှင့် ဥရောပ-အာရှစီးပွားရေးကော်မရှင် ဘုတ်အဖွဲ့ဝင် မေခရီ (အကြီးစား) စီးပွားရေးနှင့် ပေါင်းစည်းရေး ဝန်ကြီး မစ္စတာ ဒါနီယာ အီမန်နာလီယက်ဗ်တို့ ဦးဆောင်၍ ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ Park Royal ဟိုတယ်၌ ကျင်းပသည်။



အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုးက မြန်မာနိုင်ငံနှင့် ဥရောပ-အာရှ စီးပွားရေးကော်မရှင်တို့အကြား ပူးပေါင်းဆောင်ရွက်မှုစာချုပ်လွှာအရ နှစ်ဖက်ဆောင်ရွက်လျက်ရှိသည့် ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးဆိုင်ရာ ပူးပေါင်း ဆောင်ရွက်မှုများ၏ တိုးတက်မှုအခြေအနေများ၊ အနာဂတ်ပူးပေါင်းဆောင်ရွက်မှုများ ခိုင်မာအားကောင်းလာစေရန် ဦးစားပေးနယ်ပယ်များ သတ်မှတ်ရေး၊ အပြန်အလှန်အကျိုးရှိစေမည့် အခွင့်အလမ်းများကို တိုးမြှင့်ဖော်ဆောင်ရေးနှင့် လက်တွေ့အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသည့် စိန်ခေါ်မှုများကို ပိုင်းဝန်းဆွေးနွေးအဖြေရှာရေး တို့နှင့်စပ်လျဉ်း၍ အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ပူးတွဲဥက္ကဋ္ဌဖြစ်သည့် မစ္စတာ ဒါနီယာ အီမန်နာလီယက်ဗ်က ၂၀၂၃ ခုနှစ်တွင် မြန်မာနိုင်ငံနှင့် ဥရောပ-အာရှ စီးပွားရေးကော်မရှင်တို့အကြား ပူးပေါင်းဆောင်ရွက်မှုစာချုပ်လွှာ လက်မှတ်ရေးထိုးခဲ့ပြီးနောက် နှစ်ဖက်ဆက်ဆံရေးနှင့် ကုန်သွယ်ရေး တိုးတက်လာမှုအခြေအနေများ၊ စက်မှု၊ စိုက်ပျိုးရေး၊ အီလက်ထရောနစ်ကူးသန်းရောင်းဝယ်ရေး၊ စွမ်းအင်၊ ဒီဂျစ်တယ်အသွင်ကူးပြောင်းရေးနှင့် ပို့ဆောင်ရေး ကဏ္ဍများတွင် နှစ်ဖက်ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ အာဆီယံနှင့် ဥရောပ-အာရှ စီးပွားရေးသမဂ္ဂတို့အကြား ထိတွေ့ဆက်ဆံမှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်သွားရေးနှင့် ပဂ္ဂလိကကဏ္ဍ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများ ခိုင်မာအားကောင်းလာစေရေးတို့နှင့်စပ်လျဉ်း၍ အဖွင့်အမှာစကားပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီး မစ္စတာ အီစ်ကန်ဒဲ အာဇီဧော့ဖ်နှင့် မြန်မာနိုင်ငံဆိုင်ရာ ဘယ်လာရုစ်သံအမတ်ကြီး မစ္စတာ အူလာဧမီယာ ဘာရာဗီကူတို့က အမှာစကားပြောကြားကြသည်။

ဆက်လက်၍ ပူးတွဲဥက္ကဋ္ဌများသည် ပထမအကြိမ်နှင့် ဒုတိယအကြိမ် ပူးတွဲလုပ်ငန်းအဖွဲ့ အစည်းအဝေးများ၏ သဘောတူညီချက်များအား အကောင်အထည်ဖော် ဆောင်ရွက်မှုအခြေအနေများ နှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြပြီး အစည်းအဝေးသို့ တက်ရောက်လာကြသည့် သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများနှင့် ဥရောပ-အာရှ စီးပွားရေးကော်မရှင်တို့မှ ကိုယ်စားလှယ်များက နှစ်ဖက်အကြား ကုန်သွယ်ရေးနှင့် စီးပွားရေး၊ စက်မှု၊ ပို့ဆောင်ရေးနှင့် ထောက်ပံ့ပို့ဆောင်ရေး၊ အကောက်ခွန်နှင့် စီးပွားရေးလုပ်ငန်း အစရှိသည့် နယ်ပယ် ၅ ခုတွင် ပူးပေါင်းဆောင်ရွက်မှု အလားအလာများကို အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

အဆိုပါအစည်းအဝေးသို့ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများမှ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ စီးပွားရေးလုပ်ငန်းရှင်များ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားသံရုံးနှင့် ဘယ်လာရုစ်သံရုံးတို့မှ တာဝန်ရှိသူများ၊ ဥရောပ-အာရှ စီးပွားရေးကော်မရှင်နှင့် ဥရောပ-အာရှ စီးပွားရေးသမဂ္ဂမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။ **သတင်းစဉ်**



ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး နေပြည်တော်သို့ ရောက်ရှိ

နေပြည်တော် နိုဝင်ဘာ ၁၂

မြန်မာနိုင်ငံသို့ တရားဝင်ခရီးစဉ်လာရောက်သည့် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Sihasak Phuangketkeow ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်သို့ အထူးလေယာဉ်ဖြင့် ဆိုက်ရောက်ခဲ့ရာ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနိုင်မင်းကျော်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ကြိုဆိုကြသည်။ **သတင်းစဉ်**

ဒုတိယဝန်ကြီး ဒေါက်တာတင်ထွန်း အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ ဌာနေကိုယ်စားလှယ် မစ္စတာ အားနော့ဒီဘော့ခ်အား လက်ခံတွေ့ဆုံ

နေပြည်တော် နိုဝင်ဘာ ၁၂

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ တင်ထွန်းသည် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ(ICRC)မှ ဌာနေကိုယ်စားလှယ် မစ္စတာ အားနော့ဒီဘော့ခ်နှင့်အဖွဲ့အား ယနေ့မွန်းလွဲပိုင်းတွင် ကျန်းမာရေးဝန်ကြီးဌာနခွဲ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ICRC မှ မြန်မာနိုင်ငံအတွင်း ဆောင်ရွက်လျက်ရှိသည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာလုပ်ငန်းများ၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် ICRC အဖွဲ့တို့အကြား ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ ICRC နှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ကိစ္စရပ်များနှင့် ရှေ့ဆက်လက်ပူးပေါင်းဆောင်ရွက်မည့် ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။ **သတင်းစဉ်**



ရေရှားမည့်ဘေး ရှောင်ရှားဖို့ ရေချိုအရင်းအမြစ်များကို ထိန်းသိမ်းစို့



မြန်မာနိုင်ငံ ကြက်ခြေနီအသင်းက နိပေါနိုင်ငံ ရေဘေးအတွက် အမေရိကန်ဒေါ်လာ ၅၀၀၀၀ ပေးအပ်လှူဒါန်း

ရန်ကုန် နိုဝင်ဘာ ၁၂

မြန်မာနိုင်ငံကြက်ခြေနီအသင်းက နိပေါနိုင်ငံတွင် ရေဘေးကြောင့် ထိခိုက်ခံစားရသူများအတွက် လူသားချင်းစာနာထောက်ထားမှု အကူအညီပေးသည့်အနေဖြင့် အလှူငွေပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းက အသင်းရုံးကုန်ရုံးခွဲ၌ ကျင်းပသည်။

လှူဒါန်းပွဲတွင် မြန်မာနိုင်ငံကြက်ခြေနီအသင်း ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာမျိုးညွှန့်က လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်း မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr. Sanjeev Kumar Kafley နှင့် မြန်မာနိုင်ငံဆိုင်ရာ နိပေါနိုင်ငံ သံအမတ်ကြီး Mr. Harishchandra Ghimire တို့က ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံကြက်ခြေနီအသင်း ဥက္ကဋ္ဌက နိပေါနိုင်ငံတွင် ရေဘေးကြောင့် ထိခိုက်ခံစားရသူများအတွက် မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ လှူဒါန်းသောအလှူငွေ အမေရိကန်ဒေါ်လာ ၅၀၀၀၀ ကို ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံဆိုင်ရာ နိပေါနိုင်ငံ သံအမတ်ကြီးက လက်ခံရယူခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့၌ ကျင်းပသည့် ပထမအကြိမ် ဘင်းမ်စတက်ကျန်းမာရေးဝန်ကြီးများအစည်းအဝေးသို့ တက်ရောက်

နေပြည်တော် နိုဝင်ဘာ ၁၂

၂၀၂၆ ခုနှစ် နိုဝင်ဘာလ ၁၁ ရက်တွင် သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့ Hilton Hotel ၌ ကျင်းပသည့် ပထမအကြိမ် ဘင်းမ်စတက် ကျန်းမာရေးဝန်ကြီးများ အစည်းအဝေးသို့ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဘင်းမ်စတက် အဖွဲ့ဝင်နိုင်ငံများဖြစ်သည့် သီရိလင်္ကာနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ဘူတန်နိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ နီပေါနိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ ကျန်းမာရေးဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများ၊ ဘင်းမ်စတက် အထွေထွေအတွင်းရေးမှူးချုပ်နှင့် အတွင်းရေးမှူးချုပ်ရုံးမှ တာဝန်ရှိသူများ၊ ကိုလံဘိုမြို့ရှိ ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများမှ သံအမတ်ကြီးများ၊ သံတမန်များ၊ ကိုယ်စားလှယ်များနှင့်အတူ ပါဝင်တက်ရောက်သည်။



အစည်းအဝေးဖွင့်ပွဲ အခမ်းအနားကို ရိုးရာဆီမီးထွန်းညှိ၍ စတင်ဖွင့်လှစ်ခဲ့ပြီး သီရိလင်္ကာနိုင်ငံ ကျန်းမာရေး၊ သတင်းနှင့် ပြန်ကြားရေးဝန်ကြီး H.E. ဒေါက်တာ နာလင်ဒါ ဂျာယာတိဆာနှင့် ဘင်းမ်စတက်အထွေထွေအတွင်းရေးမှူးချုပ်တို့က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားခဲ့ကြသည်။

ထို့နောက် အစည်းအဝေးကို ဆက်လက် ကျင်းပရာ ပြည်ထောင်စုဝန်ကြီးက ယခုအစည်းအဝေးသည် ဘင်းမ်စတက်ဒေသတွင်း ကြုံတွေ့နေရသော ကျန်းမာရေးဆိုင်ရာစိန်ခေါ်မှုများနှင့် ဒေသတွင်း ကျန်းမာရေးလုံခြုံမှုအတွက် အတူတကွ ရင်ဆိုင်ဖြေရှင်းနိုင်ရေး မူဝါဒနှင့် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ခိုင်မာသောယန္တရားတစ်ခု ပေါ်ပေါက်လာရေး ရည်ရွယ်ကျင်းပခြင်းအပေါ် မြန်မာနိုင်ငံအနေဖြင့် အပြည့်အဝ ထောက်ခံပါကြောင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါမှရရှိသည့် အတွေ့အကြုံများ၊ အရေးပေါ်အခြေအနေပေါ်ပေါက်လာမှ တုံ့ပြန်ဆောင်ရွက်ခြင်းထက် ကြိုတင်ကာကွယ်ခြင်း၊ ပြင်ဆင်ခြင်း၊ ကြံ့ခိုင်မှုနှင့် ခံနိုင်ရည်ရှိအောင် ဆောင်ရွက်ခြင်းများကို အလေးပေးအကောင်အထည်ဖော်မည့် ဘင်းမ်စတက် ပြည်သူ့ကျန်းမာရေးဆိုင်ရာ လုပ်ငန်းအစီအစဉ် (၂၀၂၇-၂၀၃၀)ကိုလည်း ကြိုဆိုပါကြောင်း၊ လုပ်ငန်းအစီအစဉ်အရ အဖွဲ့ဝင်နိုင်ငံများအနေဖြင့် လူ၊ တိရစ္ဆာန်နှင့် ပတ်ဝန်းကျင်ကျန်းမာရေး ပူးပေါင်းဆောင်ရွက်သည့် “One Health Approach” အခြေခံ၍ ဒီဂျစ်တယ်နှင့် ဉာဏ်ရည်တုနည်းပညာအသုံးပြု ရောဂါဖြစ်ပွားမှုကို စောင့်ကြပ်ကြည့်ရှုခြင်းနှင့် ကြိုတင်သတိပေးခြင်း အဆင့်မြှင့်တင်ဆောင်ရွက်နိုင်ရေး၊ ရာသီဥတုပြောင်းလဲမှုနှင့် ဆက်စပ်နေသည့် ကျန်းမာရေးဆိုင်ရာပြဿနာများနှင့် ပိုးသတ်ဆေးယဉ်ပါးမှုပြဿနာများကို ဦးစားပေးနယ်ပယ်များအဖြစ် သတ်မှတ်ဆောင်ရွက်ရေး၊ အရေးပေါ်တုံ့ပြန်ရေးဆိုင်ရာ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် လေ့ကျင့်သင်ကြားရေးစသည့် ကိစ္စရပ်များကို အတူတကွ ယခင်ကထက် ပိုမိုအလေးထား ဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း၊ အဖွဲ့ဝင်နိုင်ငံများအကြားနှင့် ဒေသတွင်း နည်းပညာပိုင်းဆိုင်ရာ စွမ်းဆောင်ရည် အဆင့်မြှင့်တင်ရန်၊ အတွေ့အကြုံကောင်းများ ဖလှယ်ရန်အတွက် သီရိလင်္ကာနိုင်ငံတွင် ပြည်သူ့ကျန်းမာရေးပညာဆိုင်ရာ၊ ထိုင်းနိုင်ငံတွင် အပူပိုင်းဒေသဆေးပညာရပ်ဆိုင်ရာနှင့် အိန္ဒိယနိုင်ငံတွင် တိုင်းရင်းဆေးပညာရပ်ဆိုင်ရာစင်တာများ(Centers of Excellence) တည်ထောင်မည့်အစီအစဉ်၌လည်း မြန်မာနိုင်ငံအနေဖြင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အဆင့်ဆင့်ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါကြောင်း ဆွေးနွေးပြောကြားသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများမှ ကျန်းမာရေးဝန်ကြီးများ၊ ကျန်းမာရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများနှင့်အတူ သီရိလင်္ကာသမ္မတနိုင်ငံ ဝန်ကြီးချုပ်အားသွားရောက်ဂါရဝပြုတွေ့ဆုံခဲ့ပြီး ညပိုင်းတွင် အိမ်ရှင် သီရိလင်္ကာနိုင်ငံ ကျန်းမာရေး၊ သတင်းနှင့် ပြန်ကြားရေးဝန်ကြီးက တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်ခဲ့သည်။

အစည်းအဝေး တက်ရောက်နေစဉ်အတွင်း ပြည်ထောင်စုဝန်ကြီးသည် သီရိလင်္ကာနိုင်ငံ ကျန်းမာရေး၊ သတင်းနှင့် ပြန်ကြားရေးဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် သီးခြားစီတွေ့ဆုံ၍ နှစ်နိုင်ငံ ကျန်းမာရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များ၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်နိုင်မည့်ကိစ္စရပ်များ၊ နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုနှင့် ဆက်ဆံရေးတိုးမြှင့်နိုင်ရေး ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

နိုဝင်ဘာ ၁၀ ရက်တွင်လည်း ပထမအကြိမ် ဘင်းမ်စတက် ကျန်းမာရေးအဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကို ကျင်းပခဲ့ရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးနှင့် တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်



ချောင်းဆုံမြို့နယ်အတွင်း ကျောင်းဆောင်သစ်၊ မီးသတ်စခန်းနှင့် အိမ်ရာစီမံကိန်း တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

မော်လမြိုင် နိုဝင်ဘာ ၁၂

မွန်ပြည်နယ်ရှိ ကျောင်းသားကျောင်းသူများ စိတ်အေးချမ်းသာစွာ ပညာသင်ကြားနိုင်ရန် ချောင်းဆုံမြို့နယ် ကွမ်လမိုင်းကျေးရွာအုပ်စုရှိ အခြေခံပညာမူလတန်းကျောင်း၌ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွင်း ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့် (ပေ ၆၀ x ပေ ၃၀) RCC တစ်ထပ်ကျောင်းဆောင်သစ်ကို ဆောက်လုပ်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်း သွားရောက်၍ ပြီးစီးမှုနှင့် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒေသတွင်း မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး လုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်နိုင်ရေး ချောင်းဆုံမြို့နယ် ကမာမိုကျေးရွာအုပ်စုတွင် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွင်း ပြည်နယ်ဘဏ္ဍာ ရန်ပုံငွေဖြင့် ဆောင်ရွက်နေသည့် ကမာမိနယ်မြေ မီးသတ်စခန်း (၄၅ ပေ x ပေ ၅၀ x ၂၆ ပေ) နှစ်ထပ်ဆောင် တည်ဆောက်နေမှုကို သွားရောက် ကြည့်ရှုပြီး အချိန်မီပြီးစီးရေး၊ ရေရှည်ခိုင်ခံမှုရှိစေရေးနှင့် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး လုပ်ငန်းများကို မှာကြားသည်။

ကြည့်ရှု

ထို့ပြင် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ချောင်းဆုံမြို့နယ် မြို့ပြအင်္ဂါရုပ်များနှင့်အညီ ဖွံ့ဖြိုးတိုးတက်ရေး အတွက် ချောင်းဆုံမြို့နယ် ကော့မုပွန် ကျေးရွာအုပ်စုရှိ ရွှေဟာသ်ဟိုတယ်နှင့် အဆင့်မြင့်အိမ်ရာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးသည်။

မွန်းလွဲပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ်သည် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် မွန်ပြည်နယ် ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာန၊ အဖွဲ့အစည်းများ၏ ရင်းငွေလျာထားချက်များ ပြည့်မီစွာ ကောက်ခံရရှိရေး ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ပြီး ဘဏ္ဍာရန်ပုံငွေရင်းငွေလျာထားချက်များကို သတ်မှတ်ကာလအတွင်း ပြည့်မီစွာ ကောက်ခံရရှိရန် လွန်စွာအရေးကြီးကြောင်း၊ အခွန်အခများနှင့်ပတ်သက်၍ ခေတ်ကာလနှင့် ဆီလျော်သော နှုန်းထားများဖြစ်ရေး ကိစ္စရပ်များကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

စည်သူ(ပြန်/ဆက်)

ရေကြည်မြို့နယ်၌ ကြိမ်၊ ဝါး၊ လက်မှုပစ္စည်း ထုတ်ကုန်သင်တန်းဖွင့်

ရေကြည် နိုဝင်ဘာ ၁၂

ရှောဝတီ တိုင်းဒေသကြီး ရေကြည်မြို့နယ် သစ်တောဦးစီးဌာနက ကြီးမှူး၍ ဒေသခံပြည်သူများ၏ လူနေမှုဘဝမြှင့်တင်ရေး အသက်မွေးဝမ်းကျောင်းဆိုင်ရာ ကြိမ်၊ ဝါး၊ လက်မှုပစ္စည်းထုတ်ကုန် သင်တန်းကို ယမန်နေ့နံနက်ပိုင်းက မင်္ဂလာအောင်သိဒ္ဓိကျောင်း တိုက်ခန်းမ၌ ဖွင့်လှစ်သည်။



ဦးစွာ ကျေးဇူးခရီးစဉ်မဲခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက အမှာစကားပြောကြားပြီး ရေကြည်မြို့နယ် ကြိမ်၊ ဝါး လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌက ကြိမ်၊ ဝါး လက်မှုပစ္စည်းပြုလုပ်ပုံ အဆင့်ဆင့်နှင့် စျေးကွက်အခြေအနေများကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းကို လေးရက်ကြာ ဖွင့်လှစ်ပို့ချ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ကရင်ကူးလေးကျေးရွာ၌ ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့်ပြီးစီး

အင်္ဂပူ နိုဝင်ဘာ ၁၂

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အင်္ဂပူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အင်္ဂပူမြို့နယ် ကရင်ကူးလေးကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်းဖြင့် ကျေးရွာတွင်းလမ်း ကွန်ကရစ်ဘီးလမ်းခင်း ခြင်းလုပ်ငန်းကို ဩဂုတ် ၁၉ ရက်တွင် စတင်ဆောင်ရွက်ခဲ့ရာ နိုဝင်ဘာ ၁၂ ရက်တွင် ရာနှုန်းပြည့် ပြီးစီးဖြိုဖြစ်သည်။



ဆောင်ရွက်ပြီးစီး

အဆိုပါ ကျေးရွာတွင်းလမ်းခင်း ခြင်းလုပ်ငန်းကို ၂၀၂၆-၂၀၂၇ ခုနှစ် နိုင်ငံတော် ထောက်ပံ့ရန်ပုံငွေကျပ် ၁၅ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၃ သန်း စုစုပေါင်း ငွေကျပ် ၁၈ သန်းဖြင့် ကျေးရွာတွင်း ကွန်ကရစ်ဘီးလမ်းခင်းခြင်း လမ်းနစ်ဖက် အရှည်ပေ ၄၁၀၊ အကျယ် သုံးပေ၊ ၃ ခြောက်လက်မဖြင့် ဆောင်ရွက် ပြီးစီးခဲ့ကြောင်း သိရသည်။

မန်းကျော်(ပြန်/ဆက်)

ယာယီရေဘေးရှောင်ပြည်သူများအား စားရေရိက္ခာများထောက်ပံ့ခြင်း၊ နေရာထိုင်ခင်းများ စီစဉ်ပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် နိုဝင်ဘာ ၁၂

ရာသီဥတုဖောက်ပြန်ခြင်းနှင့် မိုးတိမ်တောင်များဖြစ်ပွားခြင်းကြောင့် နိုဝင်ဘာ ၉ ရက်နှင့် ၁၀ ရက်တို့တွင် မိုးအဆက်မပြတ်ရွာသွန်းသဖြင့် ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်အချို့တွင် ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့ရာ အဆိုပါရေဘေးကြောင့် ယာယီရွှေ့ပြောင်းရန်လိုအပ်သူများအား အရေးပေါ်ရွှေ့ပြောင်းပေးခြင်း၊ ယာယီရေဘေးရှောင်စခန်းများသို့ ရောက်ရှိနေကြသော ပြည်သူများအား စားရေရိက္ခာများထောက်ပံ့ခြင်း၊ နေရာထိုင်ခင်းများ စီစဉ်ပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းတို့ကို ပြည်နယ်အစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာများက ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ ပြည်ထောင်စုအဆင့်ကလည်း ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိသည်။



ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့ည နေပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာကိုကိုလွင်နှင့် ရှမ်းပြည်နယ် လူမှုရေးရာဝန်ကြီး ဒေါ်နန်းခမ်းလူတို့သည် တောင်ကြီးမြို့နယ် ရွှေညောင်မြို့ ကုန်းလှိုင်ဘုန်းတော်ကြီးကျောင်း (ယာယီရေဘေးရှောင်စခန်း)သို့ သွားရောက်၍ ရေဘေးသင့်ပြည်သူများအား ရင်းရင်းနှီးနှီးအားပေးနှုတ်ဆက်ခြင်း၊ လတ်တလောစားဝတ်နေရေး အဆင်ပြေစေရေးအတွက် ဆန်ရိက္ခာဖိုးငွေ၊ ငါးသေတ္တာ၊ ခေါက်ဆွဲခြောက်များ ထောက်ပံ့ခြင်းတို့ ဆောင်ရွက်သည်။

အဆိုပါစခန်းရှိ ရေဘေးသင့်အိမ်ထောင်စု ၁၉၇ စုမှ လူဦးရေ ၇၀၈ ဦးအတွက် ထောက်ပံ့မှုတန်ဖိုးမှာ ငွေကျပ် ၁၂၀၆၈၃၀၀ ဖြစ်ပြီး ယနေ့အထိ ထောက်ပံ့ပြီးစီးမှုမှာ လွိုင်လင်ခရိုင် နမ့်စန်မြို့နယ် ယာယီရေဘေးရှောင်စခန်းများဖြစ်သည့် ဗုဒ္ဓရာဇာဘုန်းတော်ကြီးကျောင်း၊ စွန်ကျာမွေ့ဝလီနှင့် ဇိနဝရကျောင်းတို့၌ ရောက်ရှိနိုင်လုံနေသော အိမ်ထောင်စု ၈၅ စုမှ လူဦးရေ ၃၈၃ ဦးအတွက် ထောက်ပံ့မှုတန်ဖိုး ငွေကျပ် ၁၉၁၅၀၀၀၊ လင်းခေးခရိုင် မောက်မယ်မြို့နယ် ယာယီရေဘေးရှောင်စခန်း ခုနစ်ခုတွင် ရောက်ရှိနိုင်လုံနေသော အိမ်ထောင်စု ၂၇၂ စုမှ လူဦးရေ ၁၁၈၁ ဦးအတွက် ငွေကျပ် ၅၉၀၅၀၀၀ ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ရေဘေးသင့်ဒေသခံပြည်သူများအား စားသောက်ဖွယ်ရာများ၊ ထောက်ပံ့ပစ္စည်းများနှင့် အလှူငွေများ ပေးအပ်၊ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၁၂

ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့နယ်၊ ညောင်ရွှေမြို့နယ်အတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ညောင်ရွှေမြို့ နန့်ပန်ရပ်ကွက်၊ ဝန်းရပ်ကွက်၊ မြို့လယ်ရပ်ကွက်၊ မင်္ဂလာရပ်ကွက်တို့အတွင်း ရေများဝင်ရောက်ကာ ရေကြီးရေလျှံမှုများ ဖြစ်ပွားလျက်ရှိသဖြင့် ရေဘေးသင့် အိမ်ထောင်စု ၈၄ စု စုစုပေါင်း ဒေသခံတိုင်းရင်းသားပြည်သူ ၂၈၃ ဦးတို့အား ညောင်ရွှေမြို့ မြို့မရနံကုန်ဘုန်းတော်ကြီးကျောင်းခမ္မာရုံ၌ ယာယီရေဘေးကယ်ဆယ်ရေးစခန်း ဖွင့်လှစ်၍ ပြည်သူများအား ပြောင်းရွှေ့နေရာချထားပေးလျက်ရှိသည်။



အဆိုပါ ရေဘေးသင့်ဒေသခံတိုင်းရင်းသား ပြည်သူများအား ယနေ့မွန်းလွဲပိုင်းတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်နိုင်ဦးနှင့် တာဝန်ရှိသူများက သွားရောက်တွေ့ဆုံအားပေးစကား ပြောကြားပြီး စားသောက်ဖွယ်ရာများ၊ ထောက်ပံ့ပစ္စည်းများနှင့် အလှူငွေများ ပေးအပ်သည်။

ဆက်လက်ပြီး တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ညောင်ရွှေမြို့ ရေကြီးရေလျှံမှုဖြစ်ပွားရာ နေရာများသို့ သွားရောက်ပြီး နယ်မြေခံ တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီ အသင်းအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကူညီကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများကို ကြည့်ရှုအားပေးကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ထို့ပြင် နယ်မြေခံဆေးကုသရေးအဖွဲ့များကလည်း ရေဘေးသင့်ဒေသခံ တိုင်းရင်းသားပြည်သူများအား လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

ဟိုပုံးမြို့နယ် ပုံးအင်းဒေသ၌ ရေကြီးရေလျှံမှု ဖြစ်ပေါ်ခဲ့သည့်နေရာများ ကြည့်ရှုစစ်ဆေး

ဟိုပုံး နိုဝင်ဘာ ၁၂

ရှမ်းပြည်နယ် (တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ် ပုံးအင်းဒေသတွင် နိုဝင်ဘာ ၁၀ ရက်မှ စတင်၍ မိုးများအဆက်မပြတ်ရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့ရာ ရေဘေးသင့်ဒေသများ၏ လက်ရှိအခြေအနေများနှင့် ထိခိုက်ပျက်စီးမှုများကို သိရှိနိုင်ရန်အတွက် ယနေ့နံနက်ပိုင်းက ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ဖိုးစိန်နှင့် တာဝန်ရှိသူများ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပုံးအင်းဒေသ၌ မိုးများ အဆက်မပြတ်ရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့သည့်နေရာများ၊ ဒေသခံပြည်သူများ၏ နေအိမ်များ၊ စိုက်ပျိုးမြေများနှင့် လမ်းပန်းဆက်သွယ်ရေးဆိုင်ရာ အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ပအိုဝ်းဒေသ(ပြန်/ဆက်)



ရေးမြို့နယ်၌ မိုးစပါးစိုက်ပျိုးဆောင်ရွက်ထားရှိမှု ကွင်းဆင်းစစ်ဆေး



ရေး နိုဝင်ဘာ ၁၂

မွန်ပြည်နယ် ရေးမြို့နယ်တွင် မိုးစပါးများ စိုက်ပျိုးဆောင်ရွက်ထားရှိမှုအပေါ် ရိတ်သိမ်းဆောင်ရွက်မည့် အခြေအနေနှင့် ပတ်သက်၍ မြေပြင်ကွင်းဆင်းစစ်ဆေးခြင်းကို ယနေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများက အောင်မင်္ဂလာရပ်ကွက် ဝဲကျော်ကွင်းတွင် ဆောင်ရွက်သည်။

ညှိနှိုင်းဆောင်ရွက်

ထို့သို့ကွင်းဆင်းဆောင်ရွက်ရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ် အုပ်ချုပ်ရေးမှူး ဦးကျော်မျိုးနိုင်နှင့် သက်ဆိုင်ရာ ဌာနအလိုက် တာဝန်ရှိသူများက တောင်သူများနှင့် တွေ့ဆုံပြီး မိုးစပါး စိုက်ပျိုးထားရှိမှုအပေါ် ရိတ်သိမ်းဆောင်ရွက်မည့် အခြေအနေများ၊ မိုးစပါးရိတ်သိမ်းရာတွင် လိုအပ်မည့်စက်သုံးဆီများ အလွယ်တကူ ဝယ်ယူရရှိရေးနှင့် တောင်သူများ၏ လိုအပ်ချက်များ တင်ပြမှုအပေါ် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ရှင်းသန့်ဖြူ

မကွေးမြို့၌ စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြော

မကွေး နိုဝင်ဘာ ၁၂

မကွေးတိုင်းဒေသကြီး မကွေးမြို့ သမဝါယမစာရင်းရေးစာရင်းကိုင် သက်မွေးပညာသင်တန်းကျောင်း၌ စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၁၀ ရက်က အဆိုပါသင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

ရှင်းလင်းဟောပြော

အခမ်းအနားတွင် မကွေးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စုစုထွန်းက စားသုံးသူရေးရာ ဦးစီးဌာန၏ သမိုင်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှုများကို လည်းကောင်း၊ စားသုံးသူရေးရာဌာနခွဲ တာဝန်ခံဦးစီးမှူး ဒေါ်စန္ဒာစိုးလွင်က စားသုံးသူကာကွယ်ရေးဥပဒေ (၂၀၁၉) ပြဋ္ဌာန်းချက်ပါ စားသုံးသူများရရှိမည့် အခွင့်အရေးနှင့် တာဝန်များ၊ စားသုံးသူများနစ်နာဆုံးရှုံးမှု ဖြစ်ပေါ်လာပါက တိုင်ကြားနိုင်သည့် နည်းလမ်းများကို အသေးစိတ်ရှင်းလင်း ဟောပြောခဲ့ကြောင်း သိရသည်။



မောင်ခိုင်မင်း(ပြန်/ဆက်)

အိမ်ထောင်စုလူဦးရေစာရင်းများ မှန်ကန်စေရေးအတွက် လူဦးရေအတိုးအလျှော့၊ ပြောင်းဝင်ပြောင်းထွက်၊ သေဆုံးပယ်ဖျက်စာရင်းများကို သတ်မှတ်ချက်နှင့်အညီ ကာယကံရှင်က ဆောင်ရွက်ပေးရန် လိုအပ်

နေပြည်တော် နိုဝင်ဘာ ၁၂



လူဦးရေစာရင်းများပြုစုရာတွင် အခြေခံအသုံးပြုသည့် မြို့နယ်ဦးစီးမှူးရုံးများရှိ အိမ်ထောင်စုလူဦးရေစာရင်းများ မှန်ကန်စေရေးအတွက် လူဦးရေအတိုးအလျှော့၊ ပြောင်းဝင်ပြောင်းထွက်၊ သေဆုံးပယ်ဖျက်စာရင်းများကို သတ်မှတ်ချက်နှင့်အညီ ကာယကံရှင်က ဆောင်ရွက်ပေးရန် လိုအပ်သကဲ့သို့ ကော်မတီအဆင့်ဆင့်ကလည်း ယင်းသို့ဆောင်ရွက်နိုင်ရေး အသိပေးတိုက်တွန်းနှိုးဆော်ကာ လိုအပ်သလို ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးကြရန်လိုကြောင်း မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်မှု ဗဟိုကော်မတီဥက္ကဋ္ဌပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က ကရင်ပြည်နယ် မြေပြင်ကွင်းဆင်းစာရင်း ကောက်ယူရေးကြီးကြပ်မှုကော်မတီ အဖွဲ့ဝင်များနှင့် တွေ့ဆုံစဉ် မှာကြားသည်။

ပြည်ထောင်စုဝန်ကြီးသည် ကရင်ပြည်နယ် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်မှု ကော်မတီဝင်များကို ယနေ့နံနက်ပိုင်းက ဘားအံမြို့ ကရင်ပြည်နယ်အစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ တွေ့ဆုံခဲ့ခြင်းဖြစ်ပြီး တွေ့ဆုံပွဲသို့ ကရင်ပြည်နယ် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ကရင်ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်မှု ကော်မတီအဖွဲ့ဝင်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက နိုင်ငံသားကတ် အပိုကိုင်ဆောင်မှု၊ အချက်အလက် ကွဲလွဲမှု၊ ကတ်နံပါတ်ထပ်မှု၊ ကတ်အတုပြုလုပ်ကိုင်ဆောင်မှုများမရှိစေရေးနှင့် e-ID ဆိုင်ရာ ဒီဂျစ်တယ်ဝန်ဆောင်မှုများ ထိရောက်စွာဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံသားကတ်ပြားရရှိပြီးသူများအား e-ID စနစ်ဖြင့် Biometric ကောက်ယူ၍ UID နံပါတ်ထုတ်ပေးရေး လုပ်ငန်းများကိုလည်း သက်ဆိုင်ရာ နယ်မြေဒေသအလိုက် မဖြစ်မနေ တွန်းအားပေး ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ယင်းလုပ်ငန်းစဉ်သည် မဲစာရင်းပြုစုရာတွင်လည်း အဓိကကျသည့် အတည်ပြုလူဦးရေစာရင်းကို တိကျမှန်ကန်စွာ ပြုစုနိုင်မည်ဖြစ်ပါကြောင်း၊ ယင်းလုပ်ငန်းစဉ်အတွက် သက်ဆိုင်ရာ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၊ လဝက စသည့် ဌာနသုံးခုမှ အဓိက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နေကြသော်လည်း မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီ အဆင့်ဆင့်က ယခင်အတွေ့အကြုံများအရ ကြပ်မတ်စိစစ်အတည်ပြု ဆောင်ရွက်ပေးကြရန် လိုအပ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ကရင်ပြည်နယ် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်အတွင်း မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီအဆင့်ဆင့်နှင့် မြေပြင်တစ်အိမ်တက်ဆင်းကွင်းဆင်းကောက်ယူရေးအဖွဲ့များ ဖွဲ့စည်းထားရှိမှုနှင့် ဗဟိုကော်မတီ၏ ညွှန်ကြားချက်များနှင့်အညီ အတည်ပြုလူဦးရေစာရင်း ပြုစုပေးပို့နိုင်ရေး ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တာဝန်ရှိသူများက အတည်ပြုလူဦးရေစာရင်းမှန်ကန်ရေးအတွက် ကော်မတီအဆင့်ဆင့်၏ လုပ်ငန်းတာဝန်များ အောင်မြင်စွာဆောင်ရွက်နိုင်ရေး ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်သွားမည့်အခြေအနေများနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ဖြူးမြို့နယ်အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး ကွင်းဆင်းကြည့်ရှု

ပဲခူး နိုဝင်ဘာ ၁၂



ဖြူးမြို့နယ် မင်းကံရိုးကျေးရွာအုပ်စု၌ နွေစပါး ဧက ၂၂၄၀ တိုးချဲ့စိုက်ပျိုးနိုင်ရေး ဖြူးချောင်းဆည်ရေသောက် စနစ်တည်ဆောက်နေမှုကို ယမန်နေ့ မွန်းလွဲပိုင်းက ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းကွင်းဆင်း ကြည့်ရှုစစ်ဆေးပြီး နှစ်စဉ် နွေစပါးတိုးချဲ့စိုက်ပျိုးနိုင်ရေးနှင့် ဆည်ရေသောက်စနစ် ဧရိယာအတွင်း အပြည့်အဝ စိုက်ပျိုးနိုင်ရေး ရေပေးမြောင်းများ အဆင့်မြှင့်တင် ဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ ဖြူးမြို့ မြို့မအနောက်ရပ်ကွက်ရှိ လုပ်ငန်းရှင် ဦးလူမော်၏ Good Brother တန် ၆၀ ကျ ဆန်စက်၌ စွန့်ပစ်စပါးခွံသုံး လျှပ်စစ်ဓာတ်အားပေးစက် Gasifier ဖြင့် ပြည်ပပို့ကုန် Export ဆန် ကြိတ်ခွဲနေမှုကို သွားရောက် ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ဖြည့်ဆည်းပေးစပ် ဆောင်ရွက်ပေးသည်။

ထို့ပြင် ဖြူးမြို့ တာခြားရပ်ကွက် ရှိဦးမောင်မောင်၏ အသားတိုးဝက် ၄၆ ကောင် မွေးမြူထားရှိမှုအား သွားရောက်ကြည့်ရှုအားပေးပြီး အယ်နီညိုရာသီဥတုဖြစ်စဉ် ကြောင့် တိရစ္ဆာန်ထိခိုက်သေဆုံးမှု ဆုံးရှုံးမှု မဖြစ်ပေါ်စေရေးနှင့် ဒေသထွက် ကုန်ကြမ်းပစ္စည်းများဖြင့် တိရစ္ဆာန်အစာ ထုတ်လုပ်မွေးမြူနိုင်ရေး တာဝန်ရှိသူများနှင့် ပေါင်းစပ် ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် ဖြူးမြို့နှင့် ကျောက်တံခါးမြို့ အကြား (ရန်ကုန်-မန္တလေး)လမ်းဟောင်း တစ်လျှောက် လမ်းအဆင့်မြှင့်တင်နေမှုနှင့် ဆောင်းသီးနှံ ပဲမျိုးစုံ စိုက်ပျိုးထားရှိမှုတို့ကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)



မင်းဘူးမြို့၌ ကျွန်ုပ်တို့စာကြည့်တိုက်၊ ကျွန်ုပ်တို့ကမ္ဘာ လှုပ်ရှားမှုအစီအစဉ် ဆောင်ရွက်

မင်းဘူး နိုဝင်ဘာ ၁၂

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကျွန်ုပ်တို့စာကြည့်တိုက်၊ ကျွန်ုပ်တို့ကမ္ဘာ "My Library, My World Campaign"လှုပ်ရှားမှုအစီအစဉ်ကို နိုဝင်ဘာ ၉ ရက်က အဆိုပါရုံးရှိ ပြည်သူ့စာကြည့်တိုက်နှင့် လူထုအခြေပြုဗဟိုဌာနခန်းမ၌ ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မင်းဘူးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများကဦးဆောင်ပြီး မင်းဘူးမြို့အခြေခံညာ အထက်တန်းကျောင်း(ခွဲ) မြို့မကျောင်းရှိ ကျောင်းသားကျောင်းသူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသားမိဘများအား ဖိတ်ကြား၍ ကလေးတိုင်းစာဖတ်သူဖြစ်စေရမည်(Every Child a Reader)၊ ဘဝတိုးတက်ရေးအတွက် အသိပညာ(Knowledge For Life)၊ စာဖတ်သူလူငယ်များ၏ အနာဂတ်တောက်ပရမည်(Young Readers, Bright Future)၊ မိသားစုနှင့်အတူ စာဖတ်ကြစို့(Read Together)စသည့် ခေါင်းစဉ်များဖြင့် စာဖတ်ရှုနိုင်မြှင့်တင်ရေးလှုပ်ရှားမှုအဖြစ် စာအုပ်မိတ်ဆက်ခြင်း၊ သုတရာသ စာအုပ်စာပေများအား ဖတ်ရှုလေ့လာခြင်း၊ စာဖတ်ပိုင်းများပြုလုပ်၍ အပြန်အလှန်ဆွေးနွေးခြင်း၊ ပုံပြင်ပြောခြင်း၊ ပန်းချီရေးဆွဲခြင်းနှင့် သိမှတ်ဖွယ်ရာ ဗဟုသုတအဖြာဖြာ အစီအစဉ်များကို ဆောင်ရွက်ရာ ကျောင်းသား ကျောင်းသူများက တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြသည်။

ဆက်လက်ပြီး ကျောင်းသား ကျောင်းသူများက မင်းဘူးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးတွင် ခင်းကျင်းပြသထားသော သုတရာသ စာအုပ်စာစောင်များ၊ ပြတိုက်ယော်နှင့် အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် ကြုံတွေ့နိုင်သည့် သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးဆိုင်ရာ အသိပညာပေး ပြဘုတ်တို့အား ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

မောင်မောင်(မင်းဘူး)

ဆင်ပေါင်ဝဲမြို့နယ်၌ အသိပညာပေးဟောပြောပွဲ ကျင်းပ

ဆင်ပေါင်ဝဲ နိုဝင်ဘာ ၁၂

မကွေး တိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နယ်တွင် ဖြစ်ပေါ်လာနိုင်သည့် အယ်လ်နီညိုရာသီဥတုဖြစ်စဉ်များနှင့် ပတ်သက်၍ ကြိုတင်ကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်နိုင်ရေး အသိပညာပေး ဟောပြောခြင်းကို ယမန်နေ့နံနက်ပိုင်းက ဆင်ပေါင်ဝဲမြို့နယ် အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။



အခမ်းအနားတွင် မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိနှင့် တပ်ဖွဲ့ဝင်များက ဟောပြောဆွေးနွေးကြပြီး အယ်လ်နီညိုဖြစ်စဉ်ကြောင့် ဖြစ်ပေါ်လာနိုင်သော အပူချိန်လွန်ကဲခြင်း၊ မိုးခေါင်ရေရှားခြင်း၊ သဘာဝဘေးအန္တရာယ်များ ကြိုတင်ကာကွယ်ရေး နည်းလမ်းများနှင့် ရှေးဦးသူနာပြုစုခြင်းဆိုင်ရာ အသိပညာရပ်များကို ကျောင်းသား ကျောင်းသူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည်စေရန် ရှင်းလင်းဟောပြောကြသည်။

အဆိုပါ အသိပညာပေးဟောပြောပွဲသို့ ဆင်ပေါင်ဝဲအထကစာသင်ကျောင်းမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၆၅ ဦး တက်ရောက်ကြပြီး သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကာ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြကြောင်း သိရသည်။

ကောင်းစစ်နိုင်

သဘာဝကပေး ရေချိုအေး၊ ခန်းခြောက်မသွားအောင် ထိန်းသိမ်းပေး

အာကာသဆိုင်ရာ ပန်းချီ/ ကာတွန်း/ ပိုစတာပြိုင်ပွဲနှင့် အာကာသနည်းပညာဆိုင်ရာပြခန်းများသို့ လာရောက်ကြည့်ရှုသူများဖြင့် အထူးစည်ကား

နေပြည်တော် နိုဝင်ဘာ ၁၂

နေပြည်တော် ကောင်စီနှင့် မြန်မာအာကာသအရေးရင်စိတို့ ကြီးမှူးကျင်းပသည့် အခြေခံပညာအဆင့် အာကာသဆိုင်ရာ ပန်းချီ/ ကာတွန်း/ ပိုစတာပြိုင်ပွဲနှင့် အာကာသနည်းပညာဆိုင်ရာ ပြခန်းများကို အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၁ (MICC-1) ၌ ကျင်းပပြသလျက်ရှိရာ အခြေခံပညာ မူလတန်းအဆင့်၌ “အာကာသအိပ်မက်” ခေါင်းစဉ်ဖြင့်လည်းကောင်း၊ အခြေခံပညာ အလယ်တန်းအဆင့်၌ “လူသားနှင့် အနာဂတ်အာကာသ” ခေါင်းစဉ်ဖြင့် လည်းကောင်း ယှဉ်ပြိုင်ခဲ့ကြပြီး ယနေ့နံနက်ပိုင်းတွင် အခြေခံပညာ အထက်တန်းအဆင့် အာကာသဆိုင်ရာ ပန်းချီ/ ကာတွန်း/ ပိုစတာပြိုင်ပွဲကို “အနာဂတ်အာကာသနည်းပညာ” ခေါင်းစဉ်ဖြင့် ဆက်လက်ယှဉ်ပြိုင်ကြသည်။



ခင်းကျင်းပြသထား

အနာဂတ်မျိုးဆက်သစ်လူငယ်မောင်မယ်များ အာကာသသိပ္ပံနှင့် နည်းပညာများကို စိတ်ဝင်စားပြီး အနုပညာမှတစ်ဆင့် သိပ္ပံဆိုင်ရာ စိတ်ကူးစိတ်သန်းများ ဖော်ထုတ်ပြသနိုင်ရန် ရည်ရွယ်ချက်ဖြင့် အဆိုပါပြိုင်ပွဲများကို ဆောင်ရွက်ပေးခြင်းဖြစ်ပြီး အာကာသနည်းပညာဆိုင်ရာ ပြခန်းများတွင် အာကာသနှင့် AI နည်းပညာသုံး စိုက်ပျိုးရေးစနစ်ပြခန်း၊ အာကာသနှင့် AI နည်းပညာအသုံးချပြခန်းရှိရာသီဥတုနှင့် သဘာဝပတ်ဝန်းကျင် စောင့်ကြည့်လေ့လာရေး စနစ် ဂြိုဟ်တုနည်းပညာအသုံးချ Application များ၊ AI နှင့် အမေးအဖြေကဏ္ဍ၊ AI အသုံးပြု စိတ်ဝင်စားဖွယ်ဂိမ်းများ၊ စက်ရုပ်နည်းပညာပြခန်း၊ သိပ္ပံ၊ နည်းပညာ အင်ဂျင်နီယာနှင့် သချာပညာ ရပ်ပြခန်း၊ နက္ခတ်တာရာနှင့် အာကာသသိပ္ပံပြခန်း၊ အာကာသ စူးစမ်းလေ့လာရေးပြခန်း၊ နက်ရှိုင်းသော အာကာသစူးစမ်းလေ့လာရေး သုတေသနပြခန်းများကို ခင်းကျင်းပြသထားသည်။

ယနေ့တွင် အဆိုပါပြိုင်ပွဲ ယှဉ်ပြိုင်နေမှုကို နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးဂက်မြင့်သန်း တက်ရောက်ကြည့်ရှုအားပေးခဲ့ပြီး ကျောင်းသား ကျောင်းသူများနှင့် ပြည်သူ ၆၈၃၃ ဦး လာရောက် လေ့လာခဲ့ကြောင်းနှင့် အဆိုပါ ပြခန်းများကို နိုဝင်ဘာ ၁၃ ရက် အထိ နေ့စဉ် နံနက် ၈ နာရီခွဲမှ ညနေ ၆ နာရီအထိ လာရောက် လေ့လာနိုင်ကြောင်း သိရသည်။

အောင်ကို(ပုဗ္ဗသိရီ)

ဂျာမနီသံရုံး ယာယီတာဝန်ခံ၏ လူမှုမီဒီယာမှ တစ်ဆင့် ထုတ်ပြန်ခဲ့သော ဗီဒီယိုနှင့်ပတ်သက်၍ ပြင်းထန်စွာကန့်ကွက်ရှုတ်ချခြင်း

၁။ ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ထုတ်ပြန်ခဲ့သော ဂျာမနီသံရုံးယာယီတာဝန်ခံ မာသီးရက်စ်လေဂျာစ် Mathias Licharz ၏ ဗီဒီယိုဖိုင်တွင်ပါရှိသည့် ၎င်း၏ပြောကြားချက်များသည် မြန်မာနိုင်ငံ၌ ဒီမိုကရေစီနည်းလမ်းဖြင့် ပြည်သူက ရွေးကောက်တင်မြှောက်ထားသည့် မိမိတို့၏ နိုင်ငံတော်အစိုးရနှင့် နိုင်ငံတော်အကြီးအကဲကို မထီမဲ့မြင်ပြုခြင်းဖြစ်သည့်အပြင် ရွေးကောက်ပွဲတွင် တက်ကြွစွာ ဆန္ဒမဲပေးခဲ့ကြသည့် မြန်မာပြည်သူပြည်သားအားလုံးကို တိုက်ရိုက်ပုတ်ခတ်စော်ကားခြင်းလည်းဖြစ်ပါသည်။

၂။ ဂျာမနီသံရုံး ယာယီတာဝန်ခံအနေဖြင့် ဗီဒီယိုရိုက်ကူးသည့် နေရာဒွေးချယ်မှု အပါအဝင် ပြုမူပြောဆိုဆောင်ရွက်မှုများသည် အိမ်ရှင်နိုင်ငံနှင့် နိုင်ငံတော်အစိုးရအပေါ် အတိုက်အခံပြုရန်အတွက် အားပေးအားမြှောက်ပြုလုပ်နေသည့်အသွင်တွေ့ရှိရပြီး ပြည်တွင်းရေးမငြိမ်မသက်မှုများ ဖြစ်စေရန်နှင့် နိုင်ငံတော်အစိုးရအား အကြည်အညိုပျက်စေရန် ရည်ရွယ်ချက်ရှိရှိ အားပေးလှုံ့ဆော်ရာလည်း ရောက်ပါသည်။

၃။ သို့ဖြစ်ပါ၍ ဂျာမနီသံရုံး ယာယီတာဝန်ခံ မာသီးရက်စ်လေဂျာစ်၏ အထက်ပါပြုမူဆောင်ရွက်ပြောကြားချက်များနှင့်ပတ်သက်၍ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA မှ ပြင်းထန်စွာကန့်ကွက်ရှုတ်ချကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

ဗဟိုအလုပ်အမှုဆောင်အဖွဲ့
ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA



ဖလမ်းမြို့ ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်းတွင် တိုင်းရင်းသားရိုးရာဂျပ်ခုတ်နည်းသင်တန်းဖွင့်လှစ်

ဖလမ်း နိုဝင်ဘာ ၁၂

ချင်းပြည်နယ် ဖလမ်းမြို့အသေးစားစက်မှု လက်မှုလုပ်ငန်း ဦးစီးဌာန ရက်ကန်းနှင့် အသက်မွေးပညာ သင်တန်းကျောင်းသည် အကြမ်းဖက် ဖြစ်စဉ်များကြောင့် ရပ်နားထားခဲ့ရာမှ ယခုအခါ ရုံးလုပ်ငန်းများ ပုံမှန်လည်ပတ်နေသည့်အပြင် ၂၀၂၆ ခုနှစ် အောက်တိုဘာ ၃၀ ရက်မှစ၍ ဒေသခံပြည်သူများအား တိုင်းရင်းသားရိုးရာ ဂျပ်ခုတ်နည်းသင်တန်း ဖွင့်လှစ်သင်ကြား ပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ သင်တန်းကျောင်း၌ သင်တန်း ဖွင့်လှစ်သင်ကြားနေမှု၊ ဖလမ်းမြို့ ကျင်မွာလ်ရပ်ကွက်ရှိ ဖလမ်းခရိုင် မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနခုံရုံးနှင့် ဝန်ထမ်းအိမ်ရာ ပြုပြင်ပြီးစီးမှု၊ မိုးလေဝသနှင့် ရာသီဥတု တိုင်းတာရေး စက်ကိရိယာများ တပ်ဆင်ထားရှိမှုတို့ကို ယနေ့ နံနက်ပိုင်းတွင် နယ်စပ်ရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ် ကျော်ကျော်ဟန်သည် ချင်းပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ခင်မောင်ထွေး၊ ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး ကော်မတီဝင်များနှင့် အတူ သွားရောက်ကြည့်ရှုသည်။

ဆက်လက်၍ ဖလမ်းမြို့နယ် ပညာရေးမှူးရုံး ဆိုလာတပ်ဆင်ပြီးစီး၍ ဝန်ထမ်းများ ရုံးလုပ်ငန်း ပုံမှန်လည်ပတ်နေမှု၊ ဝန်ထမ်းအိမ်ရာ ပြုပြင်ပြီးစီးမှုအခြေအနေနှင့် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းဝင်း အတွင်း ရှိ အကြမ်းဖက်ဖြစ်စဉ်များကြောင့် တစ်စိတ်တစ်ပိုင်း ပျက်စီးသွားသည့် စာသင်ဆောင်ပြုပြင်ထားရှိမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် ကျောင်းသားကျောင်းသူများ ပညာသင်ကြားနေမှုများကို ကြည့်ရှုအားပေး၍ ကျောင်းသား ကျောင်းသူများအနေဖြင့်အတန်းပညာကိုကြိုးစား သင်ယူကြရမည့်အပြင် အသိပညာများတိုးပွားအောင်လေ့လာသင်ယူကြရမည်ဖြစ်ကြောင်း၊ ငယ်ရွယ်စဉ်အချိန်မှစ၍ ဗလငါးတန်နှင့် ပြည့်စုံဖွံ့ဖြိုးအောင် ကြိုးစားကြစေလိုကြောင်း ပြောကြားပြီး ဆရာဆရာမများအား ချီးမြှင့်ငွေများ ပေးအပ်ခဲ့သည်။

ထို့မတစ်ဆင့် ဒုတိယဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ဖလမ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းအိမ်ရာနှင့်အမှုဆောင်အရာရှိအိမ်ရာတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

၂၃၀ ကေဗွီ သာစည်ပင်မဓာတ်အားခွဲရုံ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း ဆောင်ရွက်နိုင်ရန် ဓာတ်အားပိတ်ဆောင်ရွက်မည်

နေပြည်တော် နိုဝင်ဘာ ၁၂

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်ဓာတ်အားစနစ်အတွင်း ဝန်အားမျှတတည်ငြိမ်စွာဖြင့် စဉ်ဆက်မပြတ် ဓာတ်အားပို့လွှတ်ဖြန့်ဖြူးနိုင်ရန်အတွက် ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ၂၃၀ ကေဗွီ သာစည်ပင်မဓာတ်အားခွဲရုံရှိ ဗွီအားမြှင့် ပင်မထရန်စဖော်မာ အမှတ်(၁)အား ဓာတ်အားပြန်လည်ချိတ်ဆက်ပို့လွှတ်ခြင်းလုပ်ငန်းကို ၂၀၂၆ ခုနှစ် နိုဝင်ဘာ ၁၃ ရက် နံနက် ၆ နာရီမှ ၈ နာရီအထိ အချိန် နှစ်နာရီကြာခန့် ဓာတ်အားပိတ်ဆောင်ရွက်မည်ဖြစ်ပါ၍ မန္တလေး တိုင်းဒေသကြီး မြင်းခြံမြို့၊ တောင်သာမြို့၊ နွားထိုးကြီးမြို့၊ ငါန်းဖွန်မြို့၊ ပုဂံမြို့နှင့် ညောင်ဦးမြို့တို့ရှိ ရပ်ကွက်များနှင့် ကျေးရွာများ ယာယီဓာတ်အားပြတ်တောက်နေမည်ဖြစ်ကြောင်း၊ ဓာတ်အားပြတ်ခံရယာများရှိ ဓာတ်အားသုံးစွဲသူ မိဘပြည်သူများကို သက်ဆိုင်ရာ မြို့နယ်လျှပ်စစ်မန်နေဂျာရုံးနှင့် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးများမှတစ်ဆင့် ကြိုတင် အသိပေးထားပြီးဖြစ်ပါကြောင်း လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ သိရသည်။

သတင်းစဉ်

မုဒုံမြို့၌ လိုင်စင်ရ တံဆိပ်ခေါင်းရောင်းချသူများအားအသိပညာပေး



မုဒုံ နိုဝင်ဘာ ၁၂

မွန်ပြည်နယ် အတွင်းရှိ လိုင်စင်ရတံဆိပ်ခေါင်းရောင်းချသူများ၏ လုပ်ငန်းဆောင်ရွက်မှုများ ပိုမို ကျွမ်းကျင်လာစေရန်နှင့် ပြည်သူများအား ကောင်းမွန်သည့် ဝန်ဆောင်မှုများ ပေးနိုင်စေရန် အတွက် မုဒုံမြို့နယ် လိုင်စင်ရ တံဆိပ်ခေါင်း ရောင်းချသူများအား ပညာပေး မွမ်းမံသင်တန်းကို ယမန်နေ့က မြို့နယ်အခွန်ဦးစီးဌာနမှုံးရုံး၌ ပြုလုပ်သည်။

ဦးစွာ မုဒုံမြို့နယ် အခွန်ဦးစီးဌာနမှုံးက လိုင်စင်ရတံဆိပ်ခေါင်း ရောင်းချသူအနေဖြင့် ဥပဒေ၊ နည်းဥပဒေများ၊ ပြည်တွင်းအခွန်များဦးစီးဌာနက ထုတ်ပြန်ထား သောအမိန့်၊ ညွှန်ကြားချက်များ နှင့်အညီ တိကျစွာ လိုက်နာဆောင်ရွက် နိုင်ရန် ပြောကြားခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ရေချိုစိမ့်စမ်း မခန်းစေဖို့ ၊ သစ်ပင်စိုက်ပျိုးထိန်းသိမ်းစို့

ရေကြည်လင်မှ စိတ်အေးချမ်း၊ ရေချိုထိန်းမှ ကမ္ဘာစိမ်းလန်း

သယံဇာတကြွယ်ဝ၊ ပညာဉာဏ်ပြည့်ဝ၊ နှလုံးလှကြပြီဆိုလျှင် (၃)

တရုတ်ပြည်သူ့သမ္မတနိုင်ငံက Three Gorges Dam အား မြစ်ရေကို တားဆီးတည်ဆောက်ပြီး လျှပ်စစ်ဓာတ်အားထုတ်လုပ်၍ တိုင်းပြည်၏ လျှပ်စစ်လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ခဲ့သဖြင့် သန်းတစ်ထောင်ကျော်သော တရုတ်ပြည်သူတို့ ပျော်နေသည်။ ထို့ပြင် မြစ်ကူးတံတား၊ တောင်ကိုထွင်းဖောက်၍ လမ်း၊ တံတားများ တည်ဆောက်နိုင်ကာ လူမှုစီးပွားဘဝမြင့်မားအောင် ဆောင်ရွက်နိုင်ခဲ့သည်။



ဒေါက်တာမောင်ကျော်ပါမောက္ခချုပ်(ငြိမ်း)

ပြည်တွင်း၌ ကမ္ဘာအလှပဆုံး နည်းပညာကုမ္ပဏီကြီးများ၏ ရင်းနှီးမြှုပ်နှံမှုကိုလည်း ခွင့်ပြုခဲ့သည်။ ပြည်ဝန်ိုင်ငံများသို့လည်း တရုတ်ကုမ္ပဏီကြီးများက ရင်းနှီးမြှုပ်နှံနေသည်ကို မြင်တွေ့ရသည်။ ဤသို့ဆောင်ရွက်နိုင်ခြင်းမှာ ရှေးယခင်က ဖွံ့ဖြိုးမှုမြင့်မားခဲ့သည့် အင်္ဂလန်၊ ဂျာမနီ၊ ဂျပန်၊ ကိုရီးယားနိုင်ငံတို့ကဲ့သို့ပင် စက်မှုဖြင့် စီးပွားရေးကိုထူထောင်နိုင်ခဲ့၍ဖြစ်သည်။ ရေအားလျှပ်စစ်ကို ဖောဖောသီသီသုံးနိုင်ခြင်းကြောင့် စက်မှုနိုင်ငံ တည်ထောင်နိုင်ခဲ့သည်။ လေထုညစ်ညမ်းမှုကို ထိထိမိမိ လျှော့ချနိုင်ခဲ့သည်။ သိပ္ပံအခေါ်အရ Carbon Credit ရရှိသဖြင့် တရုတ်နိုင်ငံ၏ အလွန်တရာကြီးမားသည့် ရေအားလျှပ်စစ်စီမံကိန်းကို ထောက်ခံလာကြသည်။

လေသယံဇာတ

လေထုသည် ဓာတ်ငွေ့ ငါးမျိုးပါဝင်သော အရောအနှောဖြစ်ပြီး အောက်ဆီဂျင်၊ နိုက်ထရိုဂျင်၊ အာဂွန် (Argon)၊ ကာဗွန်ဒိုင်အောက်ဆိုက်နှင့် ရေခိုးရေငွေ့တို့ ပါဝင်သည်။ နိုက်ထရိုဂျင်၊ အောက်ဆီဂျင်၊ ကာဗွန်ဒိုင်အောက်ဆိုက်၊ ရေခိုးရေငွေ့နှင့် အာဂွန်သည် အဖိုးမဖြတ်နိုင်သော သယံဇာတလည်းဖြစ်သည်။ မှန်လုံအိမ်အာနိသင်ရှိသည့် ကာဗွန်ဒိုင်အောက်ဆိုက်ကြောင့် ကမ္ဘာကြီးပူနွေးလာကြောင်း လက်ညှိုးထိုးအပြစ်တင်ကြသည်။ လေထုတွင် ထိုဓာတ်ငွေ့အနည်းငယ်မျှမရှိလျှင် သစ်ပင်သစ်တော၊ ဆန်ရေစပါး မဖြစ်ထွန်းမည်ကို လူအများစုမသိကြပေ။ ကာဗွန်ဒိုင်အောက်ဆိုက်သည် ပုံမှန် (၂၈၅-၃၀၀ppmV အမ်)ဆိုလျှင် "မိတ်ဆွေ" ဓာတ်ငွေ့ဖြစ်သည်။ လူနှင့် သတ္တဝါအပေါင်း အသက်ဆက်ရှင်သန်ရန်ဖြစ်သည်။

လေကို အလိုအလျောက် တစ်နေ့လျှင် ကြိမ်ဖန်များစွာ အသက်ရှူသွင်းလျက်ရှိကြ၏။ သေချာပေါက် ပြောနိုင်သည်မှာ ၅ မိနစ်မှ ၁၀ မိနစ်ထက် ကျော်လွန်၍ လေကောင်းလေသန့်မရလျှင် အသက်ရှင်ဖို့မဖြစ်နိုင်။ ထမင်းအသက် ခုနစ်ရက်၊ ရေအသက် တစ်မနက်၊ လေအသက် ၁၀ မိနစ်ဆိုသည်ကို ထောက်ရှုလျှင် လူသားတို့အတွက် လေသည် အရေးကြီးပုံ၊ လေကောင်းလေသန့်ဖြစ်ထွန်းရရှိရေးသည် မည်မျှအရေးကြီးကြောင်း သိနိုင်သည်။

မြန်မာနိုင်ငံ၌ အဓိုးနီးယားထုတ်နိုင်လျှင် ယူရီးယားထုတ်၊ နိုက်ထရိတ်ထုတ်၊ အဓိုနီယမ်ဆာလဖိတ်လည်းထုတ်နိုင်ပြီး တောင်သူလယ်သမားများ လယ်ယာလုပ်ငန်းခွင်တွင် အသုံးပြုနိုင်ပါက ဂျို့၊ စပါးများ အထွက်တိုးပြီဟု ပြောနိုင်ပါမည်။ ရေနည်းနည်းနှင့် အထွက်တိုးသော၊ အချိန်တိုတိုနှင့် သီးနှံအထွက်ကောင်းသော၊ ပိုးမွှားဒဏ်ခံနိုင်သော သီးနှံပင်များ အလျှံပယ်ထွက်ပေါ်လာပါလိမ့်မည်။

တေဇော၊ အပူဓာတ်၊ (စွမ်းအင်)

၁၈၀၇ ခုနှစ်တွင် စွမ်းအင် (Energy) ဆိုသည့် စကားရပ်က သိပ္ပံဝေါဟာရအဖြစ် နိုင်ငံတကာ အတိဓာန်တွင် ဝင်လာသည်။ စွမ်းအင်သည် အလုပ်လုပ်နိုင်သောအရာ၊ ရေနွေးငွေ့မှဖြစ်ပေါ်သည့် အပူစွမ်းအင်ဖြစ်သည်။ ထိုအပူစွမ်းအင်ကို ကျောက်မီးသွေး လောင်ကျွမ်းခြင်းမှလည်းရသည်။ ကျောက်မီးသွေး လောင်ကျွမ်းခြင်းကြောင့် ဖြစ်ပေါ်သည့်စွမ်းအင်သည် ဓာတုစွမ်းအင်ဖြစ်သည်။

ကျောက်ဖြစ်ရုပ်ကြွင်းလောင်စာမှန်သမျှသည် ဓာတုစွမ်းအင်ဖြစ်သည်။ ဤဓာတုစွမ်းအင်သည်ပင် နေမင်းကြီး၏ ရောင်ခြည်ကြောင့်ဖြစ်သည်။ နေမင်းကြီးက အဏုမြူစွမ်းအင်ကို ထုတ်ပေးလျက်ရှိသည်။ နှစ်ပေါင်း ၄ ဒသမ ၆ ဘီလီယံချီ၍ ကြာခဲ့ပြီဖြစ်သည်။ အပူ၊ အလင်း၊ ဓာတု၊ လျှပ်စစ်နှင့် အဏုမြူစွမ်းအင်တို့သည် ခြားနားသော စွမ်းအင်အမျိုးအစားများဖြစ်သည်။ မည်သည့်စွမ်းအင်မဆို အကျိုးရှိစွာ၊ အန္တရာယ်ကင်းစွာသုံးစွဲနိုင်သော နည်းပညာကျွမ်းကျင်သည့် လူ့စွမ်းအားအရင်းအမြစ်များ လိုအပ်နေသည်။

ယခင်က အပူဓာတ်၊ စွမ်းအင်ဆိုသည်မှာ အဘယ်အရာနည်း၊ စွမ်းအင်ကို မည်သို့ရရှိမည်နည်းဟူမူ အလွမ်းဝေခဲ့သော်လည်း မျက်မှောက်ကာလ၌ ထိုမျှဝေး၊ နည်းပညာကြောင့် လက်လှမ်းမှီလာပြီဖြစ်သည်။ ဥရောပ အနောက်/အရှေ့၊ အမေရိကန်၊ ရုရှား၊ တရုတ်နှင့် ဂျပန်တို့က တေဇော၊ အပူဓာတ်ကိုနိုင်သဖြင့် သံသတ္တုကို ကြေး၊ ငွေ၊ ရွှေတို့ထက် မြေသယံဇာတများမှ ထုတ်ယူသုံးစွဲခဲ့ကြသည်။ သံသေသဖြင့် တစ်ပြည်ဝခဲ့ကြသည်။ ဂုတ်ထိပ်တံတားကြီးတည်ဆောက်ရာတွင် အမေရိကန်နိုင်ငံ Pennsylvania and Maryland Steel Company (ပင်ဆယ်လ်ဗေးနီးယားနှင့် မေရီလန်းစတီးကုမ္ပဏီ) မှ သံတိုင်သံပေါင်းများ ဝယ်ယူခဲ့ရသည်။

ကျောက်ဖြစ်ရုပ်ကြွင်း ကျောက်မီးသွေးလောင်စာများမှလည်း စွမ်းအင်တစ်မျိုးဖြစ်သည့် လျှပ်စစ်စွမ်းအင်ရရှိသည်။ နည်းပညာမြင့်သည့် ဥရောပနိုင်ငံများ၊ ရုရှား၊ ဂျပန်တို့က အဏုမြူစွမ်းအင်ကိုသုံး၍ လျှပ်စစ်ထုတ်ကာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရန် အားထုတ်ခဲ့ကြသည်။ မြန်မာနိုင်ငံသည် အဏုမြူစွမ်းအင်ထုတ်လုပ်သုံးစွဲနိုင်ရေး ကြိုးပမ်းလျက်ရှိနေခြင်းမှာ စွမ်းအင်သယံဇာတမှန်သမျှ နိုင်ငံဖွံ့ဖြိုးရေး ပညာဖြင့် ချိန်ဆဆောင်ရွက်နေခြင်းဖြစ်သည်။

လူငယ်များ စာတတ်မှ၊ ပညာတတ်မှ၊ အရည်အချင်းပြည့်ဝနေမှ အနာဂတ်က ရှင်သန်နိုင်ပြီ။ စိတ်ကောင်း စေတနာကောင်း၊ ထူးချွန်ထက်မြက်သည့် ပင်ကိုအရည်အသွေး၊ နိုင်ငံကြီးသားစိတ်ဓာတ် ရှိပြီဆိုလျှင် လူကောင်းဖြစ်လာပြီ၊ အနာဂတ်ကို ကောင်းစွာတည်ဆောက်နိုင်လိမ့်မည်။ ဖွံ့ဖြိုးရန်အတွက် စည်းကမ်းကောင်းမွန်ရေး၊ တရားဥပဒေလိုက်နာရေး၊ ဆိုးသွမ်းလူငယ်များမဖြစ်ရေး၊ ဒုစရိုက်ကင်းသောသူဖြစ်ရေး၊ သိပ္ပံနည်းကျတွေးခေါ်နိုင်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်နိုင်ရေးအတွက် လူ့စွမ်းအားအရင်းအမြစ်များကို တက္ကသိုလ်များက မွေးထုတ်ပေးရလိမ့်မည်။

နိုင်ငံတကာလူ့စွမ်းအားအရင်းအမြစ်

စိုက်ပျိုး၊ စက်မှု၊ အဏုမြူ၊ အိုင်တီ၊ ဂျိန်းခေတ် အသီးသီးက လိုအပ်သော လူ့စွမ်းအားအရင်းအမြစ် ရရန် တက္ကသိုလ်ကြီးများ၏ သင်ကြားမှုနှင့် သုတေသနကိုပံ့ဖိုးခဲ့သည်။ အမေရိကန်နိုင်ငံတွင် အများစုလက်ငင်းအကျိုးပြုမည့် စက်မှုနှင့် စိုက်ပျိုးရေးအားသန်သည့် တက္ကသိုလ်၊ ကောလိပ်များ အလျင်အမြန်ပေါ်ပေါက်ခဲ့သည်။

ဂျပန်နိုင်ငံတွင် လူ့စွမ်းအားအရင်းအမြစ်ကို ဖန်သန်းအောက် အရောက်မခံ။ ထိုဦးရေသည် မြန်မာနိုင်ငံ၏ လူဦးရေထက်ပို၍များသည်။ ဂျပန်နိုင်ငံ၏ လူ့စွမ်းအားသယံဇာတသည် ကမ္ဘာ့အလယ်တွင် တန်ဖိုးရှိလှသည်။ သူမတူ ထူးခြားအောင်မြင်မှု၏အရင်းခံမှာ အလုပ်ကြိုးစားလုပ်သူ ဂျပန်လူထု ဖြစ်သည်။ ဂျပန်တို့သည် သယံဇာတကိုချည်း၊ ခေါင်းဆောင်ကောင်းကိုချည်း မျှော်လင့်နေသူများ မဟုတ်။ မိုးကိုချည်း မျှော်လင့်နေသူမဟုတ်။ လျှပ်စစ်မရှိလျှင် ရှိအောင်ကြံဖန်လုပ်တတ်သည့် သတ္တိက ဂျပန်၏ အောင်မြင်ခြင်းတရားများဖြစ်သည်။

ဂျပန်နိုင်ငံသည် စက်မှုအလွန်ထွန်းကားနေသော်လည်း ထူးခြားချက်တစ်ခုမှာ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လက်မလွတ်၊ နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေးက အကြောင်းရင်းသာဟု ထင်မြင်စရာရှိသည်။ အမေရိကန်နှင့် ထိုင်းနိုင်ငံမှ ဆန်ကို ဈေးသက်သက်သာသာဖြင့် ဝယ်စားနိုင်သော်လည်း သွင်းကုန်အဖြစ် လက်မခံ။ ကိုယ့်အားကိုယ်ကိုးနိုင်ရမည့်သဘောမျိုးလည်းပါမည်၊ မိမိုးဖလာသဘောမျိုး လုပ်ခြင်းသက်သက်မဖြစ်နိုင်။ ဂျပန်လယ်သမားများသည် ပညာပါသော စိုက်ပျိုးရေးကိုအခြေပြုသည့်၊ နည်းပညာအခြေခံသည့် စိုက်ပျိုးရေးကို လှမ်းနေသည်ဟု ခန့်မှန်းရသည်။

၂၀ ရာစုနှောင်းပိုင်းမှာ တရုတ်သိပ္ပံနှင့် နည်းပညာရှင် လူ့စွမ်းအားအရင်းအမြစ်သည် သန်းနှစ်ဆယ်ကျော်ထိရှိခဲ့သည်။ ရုရှားနိုင်ငံသို့ လည်းကောင်း၊ အမေရိကန်နှင့် ဥရောပနိုင်ငံများသို့ လည်းကောင်း ပညာသင်များစေလွှတ်၍ နည်းပညာများကိုရယူကာ ထိုအတွေ့အကြုံဖြင့် တရုတ်နိုင်ငံ၏ ဆင်းရဲခွဲတေမှုကို လျှော့ချနိုင်ခဲ့သည်။ တရုတ်နိုင်ငံ၏ တက္ကသိုလ်တစ်ရာကို ကမ္ဘာ့အဆင့်မီရန် အားထုတ်ခဲ့သည်။ စက်မှုနိုင်ငံအဖြစ် တည်ထောင်နိုင်ခဲ့သည်။

စိတ်နှလုံးလှဆိုသည်

"စိတ်နှလုံးလှ"ဆိုသည်မှာ ကြည်လင်သော စိတ်၊ ဗြဟ္မစိုရိတရားလေးပါးကို ရင်ဝယ်ထားနိုင်သောစိတ်၊ တရားမျှတသောစိတ်၊ ကောင်းခြင်းမင်္ဂလာအဖြာဖြာကို ဖြန့်ဝေလိုသောစိတ်၊ ငြိမ်းချမ်းစွာ အတူလက်တွဲနေလိုသောစိတ်၊ ပြဿနာဟူသမျှကို ဖြေရှင်းလိုသောစိတ်၊ ကြီးသူကိုရိုသေ၊ ရွယ်တူကို လေးစား၊ ငယ်သူကို ထောက်ထားညှာတာသောစိတ် စသည်တို့ဖြစ်သည်။

နိုင်ငံသားတို့တွင် ပြည်သူ့တာဝန်၊ ဝန်ထမ်းတာဝန်တို့ကို သိနားလည်အပ်သော သဘောတရားမှာ ကျယ်ဝန်းများပြားလှ၏။ နိုင်ငံတော်ကိုကြည်ညိုလေးစားခြင်း၊ အများ၏အကျိုးအတွက် စိတ်ရောကိုယ်ပါဆောင်ရွက်ခြင်း၊ တရားဥပဒေအရ လိုက်နာကျင့်သုံးဆောင်ရွက်ခြင်း၊ အသိဉာဏ်နှင့်ယှဉ်၍ ရိုးသားဖြောင့်မတ်ခြင်းတို့ဖြစ်၏။ နိုင်ငံသားတိုင်း ရှိသင့်သော သဘောတရားတာဝန်တို့တွင် နိုင်ငံတော်၏အကျိုးစီးပွားပျက်ပြားစေမည့်အတွင်းရန်၊ အပြင်ရန်ဟူသမျှကို တွန်းလှန်ဖြိုဖျက်ရမည်။

နိုင်ငံတော်စည်ပင်သာယာရေး၊ ကြီးပွားတိုးတက်ရေးအတွက် မိမိမွမ်းဆောင်နိုင်သည့်ဘက်မှ ဝင်ရောက်ဆောင်ရွက်ရမည်။ လူ့စွမ်းအားအရင်းအမြစ် မြင့်မားသည့်လူ့အဖွဲ့အစည်း၊ အတွေ့အကြုံအမြော်အမြင်ရှိသည့် လူ့အဖွဲ့အစည်းများ ဖြို့၊ ရွာ၊ တစ်နိုင်ငံလုံးအနှံ့ရှိစေချင်သည်။ ပညာတတ်၊ အရည်အချင်းပြည့်ဝသူ၊ ဗလငါးတန်ပြည့်ဝသူတို့က သာ နိုင်ငံအပြောင်းအလဲကို ပြုလုပ်နိုင်ပါလိမ့်မည်။

ကျန်ုပ်တို့သည် စိတ်ကောင်းစိတ်မြတ်၊ သီလသမာဓိ၊ ဝိရိယ၊ ပညာ၊ သတိတို့ဖြင့် သွားကြရမည့်ခရီးဖြစ်သည်။ မိမိတို့၏အစွဲအလမ်း၊ အယူဝါဒတို့ကို လျစ်လျူရှုနိုင်ကြရမည်။ စေတနာထက်သန်မှု၊ သဒ္ဓါတရားကို ပညာဉာဏ်ဖြင့် ထိန်းနိုင်ကြရမည်။ စိတ်ထက်သန်မှု ဝိရိယကို သမာဓိကြီးစွာဖြင့် အပြန်ပြန်အလှန်လှန် ထိန်းချုပ်လျက် သတိတရားကို မဂ္ဂင်္ဂထားကာ စဉ်းစားဆင်ခြင်သုံးသပ်ခြင်း၊ အဆုံးအဖြတ်ပေးခြင်း လောကနီတိကျမ်းမှ ဆုံးမလမ်းညွှန်ထားသော မကောင်းသောအကျင့်စရိုက်များကို ရှောင်ကြဉ်၍ မိမိအတွက်ကောင်းသော အကျိုးရှိသော ပညာကိုဆည်းပူးပါက မိမိဘဝအောင်မြင်တိုးတက်နိုင်မည်

စိတ်တွင် ပြင်းထန်နေသော လောဘ၊ ဒေါသ၊ မောဟတို့သည် ပုထုဇဉ်လူသားတို့အား ဒုက္ခပေးတတ်သည်။ မာန၊ ဣဿာ၊ မစ္ဆရိယ၊ ဒိဋ္ဌိတို့ကို သယ်ဆောင်မပြီဆိုလျှင် တစ်နေ့တာဘဝက လေးလံစွာ ဖိစီးနေပါလိမ့်မည်။ နိုင်ငံသားတိုင်း ပညာတတ် နှလုံးလှကြပြီဆိုလျှင် လူနှင့်တကွ ဂေဟစနစ်ကြီးသည် ရေရှည်တည်တံ့ဖွံ့ဖြိုးလျက် ထာဝရအကျိုးပြုနိုင်မည်၊ သဘာဝသယံဇာတတို့သည် ပို၍တန်ဖိုးရှိလာမည်ဖြစ်သည်။

- နိဂုံးချုပ်အားဖြင့် ... ရေ၊ မြေ၊ တောတောင် သယံဇာတ၊ မြေပေါ်မြေအောက်သယံဇာတ ပေါကြွယ်ဝနေသည်မို့ ချမ်းသာနိုင်သည်။ ပညာနှင့်အတတ်ပညာ အမြော်အမြင်ကြီးလျှင် ပို၍ချမ်းသာလိမ့်မယ်။ "သံသေတစ်ပြည်ဝ"ဆိုသည်မှာ မည်မျှအရေးကြီးကြောင်း အတတ်ပညာ၊ နည်းပညာပါသည့် လူ့အဖွဲ့အစည်းသည် ချမ်းသာနိုင်သည်ကို ကမ္ဘာကိုကြည့်လျှင် မြင်တွေ့နိုင်ပါသည်။
- ယနေ့အချိန်အခါတွင် အရည်အသွေးမြင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ်အေးချမ်းဖွံ့ဖြိုးတိုးတက်သော နိုင်ငံဖြစ်ရေး မည်မျှအရေးကြီးကြောင်း၊ ရေခဲမြေခဲကောင်းသော၊ သယံဇာတပေါကြွယ်သော၊ ပထဝီနိုင်ငံရေးကောင်းသော မြန်မာနိုင်ငံကြီးအား ရေရှည်ဖွံ့ဖြိုးတိုးတက်မှုရှိစေရေး မည်မျှအရေးကြီးကြောင်းနှင့် နိုင်ငံသားတိုင်း ပညာတတ် နှလုံးလှကြပြီဆိုလျှင် ပထဝီ၊ တေဇော၊ အာဘော၊ ဝါယောဟူသော ဓာတ်ကြီးလေးပါး သယံဇာတတို့သည် ပို၍တန်ဖိုးရှိလာမည်ဖြစ်ကြောင်း ရေးသားအပ်ပါသည်။ ။

စုပေါင်းမဟာဘုံကထိန် အလှူတော်မင်္ဂလာ၊ ဆီမီးပူဇော်ပွဲ၊ မီးပုံးပျံလွှတ်တင်ပွဲနှင့် (၅၂)နှစ်မြောက် ရခိုင်ပြည်နယ်နေ့ အခမ်းအနားများကို စစ်တွေမြို့၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်



စစ်တွေ နိုဝင်ဘာ ၁၂

ရခိုင်ပြည်နယ် အစိုးရအဖွဲ့က ကြီးမှူးပြီး ၁၃၈၈ ခုနှစ် တန်ဆောင်မုန်း လပြည့်နေ့ စုပေါင်းမဟာဘုံကထိန် အလှူတော်မင်္ဂလာအခမ်းအနား၊ ဆီမီးပူဇော်ပွဲနှင့် မီးပုံးပျံလွှတ်တင်ပွဲ အခမ်းအနားများနှင့် (၅၂)နှစ်မြောက် ရခိုင်ပြည်နယ်နေ့ အခမ်းအနားများကို စစ်တွေမြို့၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အခမ်းအနားများ အောင်မြင်စွာ ကျင်းပနိုင်ရေး အတွက် ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီများ လုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ နံနက်ပိုင်းက ရခိုင်ပြည်နယ် အစိုးရအဖွဲ့ရုံး အစည်းအဝေး ခန်းမ၌ ကျင်းပခဲ့ပြီး ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးနိုင်ဦးက စစ်တွေ မြို့ပေါ်ရှိ ဝါဆိုဘုန်းတော်ကြီး ကျောင်း ၃၄၁ ကျောင်းရှိသည့် အနက် ကထိန်ဓရဏေသော ဘုန်းတော်ကြီး ကျောင်းများကို ရခိုင်ပြည်နယ် အစိုးရအဖွဲ့မှ ဦးဆောင်၍ ဌာနဆိုင်ရာများဖြင့် စုပေါင်းပြီး ကထိန်လှူဒါနခံနှင့် ပဒေသာပင်များ ဆက်ကပ် လှူဒါန်းသွားမည် ဖြစ်ကြောင်း၊ တန်ဆောင်မုန်းလပြည့်နေ့ ဆီမီး ပူဇော်ပွဲနှင့် မီးပုံးပျံလွှတ်တင်ပွဲ အခမ်းအနားကို စည်ကား သိုက်မြိုက်စွာဖြင့် ဆောင်ရွက်နိုင် ရန်အတွက် လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးသွား မည်ဖြစ်ကြောင်း ပြောကြားသည်။

ဆောင်ရွက်

ထို့ပြင် ပြည်နယ်ဝန်ကြီးချုပ်က ရခိုင်ပြည်နယ်နေ့ အခမ်းအနား မကျင်းပမီ ကော်မတီအလိုက် အချိန်ယူ၍ ဆောင်ရွက်ရမည့် အားကစားပြိုင်ပွဲများ၊ စာစီစာကုံး ပြိုင်ပွဲ၊ လူငယ်စကားပိုင်းဆွေးနွေး ပွဲနှင့် အခြားပြိုင်ပွဲများ၊ နယ်ပယ် အသီးသီးမှ သက်ဆိုင်ရာကဏ္ဍ အလိုက် ထူးချွန်စွာ ဆောင်ရွက် ခဲ့သူများကို စီမံ၊ စီးပွား၊ လူမှု ထူးချွန်ဆုများ ချီးမြှင့်ပေးရန်ရှိ ကြောင်း ပြောကြားကာ လုပ်ငန်း ကော်မတီများ၏ တင်ပြချက်များ အပေါ် ပေါင်းစပ်ညှိနှိုင်းဆောင် ရွက်ပေးခဲ့ကြောင်း သိရသည်။

တင်ထွန်း(ပြန်/ဆက်)

ဘားအံမြို့ရှိ တည်ဆောက်ရေးလုပ်ငန်းများ အချိန်မီပြီးစီးရေး ကရင်ပြည်နယ်ဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး



ဘားအံ နိုဝင်ဘာ ၁၂


ကရင်ပြည်နယ် တရားလွှတ်တော် (၁၃၄ x ၁၄၁) ပေ RC သုံးထပ် အဆောက်အအုံကို ဘားအံမြို့ အမှတ်(၁)ရပ်ကွက် ဆေးရုံလမ်း မြန်မာ့စီးပွားရေး ဘဏ်ခွဲရှေ့တွင် အဆောက်အဦ အထူးအဖွဲ့(၁၃)မှ တာဝန်ယူ တည်ဆောက်လျက်ရှိရာ ယမန်နေ့က ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်တရား လွှတ်တော်တရားသူကြီးချုပ်နှင့် တာဝန်ရှိသူများက သွားရောက် ကြည့်ရှုစစ်ဆေးကြသည်။

ကြည့်ရှုစစ်ဆေးစဉ် အဆောက် အဦအထူးအဖွဲ့(၁၃)မှ တာဝန်ရှိ သူများက ပင်မအဆောက်အအုံ လုပ်ငန်းတစ်ခုလုံး၏ ၃၅ ရာခိုင်နှုန်း တည်ဆောက်ပြီးစီးမှု အခြေအနေ၊ အဆိုပါ အဆောက်အအုံတွင် ပါဝင်မည့် တရားခွင်များ၊ ရုံးခန်း များ၊ စာကြည့်တိုက်၊ အစည်း အဝေးခန်းအစရှိသည့် ဖွဲ့စည်း တည်ဆောက်ပုံများကို ရှင်းလင်း တင်ပြကြပြီး ပြည်နယ်ဝန်ကြီးချုပ် နှင့်အဖွဲ့သည် တည်ဆောက်ရေး လုပ်ငန်းခွင်အတွင်း လှည့်လည် ကြည့်ရှုစစ်ဆေးကာ သတ်မှတ် စံချိန်စံညွှန်းများနှင့်အညီ အချိန်မီ ပြီးစီးနိုင်ရေး ကြိုးပမ်းဆောင်ရွက် ကြရန် မှာကြားသည်။

ထို့နောက် ဘားအံမြို့ လှာကမြင့် ကွက်သစ်ရှိ ပွဲကြည့်စင်ပါ(Indoor Stadium) ဇွဲကပင်အဆင့်မြင့် ရေကူးကန်နှင့် ခိုင်ဗင်ကန် တည်ဆောက်ခြင်း လုပ်ငန်းခွင်သို့ ရောက်ရှိရာ ရှင်းလင်းဆောင်ရွက် ခဲ့သူများကို ရှင်းလင်းတင်ပြ ကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက တည်ဆောက် ရေးလုပ်ငန်းများကို လိုက်လံ ကြည့်ရှုစစ်ဆေးကာ လိုအပ်သည် များ မှာကြားသည်။

စောမျိုးမင်းသိန်း(ပြန်/ဆက်)

ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်၌ (ဆဋ္ဌမအကြိမ်မြောက်) မြန်မာနိုင်ငံလုံးဆိုင်ရာ နာဂပုရသာသနာလက်ာရ သာမဏေကျော်စာမေးပွဲ တတိယနေ့တွင် ရဟန်း သာမဏေ၊ သီလရှင် စုစုပေါင်း အပါး ၃၀၀၀ ကျော် ဝင်ရောက်ဖြေဆို



ဟိုပုံး နိုဝင်ဘာ ၁၂

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်တွင် နာဂပုရ သာသနာ လက်ာရအသင်းကြီးက ကြီးမှူး ကျင်းပသည့် မြန်မာနိုင်ငံလုံးဆိုင်ရာ(ဆဋ္ဌမအကြိမ်)နာဂပုရ သာသနာ လက်ာရ သာမဏေကျော်စာမေးပွဲကို ယနေ့မွန်းလွဲပိုင်းက နောင်တောင်း ပရဟိတတပ်ဦး ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၌ ဆက်လက် ဖြေဆိုလျက်ရှိရာ အလှူရှင်များက လှူဖွယ်ပစ္စည်းများနှင့် အလှူငွေများ လာရောက်လှူဒါန်းခဲ့ကြပြီး ဆရာတော်၊ သံဃာတော်များ၊ စာဖြေ ရဟန်း သာမဏေ၊ သီလရှင်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြ သည်။

အဆိုပါစာမေးပွဲတွင် မြန်မာနိုင်ငံအရပ်ရပ်မှ ရဟန်း သာမဏေ၊ သီလရှင်များ ဝင်ရောက် ဖြေဆိုကြပြီး ဥပစာတန်း ရဟန်း သာမဏေ၊ သီလရှင် ၆၅ ပါး၊ မူလတန်း ရဟန်း သာမဏေ၊ သီလရှင် ၂၈၅ ပါး၊ ပထမအဆင့် ရဟန်း သာမဏေ၊ သီလရှင် ၁၈၄၂ ပါး၊ ဒုတိယအဆင့် ရဟန်း သာမဏေ၊ သီလရှင် ၈၆၉ ပါး၊ တတိယအဆင့်ရဟန်း သာမဏေ၊ သီလရှင် ၃၇၉ ပါး စုစုပေါင်း ရဟန်း သာမဏေ၊ သီလရှင်အပါး ၃၄၄၀ ဝင်ရောက်ဖြေဆိုကြပြီး အဆိုပါ စာမေးပွဲကို နိုဝင်ဘာ ၁၅ ရက်အထိ ကျင်းပသွားမည်ဖြစ်ကာ ရပ်နီး/ရပ်ဝေးမှ ဒေသခံပြည်သူများမှလည်း အလှူငွေများ ဆက်ကပ်လှူဒါန်းနိုင်ကြောင်း သိရသည်။

ပအိုဝ်းဒေသ(ပြန်/ဆက်)

ကျိုင်းတုံမြို့၌ စာကြည့်တိုက်ဆိုင်ရာ လှုပ်ရှားမှုပြုလုပ်

ကျိုင်းတုံ နိုဝင်ဘာ ၁၂

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့၌ ကျွန်ုပ်တို့ စာကြည့်တိုက်၊ ကျွန်ုပ်တို့ကမ္ဘာ (My Library, My World Campaign) အမည်ဖြင့် စာကြည့်တိုက်ဆိုင်ရာလှုပ်ရှားမှုကို နိုဝင်ဘာ ၁၁ ရက်က ကျိုင်းတုံခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးရှိခရိုင်ပြည်သူ့စာကြည့် တိုက်နှင့် လူထုအခြေပြုဗဟိုဌာနခန်းမတို့၌ ကျင်းပသည်။

ထိုသို့ဆောင်ရွက်ရာတွင် အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူ လူငယ်များအား လူငယ်စာပေကလပ်များဖွဲ့၍ စာအုပ်များကို ဖတ်ကြားသုံးသပ်ပြောဆိုခြင်း၊ ကလေးစာဖတ်ခန်းတွင် ပုံပြင်ပြော ပြိုင်ပွဲကျင်းပခြင်း၊ ပုံဆွဲခြင်း၊ ခရိုင်ပြည်သူ့စာကြည့်တိုက်အတွင်းရှိ စာအုပ်စာစောင်များကို လေ့လာဖတ်ရှုစေခြင်း၊ စာပေဖတ်ရှုခြင်း၏ အကျိုးကျေးဇူးများအကြောင်းကို အသိပညာပေးဟောပြောခြင်း၊ ကလေးတိုင်းစာဖတ်စေရေး၊ စာဖတ်သူလူငယ်များ၏ အနာဂတ် တောက်ပစေရေး၊ မိသားစုနှင့်အတူ စာပေဖတ်ရှုသည့် အလေ့အထ ကောင်းများရရှိစေရေး အစီအစဉ်များကို ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းများက ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အောင်ဇင်မြင့်(ပြန်/ဆက်)



ဖလမ်းမြို့၌ အယ်လ်နီညိုရာသီဥတုဆိုင်ရာ တောင်သူအသိပညာပေး ဆွေးနွေး



ဖလမ်း နိုဝင်ဘာ ၁၂

ချင်းပြည်နယ် ဖလမ်းမြို့၌ အယ်လ်နီညိုရာသီဥတုဖြစ်စဉ်နှင့် ပတ်သက်၍ စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းက မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံးတောင်သူပညာပေးစင်တာ၌ ကျင်းပသည်။

ဦးစွာ ချင်းပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန ဒုတိယပြည်နယ်ဦးစီးမှူးက အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် စိုက်ပျိုးရေးလုပ်ငန်းများ အပေါ် သက်ရောက်လာနိုင်မှုအကြောင်း သိကောင်းစရာများနှင့် တောင်သူများ လိုက်နာဆောင်ရွက်ရမည့်အချက်များကို ရှင်းလင်း ဆွေးနွေးသည်။

ဆက်လက်ပြီး ဖလမ်းခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူးက တက်ရောက်လာသည့် တောင်သူများအား ချင်းဘာသာစကားဖြင့် ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ ခရိုင်(ပြန်/ဆက်)

အဖိုးတန်ရေချို တန်ဖိုးထား ထိန်းသိမ်းကြစေလို

ကြေးမုံ

နယ်စပ်ဒေသတွင်အခြေပြု၍ တရုတ်နိုင်ငံသားများအား ပစ်မှတ်ထားလိမ်လည်နေသော Online Scam Center များ ဆက်လက်ရှင်သန်ခွင့်မရစေရေး ပြည်သူနှင့် ပူးပေါင်းနိုမ်နင်း

နေပြည်တော် နိုဝင်ဘာ ၁၂

အွန်လိုင်း လိမ်လည်လောင်းကစားမှုသည် သာမန်ငွေကြေးလိမ်လည်မှု တစ်ခုသာမဟုတ်ဘဲ နည်းပညာ၊ သတင်းအချက်အလက်၊ စီးပွားရေး၊ လုံခြုံရေးနှင့် နိုင်ငံတကာဆက်ဆံရေးတို့နှင့်ပါ ဆက်စပ်နေသည့် ကမ္ဘာလုံးဆိုင်ရာ ပြဿနာတစ်ရပ်ဖြစ်သောကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ခံယူကာ ဒေသတွင်း အင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံများနှင့်ပါ ပူးပေါင်း၍ ထိရောက်ပြတ်သားစွာ နှိမ်နင်းဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်အစိုးရ အနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို ထိရောက်ပြတ်သားစွာ ဆောင်ရွက်ခဲ့ရာ မြန်မာနိုင်ငံအတွင်းသို့ တရားဝင် ဝင်ရောက်၍ ဖြစ်စေ၊ တရားမဝင် နယ်စပ်ဖြတ်ကျော်၍ဖြစ်စေ ဝင်ရောက်လာကြပြီး အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ကျူးလွန်လုပ်ကိုင်နေကြသည့် ပြည်ပနိုင်ငံခြားသား အများအပြားကို ရှမ်းပြည်နယ် နယ်စပ်ဒေသ အသီးသီး၌ ဥင်းတို့အသုံးပြုသည့် ဆက်စပ်ပစ္စည်းများနှင့် အတူ ဖမ်းဆီးရမိခဲ့ပြီး အဆိုပါ ပြည်ပနိုင်ငံသားများတွင် တရုတ်နိုင်ငံသားများ အများဆုံးပါဝင်လျက်ရှိကြောင်း သိရှိရသည်။

၂၀၂၆ ခုနှစ် ဩဂုတ်လ ၁ ရက်မှ အောက်တိုဘာလ ၃၁ ရက်အတွင်း ရှမ်းပြည်နယ်အတွင်း ဖမ်းဆီးရမိခဲ့သည့် အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ငန်းများ လုပ်ကိုင်ခဲ့သည့် ပြည်ပနိုင်ငံသား ၇၅၉ ဦးအနက် ၅၀၂ ဦးသည် တရုတ်နိုင်ငံသားများ ဖြစ်ကြပြီး သိမ်းဆည်းရမိခဲ့သည့် ကွန်ပျူတာနှင့် ဖုန်းများအတွင်း တွေ့ရှိချက်များနှင့် ဥင်းတို့အား စီစစ်မှုများအရ ဥင်းတို့၏ တရုတ်နိုင်ငံသားအချင်းချင်းကိုသာ အဓိကပစ်မှတ်ထားပြီး အင်တာနက်၊ လူမှုကွန်ရက်နှင့် ဒီဂျစ်တယ်ဆက်သွယ်ရေးနည်းပညာများကို အသုံးချ၍ လူတစ်ဦးချင်းစီ၏ စိတ်ခံစားမှုနှင့် ငွေကြေးဆိုင်ရာ အကျိုးအမြတ်မျှော်လင့်ချက်များကို အခွင့်ကောင်းယူကာ ငွေကြေးလိမ်လည်ခြင်းများ လုပ်ဆောင်နေခြင်းဖြစ်ကြောင်း သိရှိရသည်။ ထို့သို့ ကျူးလွန်လုပ်ဆောင်ရာတွင်လည်း တရုတ်နိုင်ငံသားများသာ အဓိကအသုံးပြုသည့် မိတ်ဆွေဖွဲ့ Application နှင့် Chat Application များဖြစ်သည့် Safe Wi QQ၊ Yuanbao၊ Dou Yu၊ Feishu၊ Safe Xi Wechat၊ Litmatch နှင့် Telegram စသည့် Application များကို အသုံးပြုလေ့ရှိကြောင်း သိရှိရသည်။





လိမ်လည်သူများအသုံးပြုမည့် ရရှိသည့် အကျိုးအမြတ်ဖြင့် ပြည်သူလူထုအား ထောက်ပံ့ကူညီလျက်ရှိကြောင်း ရိုက်ကူးထားသည့်ဓာတ်ပုံ။

လိမ်လည်သူများ အသုံးပြုရန်အတွက် လိမ်လည်မည့် ဇာတ်ကောင်နှင့်ကိုက်ညီသည့် ဓာတ်ပုံအထောက်အထားများ ကြိုတင်စုဆောင်းထားမှု မှတ်တမ်းဓာတ်ပုံများ။

ဖမ်းဆီးရမိသူများအား စီစစ်ချက်များအရ ပစ်မှတ်ရွေးချယ်ခြင်းအပိုင်းနှင့် ယုံကြည်မှုတည်ဆောက်ခြင်း အပိုင်းတွင် ၎င်းတို့သည် အသိပညာနည်းပါးသူ၊ နည်းပညာအားနည်းသူနှင့် လောဘစိတ်ရှိသူများကို အဓိကပစ်မှတ်ထားရှာဖွေလေ့ရှိကြောင်း၊ ပစ်မှတ်များအား ရွေးချယ်ပြီး နောက် ချဉ်းကပ်ရမည့်ပုံစံနှင့် လိမ်လည်ရမည့်ပုံစံအား ချမှတ်နိုင်ရန် ပစ်မှတ်၏ အသက်အရွယ်၊ ဝါသနာ၊ အလုပ်အကိုင်တို့အပေါ် မူတည်၍ ခွဲခြားသတ်မှတ်ပြီး ပစ်မှတ်ထားခံရသူများ၏ယုံကြည်မှုကို ရရှိစေရန်နှင့် ရင်းနှီးသော ဆက်ဆံရေးတစ်ရပ် တည်ဆောက်နိုင်ရန် ကြိုးပမ်းကြကြောင်း၊ ပစ်မှတ်၏ လူမှုအဆင့်အတန်း၊ အလုပ်အကိုင်၊ ဝါသနာနှင့် စိတ်ဝင်စားမှုများအပေါ်မူတည်၍ ဥင်းတို့၏ အယောင်ဆောင်ပုံစံကို သတ်မှတ်ကြကြောင်း၊ စစ်ဘက်၊ ရဲဘက်ဆိုင်ရာ ရာထူးအာဏာရှိသူများ၊ လုပ်ပိုင်ခွင့်ရှိသူ အစိုးရဝန်ထမ်းများ၊ ငွေကြေးချမ်းသာကြွယ်ဝသည့် ကုမ္ပဏီပိုင်ရှင်နှင့် စီးပွားရေးလုပ်ငန်းရှင်များ၊ ပညာတတ်လူတန်းစားများ၊ နည်းပညာကျွမ်းကျင်သူများ၊ ရုပ်ရည်ချောမောလှပသူများ စသည်ဖြင့် အယောင်ဆောင်ကြကြောင်း၊ လိမ်လည်မည့် ဇာတ်ကောင်အပေါ် မူတည်၍ လိုအပ်သည့် ဇာတ်ပုံများ၊ အထောက်အထား စာရွက်စာတမ်းများ၊ လူနေမှုဘဝပုံစံများကို သဘာဝကျအောင် ကြိုတင်ဖန်တီးထားကြောင်း သိရှိရသည်။

ယင်းနောက် ကြိုတင်ဖန်တီးထားသည့် ဇာတ်ကောင်၏ လုပ်ငန်းခွင်နှင့်သက်ဆိုင်သည့် အကြောင်းအရာများနှင့် အတွေ့အကြုံများအား ပြောပြခြင်းဖြင့် တဖြည်းဖြည်း ခင်မင်မှုနှင့် ယုံကြည်မှုရရှိအောင် ချဉ်းကပ်ကြပြီး တစ်ချိန်တည်းတွင် ပစ်မှတ်၏ ဝါသနာ၊ စိတ်ပါဝင်စားမှုနှင့် ဘဝဇာတ်ကြောင်းများကိုလည်း မေးမြန်းကာ ပစ်မှတ်အကြောင်း ပိုမိုနားလည်သိရှိအောင်ဆောင်ရွက်၍ စိတ်တူကိုယ်တူရိုသူများအဖြစ် ဟန်ဆောင်လျက် ရင်းနှီးမှုနှင့် ယုံကြည်မှုရရှိအောင် တည်ဆောက်ကြကြောင်း သိရှိရသည်။

ဆက်လက်၍ လိမ်လည်မှုနည်းလမ်းများ ပြုလုပ်ခြင်းအနေဖြင့်လည်း ပစ်မှတ်ထားခံရသူများနှင့် ယုံကြည်မှုတည်ဆောက်ပြီး ၎င်းတို့၏ အသက်အရွယ်၊ လူမှုအဆင့်အတန်း၊ စိတ်ခံစားမှုနှင့် လိုအင်ဆန္ဒများအပေါ် မူတည်၍ လိမ်လည်မှုပြုလုပ်မည့် နည်းလမ်းများကို ပြောင်းလဲအသုံးပြုကြကြောင်း၊ ပစ်မှတ်သည် အသက်ငယ်ရွယ်သူဖြစ်ပါက ရုပ်ရည်ချောမောလှပသော ဆန့်ကျင်ဘက်လိင်အဖြစ် သရုပ်ဆောင်ချဉ်းကပ်ပြီး အသက်အရွယ်ကြီးသူဖြစ်ပါက အထင်ကြီးလေးစားမှု ရရှိစေရန် နိုင်ငံ့ဝန်ထမ်း သို့မဟုတ် စီးပွားရေး လုပ်ငန်းရှင်အဖြစ် အယောင်ဆောင်၍ ယုံကြည်မှုရရှိအောင် ပြုလုပ်ကြကြောင်း၊ အသက်ငယ်ရွယ်သည့် ပစ်မှတ်ဖြစ်ပါက နေ့စဉ်အဆက်အသွယ်ပြုလုပ်ခြင်း၊ ဂရုစိုက်ကြင်နာသည့် စကားများ ပြောဆိုခြင်းတို့ဖြင့် ချစ်သူရည်းစားသဖွယ် ဆက်ဆံရေးရရှိလာသည့်အခါ မိသားစုအရေးပေါ်အခြေအနေ၊ ကျန်းမာရေးပြဿနာ၊ စီးပွားရေး အဆင်မပြေမှု စသည့် အကြောင်းပြချက်များဖြင့် ငွေကြေးအကူအညီ တောင်းခံကြကြောင်း၊ အချို့သည် အနာဂတ်တွင် လက်ထပ်ပေါင်းသင်းရန် ကတိပြုပြောဆိုကာ ငွေကြေးအကူအညီများ ထပ်မံတောင်းခံကြကြောင်း၊ ငွေကြေးရရှိပြီး နောက် ဆက်သွယ်မှုဖြတ်တောက်ခြင်း၊ အကောင့်ပိတ်သိမ်းခြင်း သို့မဟုတ် အကြောင်းပြချက် အသစ်များဖြင့် ငွေထပ်မံတောင်းခံခြင်းများ ပြုလုပ်ကြကြောင်း သိရှိရသည်။

လောဘစိတ် ရှိသူများကို လိမ်လည်မှုအပိုင်းတွင် မိမိတို့တွင် အောင်မြင်နေသော စီးပွားရေးလုပ်ငန်းများ၊ ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများ ရှိကြောင်း သွေးဆောင်စည်းရုံးကာ အမြတ်အစွန်းများစွာ ရရှိနိုင်သည်ဟု ယုံကြည်အောင် ပြောဆိုကြကြောင်း၊ ထို့ပြင် အခြားသူများ ရင်းနှီးမြှုပ်နှံပြီး အကျိုးအမြတ် ရရှိနေကြောင်း ထင်မြင်စေမည့် အထောက်အထား အတုများ၊ မှတ်တမ်းအတုများနှင့် အွန်လိုင်း စာမျက်နှာအတုများကို အသုံးပြုကြကြောင်း၊ ပစ်မှတ်ထားခံရသူက စိတ်ဝင်စားလာပါက ၎င်းတို့ ဖန်တီးထားသည့် ငွေကြေးရင်းနှီးမြှုပ်နှံမှုပြုလုပ်ရသည့် Application များနှင့် စင်တော့ရှယ်ယာလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံပါက အမြတ်အစွန်း ပြန်လည်ရရှိမည်ဖြစ်ကြောင်းပြောဆို၍ အခြားသူများလည်း ရင်းနှီးမြှုပ်နှံထားကြောင်း ယုံကြည်မှုရှိစေရန် အဖွဲ့လိုက် ဓာတ်ပုံများပေးပို့၍ ဆွဲဆောင်စည်းရုံးကြကြောင်း၊ လုပ်ငန်းမှ ရရှိသည့် အမြတ်အစွန်းများဖြင့် ထောက်ပံ့ရေးပစ္စည်းများ

စာမျက်နှာ ၁၅ သို့ ❐



ကံစမ်းမဲအထူးအစီအစဉ်ဟုပြောဆိုကာ Link အတုများ ပေးပို့၍ လိမ်လည်ပုံ။



လိမ်လည်သူများ အသုံးပြုရန်အတွက် လိမ်လည်မည့် ဇာတ်ကောင်နှင့်ကိုက်ညီသည့် ဓာတ်ပုံအထောက်အထားများ ကြိုတင်စုဆောင်းထားမှု မှတ်တမ်းဓာတ်ပုံများ။

❐ စာမျက်နှာ ၁၄ မှ

လျှုဒါန်းမှုဓာတ်ပုံများ ပြုလုပ်၍ လည်း အမှန်တကယ် အကျိုးအမြတ်ရရှိသည့်အပြင် အများအကျိုးပြုနိုင်သည့် လုပ်ငန်းအဖြစ် အထင်ကြီးလေးစားမှု ရှိစေရန် ပြုလုပ်ကြကြောင်း၊ ၎င်းတို့သည် အစိုင်းတွင် ပိုမိုယုံကြည်လာစေရန် အမြတ်အစွန်းများ ပြန်လည် ထုတ်ပေးသော်လည်း ရင်းနှီးမြှုပ်နှံသူ များပြားလာပါက Application များ ဖျက်သိမ်းခြင်း၊ ရင်းနှီးမြှုပ်နှံမှုငွေများ ပြန်လည်ထုတ်မပေးခြင်းနှင့် ငွေကြေးစီးဆင်းမှုကို ဖုံးကွယ်ရန် ကြိုးပမ်းခြင်းများပြုလုပ်၍ လိမ်လည်လှေ့ရှိသည်ကို စိစစ် တွေ့ရှိရကြောင်း သိရှိရသည်။

ထို့ပြင် **ကံစမ်းမဲ၊ ဆုကြေးငွေကို မက်လုံးပေး၍ လိမ်လည်မှုအနေဖြင့်** ဖုန်းစာတို (SMS)၊ အီးမေးလ် (Email)နှင့် Viber၊ Telegram စသည့် လူမှုကွန်ရက်နှင့် ဆက်သွယ်ရေး Application များကို အသုံးပြု၍ Website Link အတုများ ပေးပို့ကာ လိမ်လည်သည့်နည်းကို လည်း ပြုလုပ်လေ့ရှိကြောင်း၊ အွန်လိုင်းမှ တစ်ဆင့် **လောင်းကစားပါသနာပါသူများကို လိမ်လည်မှုအပိုင်းတွင်** လူမှုကွန်ရက်များမှတစ်ဆင့် အွန်လိုင်း လောင်းကစားနှင့် ဂိမ်းပလက်ဖောင်းများကို ကြော်ငြာခြင်း၊ အနိုင်ရရှိနိုင်ခြေဖြင့်မားကြောင်းနှင့် ငွေကြေးထည့်ဝင်ပါက အမြတ်အစွန်းများ ရရှိနိုင်ကြောင်း မက်လုံးပေးပြောဆိုခြင်းတို့ ပြုလုပ်ကြကြောင်း၊ ထို့ပြင် အချို့သော ပလက်ဖောင်း အတုများတွင် အသုံးပြုသူများ အနေဖြင့် အနိုင်ရရှိနေသကဲ့သို့ ဂိမ်းရလဒ်များ၊ ငွေလက်ကျန်များနှင့် အမြတ်အစွန်းများကို ဖန်တီးပြသကာ ယုံကြည်မှုရရှိစေရန် လုပ်ဆောင်ကြကြောင်း သိရှိရသည်။

အလုပ်အကိုင် အခွင့်အလမ်း မက်လုံးပေး၍ လိမ်လည်ရာတွင် အိမ်တွင်နေထိုင်ရင်း အလုပ်လုပ်ကိုင်နိုင်ခြင်း၊ အချိန်ပိုင်း အလုပ်များဖြင့် ဝင်ငွေကောင်းစွာ ရရှိနိုင်ခြင်း၊ အထူးကျွမ်းကျင်မှုနှင့် အတွေ့အကြုံမလိုအပ်ဘဲ လစာ မြင့်မားစွာ ရရှိနိုင်ခြင်းစသည့် အသုံးပြုကြကြောင်း သိရှိရသည်။



အွန်လိုင်းအသုံးပြုငွေကြေးလိမ်လည်သူများ ပစ်မှတ်ရှာဖွေရာတွင် အသုံးပြုသည့် မိတ်ဆွေဖွဲ့ Application များနှင့် Chat Application များ။

ထိုအပြင် ယခုနောက်ပိုင်းတွင် အဆင့်မြင့် AI နည်းပညာများကို အထောက်အကူပြုကိရိယာတစ်ခုအဖြစ် အသုံးချလာကြကြောင်း၊ အထူးသဖြင့် AI ဖြင့် လူပုံရိုက်များ၏ မျက်နှာပုံရိပ်နှင့် အသံများကို တုပဖန်တီးနိုင်သော Deepfake နည်းပညာကို အသုံးပြု၍ ထင်ရှားကျော်ကြားသူများ၊ စီးပွားရေး လုပ်ငန်းရှင်များနှင့် အစိုးရတာဝန်ရှိသူများ၏ အမည်၊ ရုပ်ပုံနှင့် အသံများကို အလွဲသုံးစားပြုကာ ရင်းနှီးမြှုပ်နှံမှု အစီအစဉ်များကို ယုံကြည်စိတ်ချရသည့်အစီအစဉ်များဖြစ်သကဲ့သို့ ဖန်တီးကြော်ငြာကြကြောင်း၊ သတင်းဌာနများ၏ တရားဝင် Website နှင့် ပုံစံတူ Website အတုများကို ဖန်တီးအယောင်ဆောင်ပြီး ထင်ရှားကျော်ကြားသူများ၏ အင်တာဗျူးအတုများ၊ သတင်းဆောင်းပါးအတုများနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အတုပြုလုပ်ကြောင်း သိရှိရသည်။



လိမ်လည်ရာတွင် အသုံးပြုရန် ပြင်ဆင်ထားသည့် တရုတ်ယွမ်ငွေဓာတ်ပုံများ။

ပစ်မှတ်ထားခံရသူများ၏ စိတ်ဝင်စားမှုနှင့် ယုံကြည်မှုကိုရရှိစေရန် ဆုငွေလက်ဆောင်နှင့် ငွေသားဆုများ ကံစမ်းမဲပေါက်မှု အကြောင်းပြု၍ သံသယဖြစ်ဖွယ် Website Link များကို ပေးပို့ကြပြီး ထိုသို့ပေးပို့ရာတွင် အချို့သော လိမ်လည်သူများသည် ဘဏ်များ၊ ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ၊ အစိုးရဌာနများနှင့် နာမည်ကြီး ကုမ္ပဏီများ၏အမည်၊ အမှတ်တံဆိပ် (Logo)နှင့် Website ပုံစံများကို တုပဖန်တီးကာ တရားဝင် Website တစ်ခုကဲ့သို့ ထင်မြင်စေရန်ပြုလုပ်၍ လိမ်လည်ကြကြောင်း သိရှိရသည်။

ကြော်ငြာအတုများကို ဖော်ပြကာ အဆိုပါပုဂ္ဂိုလ်များက ရင်းနှီးမြှုပ်နှံမှုအစီအစဉ်များကို အမှန်တကယ် ထောက်ခံ အားပေးနေသကဲ့သို့ လှည့်ဖြားဆွဲဆောင်မှုများ ပြုလုပ်ကြကြောင်း သိရှိရသည်။

အဆိုပါ အွန်လိုင်းငွေကြေး လိမ်လည်မှု လုပ်ငန်းများသည် နယ်စပ်ဒေသရှိ သောင်းကျန်းသူ အဖွဲ့များ အခြေပြုသည့် ဥပဒေ ကင်းလွတ်ရာ နယ်မြေများတွင် အဓိကအခြေပြု လုပ်ကိုင်လေ့ရှိသည်ကို တွေ့ရှိရကြောင်း၊ အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများသည် နိုင်ငံတော်လုံခြုံရေးကို ခြိမ်းခြောက်သော ရာဇဝတ်မှုခင်းများ ဖြစ်သည့်အပြင် ၎င်းရာဇဝတ်မှုများသည် လူအများစုအပေါ် ကျူးလွန်သောရာဇဝတ်မှုအဖြစ် သတ်မှတ်ထားပြီး နောက်ဆက်တွဲ ဆိုးကျိုးများကို ဖြစ်ပေါ်စေကြောင်း၊ လိမ်လည်သူများအနေဖြင့် လိမ်လည်ခြင်းများ ပြုလုပ်ရာ၌ ပစ်မှတ်များ၏ ပညာအရည်အချင်းနည်းပါးမှု၊ အသိပညာခေါင်းပါးမှု၊ နည်းပညာမကျွမ်းကျင်မှုနှင့် အဖြတ်အစွန်းရလိုသည့် လောဘစိတ်တို့အပေါ် မူတည်၍ လိမ်လည်နည်းများကို ပေါင်းစပ် အသုံးပြုလေ့ရှိသည်ကို စစ်ဆေးတွေ့ရှိရကြောင်း သိရှိရသည်။

မြန်မာနိုင်ငံအတွင်း အွန်လိုင်း လိမ်လည်လောင်းကစားမှုများကို ကျူးလွန်ကြသူ အများစုအနေဖြင့် နိုင်ငံအတွင်းသို့ ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ နယ်စပ်လမ်းကြောင်းများမှ တစ်ဆင့် တရားမဝင် ဝင်ရောက်လာပြီး အွန်လိုင်းလိမ်လည်မှုများအပြင် အခြားသော ဒုစရိုက်မှုမျိုးစုံကို ဆိုးရွားစွာ ကျူးလွန်ခဲ့ကြခြင်း ဖြစ်ကြောင်း၊ အဆိုပါ အွန်လိုင်း လိမ်လည်လောင်းကစားမှုများကို ကျူးလွန်ခဲ့ကြသူများသည် Social Media မှတစ်ဆင့် နည်းမျိုးစုံဖြင့် မက်လုံးပေးစည်းရုံးမှုကြောင့် နိုင်ငံစုံမှ အလုပ်လာရောက် လုပ်ကိုင်ရင်း အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများတွင် ပါဝင်ပတ်သက်ခဲ့ရသည့် လူကုန်ကူးခံရသူများနှင့် ရာဇဝတ်မှုများ ကျူးလွန်ထွက်ပြေးတိမ်းရှောင်နေကြသူများ ဖြစ်ကြောင်း သိရှိရသည်။ ၎င်းတို့အနေဖြင့် အရှေ့တောင်အာရှနိုင်ငံအချို့တွင် လုပ်ကိုင်ခဲ့ကြပြီး အိမ်နီးချင်းနိုင်ငံအချို့ ပဋိပက္ခဖြစ်ပွားမှု နောက်ပိုင်းတွင်မှ မြန်မာနိုင်ငံနယ်စပ်ရှိ လက်နက်ကိုင် အကြမ်းဖက် ပူးပေါင်းအဖွဲ့များ အခြေချ နေထိုင်လျက်ရှိသော ရှမ်းပြည်နယ် ဒေသများသို့ တစ်ဖက်နိုင်ငံမှ တစ်ဆင့် တရားမဝင် နည်းလမ်းပေါင်းစုံဖြင့် ဝင်ရောက်လုပ်ကိုင်ခဲ့ကြခြင်း ဖြစ်ကြောင်း၊ အဆိုပါအဖွဲ့များ ဝင်ရောက်လုပ်ကိုင်မှု အပေါ် အကြမ်းဖက်အဖွဲ့များ အနေဖြင့် နိုင်ငံနှင့်ဒေသအပေါ် ကြီးမားစွာ ထိခိုက်နစ်နာမှုများကို လျစ်လျူရှု၍ မြေနေရာပေးခြင်း၊ အကာအကွယ်ပေးထားခြင်းများရှိသည်ကို တွေ့ရှိရသည်။

ထို့ပြင် အဆိုပါလုပ်ငန်းများသည် နိုင်ငံတကာငွေကြေးစီးဆင်းမှုနှင့် ဒီဂျစ်တယ်နည်းပညာများကို အသုံးချ၍ နယ်စပ်ဖြတ်ကျော် လုပ်ကိုင်နေသည့် အတွက် လိမ်လည်ခံရသူများ၏ ငွေကြေးဆုံးရှုံးမှုကို ဖြစ်ပေါ်စေရုံသာမက ငွေကြေးခဝါချမှုနှင့် လူကုန်ကူးမှု ကဲ့သို့သော ဆက်စပ်မှုခင်းများကိုပါ ဖြစ်ပေါ်စေလျက်ရှိသည်။ အထူးသဖြင့် အဆိုပါ Scam Center များတွင် နိုင်ငံအသီးသီးမှ လူများကို အလုပ်အကိုင်ကောင်းများ ရရှိမည်ဟု လိမ်လည်ခေါ်ယူပြီးနောက် အွန်လိုင်းလိမ်လည်မှုများတွင် အတင်းအကျပ် ပါဝင်လုပ်ကိုင်စေသည့် ဖြစ်စဉ်များ လည်းရှိနေကြောင်း သိရှိရပြီး ယင်းအခြေအနေများ ကြောင့် အွန်လိုင်းလိမ်လည်မှုသည် နိုင်ငံတစ်နိုင်ငံတည်း၏ ပြည်တွင်းမှုခင်းပြဿနာ အဖြစ်သာမက နိုင်ငံတကာ၏ စီးပွားရေး၊ လူမှုရေးနှင့် လုံခြုံရေးကဏ္ဍများကိုပါ ခြိမ်းခြောက်လာသည့် နိုင်ငံ ဖြတ်ကျော် ရာဇဝတ်မှုတစ်ရပ် အဖြစ် ရင်ဆိုင်ဖြေရှင်းရန် လိုအပ် လျက်ရှိကြောင်း သိရှိရသည်။

ထို့ကြောင့် မြန်မာနိုင်ငံအစိုးရ အနေဖြင့် လူသားမျိုးနွယ်တစ်ရပ်လုံး၏ လူမှုစီးပွားဘဝများကို ပျက်စီးစေသည့် အွန်လိုင်း လိမ်လည် လောင်းကစားမှု ကျူးလွန်ခြင်းများကို ထိရောက်ပြင်းထန်စွာ ဖမ်းဆီးအရေးယူမှုများ ဆောင်ရွက်လျက်ရှိရာ ပြည်သူများ အနေဖြင့်လည်း အွန်လိုင်းလိမ်လည်လောင်းကစား မှုလုပ်ငန်းများ လုပ်ကိုင်နေမှုများ အား သိရှိပါက သက်ဆိုင်ရာသို့ သတင်းပေးပို့၍ အွန်လိုင်း လိမ်လည် လောင်းကစားမှု တိုက်ဖျက်ရေး လုပ်ငန်းစဉ်များ တွင် ပူးပေါင်းပါဝင်ပေးနိုင်ပါရန် မေတ္တာရပ်ခံပါကြောင်း၊ ထို့ပြင် ပြည်သူများအနေဖြင့် အွန်လိုင်းမှ တစ်ဆင့်ရရှိလာသော သတင်းအချက်အလက်များကို စိစစ် အတည်ပြုခြင်း၊ မသက်ာဖွယ်ရာ Link များကို ရှောင်ကြဉ်ခြင်း၊ Password နှင့် OTP ကဲ့သို့သော ကိုယ်ရေးအချက်အလက်များကို လုံခြုံစွာ ထိန်းသိမ်းခြင်းတို့ကို ဆောင်ရွက်ရန် လိုအပ်ကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပါအဝင် ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များ အနေဖြင့်လည်း ပြည်သူများနှင့် ပူးပေါင်း၍ လိုအပ်သည့် စုံစမ်းရှာဖွေ ဖော်ထုတ်ခြင်းများကို အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

၁၀၀



လိမ်လည်ရာတွင် အသုံးပြုရန် ပြင်ဆင်ထားသည့်ရွှေတုံးဓာတ်ပုံများ။



ဟင်္သာတမြို့နယ်၌ စက်ချုပ်နည်းပညာသင်တန်းဖွင့်လှစ်

ဟင်္သာတ နိုဝင်ဘာ ၁၂

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ် ကံလှကျေးရွာတွင် နိုဝင်ဘာ ၁၁ ရက် နံနက်ပိုင်းက ဟင်္သာတခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ကြီးမှူးဖွဲ့၍ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုများ ဝင်ငွေတိုးရေးစီမံကိန်းမှ စက်ချုပ်နည်းပညာ သင်တန်းကို ဖွင့်လှစ်သည်။

သင်တန်းဖွင့်ပွဲအခမ်းအနားတွင် ဟင်္သာတခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ခရိုင်ဦးစီးမှူးက အမှာစကားပြောကြားသည်။

အဆိုပါသင်တန်းကို နိုဝင်ဘာ ၁၁ ရက်မှ ဒီဇင်ဘာ ၂၅ ရက်အထိ စာတွေ့၊ လက်တွေ့သင်ကြားပေးမည် ဖြစ်ကြောင်း သိရသည်။ ခရိုင်(ပြန်/ဆက်)

စာအုပ်စာပေ
လူမိုက်ဆွေ
* * *
အလိမ္မာ စာမှာရှိ

ထွန်စက်နှင့် ကိရိယာများပြင်ဆင်ထိန်းသိမ်းခြင်း ခေါင်းစဉ်ဖြင့် (၁၃၁)ကြိမ်မြောက် တောင်သူနည်းပညာဆွေးနွေးပွဲ ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၁၂

(၁၃၁)ကြိမ်မြောက် တောင်သူနည်းပညာဆွေးနွေးပွဲကို "ထွန်စက်နှင့် ကိရိယာများပြင်ဆင်ထိန်းသိမ်းခြင်း"ခေါင်းစဉ်ဖြင့် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ရေဆင်းစိုက်ပျိုးရေးသုတေသနဦးစီးဌာနခွဲ၌ ကျင်းပရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ စိုက်ပျိုးရေးပညာရှင်များနှင့် တောင်သူ ၃၀၀ တို့က zoom point(၅၀)မှ ပါဝင်တက်ရောက်ကြသည်။



ဆွေးနွေးပွဲတွင် စက်မှုလယ်ယာဦးစီးဌာနမှ တာဝန်ရှိသူများက ထွန်စက်နှင့် ကိရိယာများ ပြင်ဆင်ထိန်းသိမ်းခြင်း အကြောင်းအရာများကို ရှင်းလင်းဆွေးနွေးကြပြီး တက်ရောက်လာကြသူများက လုပ်ငန်းခွင်အခက်အခဲ၊ ကြုံတွေ့နေရသည့် အခြေအနေနှင့် သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ရှင်းလင်းဖြေကြားကြသည်။

ထို့ပြင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးဗိုလ်ဗိုလ်ကျော်က စိုက်ပျိုးရေးကဏ္ဍ၏ ကုန်ထုတ်စွမ်းအားမြှင့်တင်ရေး၊ လယ်ယာလုပ်သားလိုအပ်ချက်နှင့် ထုတ်လုပ်မှုကုန်ကျစရိတ် လျော့ချရေး၊ ရာသီဥတုဖောက်ပြန်မှု ဆိုင်ရာ ကြုံတွေ့ရမှုများအပေါ် အချိန်နှင့်တစ်ပြေးညီ တုံ့ပြန်ကျော်လွှားနိုင်ရေး၊ စက်မှုလယ်ယာစနစ် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ပြုပြင်ထိန်းသိမ်းခြင်းကဏ္ဍ၏ အရေးပါမှု၊ စက်ပြုပြင်ထိန်းသိမ်းရေးကို တောင်သူများကိုယ်တိုင် အခြေခံစစ်ဆေးထိန်းသိမ်းနိုင်သည့် အသိပညာနှင့် ကျွမ်းကျင်မှုများ တိုးတက်လာစေရေး ပိုင်းဝန်းပူးပေါင်းဆောင်ရွက်ရန် လိုအပ်ချက်များကို ဆွေးနွေးပြောကြားသည်။

(၁၃၁)ကြိမ်မြောက် တောင်သူနည်းပညာဆွေးနွေးပွဲသို့ စိုက်ပျိုးရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ မွေးမြူရေးသုတေသနဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ သုတေသီပညာရှင်များ၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် တောင်သူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

အင်္ဂလိပ်စာ၊ သန့်ရှင်းစွမ်းရည်ပြိုင်ပွဲကျင်းပရန်နှင့် လူရည်ချွန်ရွေးချယ်ရေးလမ်းညွှန်ချက်များ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

ပုသိမ် နိုဝင်ဘာ ၁၂

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ရတနာတန်ဆောင်ခန်းမတွင် ယနေ့ နံနက်ပိုင်းက ၂၀၂၆-၂၀၂၇ ပညာသင်နှစ်အခြေခံပညာအလယ်တန်းဆင့် (Grade-9)ပြီးမြောက်ခြင်းစာမေးပွဲ၊ အင်္ဂလိပ်စာ၊ သန့်ရှင်းစွမ်းရည်ပြိုင်ပွဲနှင့် လူရည်ချွန်ရွေးချယ်ရေး လမ်းညွှန်ချက်များ တိုင်းဒေသကြီးအဆင့် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပသည်။



ဦးစွာ ဧရာဝတီတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးခင်မောင်ကြည်က အမှာစကားပြောကြားပြီး ဧရာဝတီတိုင်းဒေသကြီး ပညာရေးမှူးရုံးမှ ညွှန်ကြားရေးမှူး(ပညာ) ဒေါက်တာသင်းမာလာက အခြေခံပညာအလယ်တန်းဆင့် (Grade-9) ပြီးမြောက်မှု စာမေးပွဲ၊ အင်္ဂလိပ်စာ၊ သန့်ရှင်းစွမ်းရည်ပြိုင်ပွဲ၊ လူရည်ချွန်ရွေးချယ်ရေးလမ်းညွှန်ချက်များနှင့်စပ်လျဉ်း၍ လမ်းညွှန်အမှာစကား ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး(ပညာ) ဆရာကြီးဦးဝင်းနိုင်ဆွေက အင်္ဂလိပ်စာ၊ သန့်ရှင်းစွမ်းရည်ပြိုင်ပွဲ၊ လူရည်ချွန်ရွေးချယ်ရေး လမ်းညွှန်ချက်များနှင့်ပတ်သက်၍ ဖြည့်စွက်ဆွေးနွေးပြီး ဒုတိယညွှန်ကြားရေးမှူး(စီ/ဖြတ်)ဆရာကြီးဦးဌေးလွင်က အခြေခံပညာ အလယ်တန်းဆင့် (Grade-9) ပြီးမြောက်ခြင်း အလုပ်ရုံဆွေးနွေးပွဲနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

ကျော်ဟိန်း(ပြန်/ဆက်)

ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)၏ ဟိန္ဒူရိုးရာ "ဒီပါဝလီ" ဆီမီးထွန်းပွဲတော်ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၁၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)က ကြီးမှူးကျင်းပသော ဟိန္ဒူရိုးရာ "ဒီပါဝလီ" ဆီမီးထွန်းပွဲတော်နှင့် ညစာစားပွဲအခမ်းအနားကို နိုဝင်ဘာ ၁၁ ရက်က ရန်ကုန်မြို့ ရန်ကင်းမြို့နယ်ရှိ မြဝတီမိဒီယာစင်တာ၌ ကျင်းပသည်။

ဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့မှ ဗဟိုဥက္ကဋ္ဌ ဦးဝဏ္ဏနှင့် ဗဟိုဒုတိယဥက္ကဋ္ဌများ၊ ဗဟိုအလုပ်အမှုဆောင်များနှင့် သက်ဆိုင်ရာတာဝန်ရှိသူများက ဟိန္ဒူရိုးရာ "ဒီပါဝလီ"ဆီမီးထွန်းပွဲတော်အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး "ဒီပါဝလီ"ဆီမီးထွန်းညှိ၍ ဆုတောင်းမေတ္တာပို့သခဲ့ကြသည်။

ဆက်လက်၍ အခမ်းအနားသို့ တက်ရောက်လာကြသော ဂုဏ်သရေရှိ လူကြီးမင်းများအား "ဒီပါဝလီ"ခြံလွှာနှင့် ဂုဏ်ပြုပန်းကုံးများ ချီးမြှင့်ခဲ့ပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)မှ ဥက္ကဋ္ဌဦးဝဏ္ဏက အမှာစကား ပြောကြားသည်။ထို့နောက်မြန်မာနိုင်ငံဆိုင်ရာအိန္ဒိယသံရုံးမှတာဝန်ရှိသူ တစ်ဦးက မိန့်ခွန်းပြောကြားပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို) ဒုတိယဥက္ကဋ္ဌဦးကျော်ဇင်လတ်(ဟိန္ဒူဘာသာ)က ဒီပါဝလီအကြောင်းအရာနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ အလုပ်အမှုဆောင် ဦးဆန်းအောင်က နိဂုံးချုပ်ကားပြောကြားပြီး တက်ရောက်လာကြသော တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များအား ဖျော်ဖြေရေးအဖွဲ့များက ဟိန္ဒူရိုးရာ အကအလှများ၊ တမီလ်ရိုးရာအကအလှများဖြင့် ဖျော်ဖြေတင်ဆက်၍ ဒီပါဝလီ ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရသည်။

နိုင်လင်းအောင်(တာမွေ)



ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၃-၁၁-၂၀၂၆

ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	ပြန်ကြီးနား	စစ်ကွေ့	ဘားအံ	မော်လမြိုင်	လားရှိး	တောင်ကြီး	လွိုင်ကော်	ဟားခါး
92 Ron	၄,၂၇၀	၄၄,၂၅	၄၀,၇၅	၄,၂၈၅	၄၄,၃၀	၄၄,၃၅	၄၄,၈၀	၄၃,၂၅	၅၇,၂၅	၄၇,၃၅	၄၃,၇၅	၄၄,၃၀	၄၄,၂၅	၄၄,၃၀	၄၄,၂၅	၄၅,၆၀
95 Ron	၄၃,၃၀	၄၄,၇၀	၄၄,၂၀	၄၃,၃၀	၄၄,၇၀	၄၄,၈၅	၄၅,၂၀	၄၄,၀၀	၄၇,၆၅	၄၇,၂၅	၄၄,၂၀	၄၅,၄၅	၄၅,၃၀	၄၄,၇၀	၄၄,၆၀	၄၇,၁၀
HSD (500 ppm)	၄၃,၆၀	၄၅,၃၀	၄၄,၈၅	၄၃,၆၅	၄၅,၂၅	၄၅,၄၅	၄၅,၆၀	၄၄,၆၅	-	၄၈,၄၅	၄၄,၈၅	၅၂,၆၅	၄၅,၂၀	၄၅,၃၀	၄၅,၀၀	၄၇,၆၀
HSD (50 ppm)	၅၂,၃၅	၅၄,၇၀	၅၄,၂၀	၅၃,၃၀	၅၄,၇၅	၅၄,၉၀	၅၅,၂၀	၅၃,၀၀	၅၂,၇၀	၅၅,၀၀	၅၄,၂၀	၅၅,၆၅	၅၅,၃၀	၅၄,၇၀	၅၄,၆၀	၅၅,၁၀
HSD (10 ppm)	၅၂,၃၅	၅၄,၇၀	၅၄,၂၀	၅၃,၃၀	၅၄,၇၅	၅၄,၉၀	၅၅,၂၀	၅၃,၀၀		၅၅,၀၀	၅၄,၂၀	၅၅,၆၅	၅၅,၃၀	၅၄,၇၀	၅၄,၆၀	၅၅,၁၀

ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၄၁၅၆	၄၁၇၀
95 Ron	၄၀၉၆	၄၂၁၂
HSD (500 ppm)	၄၁၇၆	၄၂၃၀
HSD (50 ppm)	၅၂၇၆	၅၂၉၇
HSD (10 ppm)	၅၂၇၆	၅၂၉၇

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိတ်ပြည်သူများအနေဖြင့် စက်သုံးဆီများ၀ယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉- ၂၅၄၆၂၅၇၇၇

၀၆၇- ၄၁၁၂၅၂၊ ၀၉-၆၈၀၅၅၀၉၈၈

စက်သုံးဆီတင်သွင်းသို့လှောင်ခြံနှုံးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

သဃ်နိုးကျွန်းမြို့နယ်၌ သမဝါယမအသင်းစုလိမိတက် အစည်းအဝေးနှင့် အမှုဆောင်သစ် ရွေးချယ်တင်မြှောက်ပွဲ ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၁၂

ရန်ကုန်တိုင်းဒေသကြီး သဃ်နိုးကျွန်းမြို့နယ် သမဝါယမအသင်းစုလိမိတက် (၂၀၂၄-၂၀၂၅)၊ (၂၀၂၅-၂၀၂၆)ဘဏ္ဍာနှစ် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာအစည်းအဝေးနှင့် အမှုဆောင်သစ်ရွေးချယ်တင်မြှောက်ပွဲအား သဃ်နိုးကျွန်းမြို့နယ် သုဝဏ္ဏမြို့ဦးစေတီ ဓမ္မာရုံ၌ နိုဝင်ဘာ ၁၀ ရက်က ကျင်းပသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်အေးသူဖြင့်က သမဝါယမအသင်းဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းညွှန်ကြားချက်၊ ဝန်ကြီးဌာနနှင့် ဦးစီးဌာနမှ ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။ဆက်လက်၍ အမှုဆောင်အဖွဲ့ အစီရင်ခံစာ၊ အသင်းသားစာရင်း၊ အစီရင်ခံစာနှင့် ဘဏ္ဍာရေးရှင်းတမ်းများကို ဖတ်ကြားပြီး တာဝန်ရှိသူများက အတည်ပြုချက်ရယူကြသည်။

ထို့နောက် အမှုဆောင်အဖွဲ့သစ်များ ရွေးချယ်တင်မြှောက်ပြီး ကတိသစ္စာခံယူခြင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

မော်တော်ယာဉ်/ဆိုင်ကယ် ယာဉ်သက်သေခံလက်မှတ်နှင့် နံပါတ်ပြားအတုများ သိမ်းဆည်းရမိ

နေပြည်တော် နိုဝင်ဘာ ၁၂

နိုဝင်ဘာ ၁၀ ရက်တွင် ပြည်မြို့ ပြည်သာယာရပ်ကွက် ဆေးရုံသစ်လမ်းနေ အောင်သက်ဦး (၄၃) နှစ်၏နေအိမ်၌ မော်တော်ယာဉ်/ဆိုင်ကယ် နံပါတ်ပြားများနှင့် ယာဉ်သက်သေခံလက်မှတ်များ အတုပြုလုပ်လိမ်လည် ရောင်းချနေကြောင်း သတင်းအရ သွားရောက် စစ်ဆေးရာဖွေရာ



တရားခံ အောင်သက်ဦး



တရားခံ ထက်ထက်မင်း

လှိုင်လှိုင်ထွန်းရွှေ (ခ) ပူတူး(၄၄) နှစ်နှင့် အိအိကေခိုင်(ခ)မအိ(၄၆) နှစ်တို့ နှစ်ဦးအား နေအိမ်၌အသင့် တွေ့ရှိပြီး နေအိမ်အနောက်ဘက်ရှိ



တရားခံ လှိုင်လှိုင်ထွန်းရွှေ(ခ)ပူတူး



တရားခံ အိအိကေခိုင်(ခ)မအိ

စတိုခန်းအတွင်းမှ RLG မော်တော်ယာဉ်နံပါတ်ပြား ၁၄ ပြား၊ မော်တော်ယာဉ်နံပါတ်ပြား အလွတ် တစ်ပြား၊ ဆိုင်ကယ်နံပါတ်ပြား ရှစ်ပြား၊ ဆိုင်ကယ်နံပါတ်ပြားအလွတ် ၁၇ ပြား၊ မော်တော်ယာဉ်/ ဆိုင်ကယ်နံပါတ်ပြားအတု ပြုလုပ်ရာတွင်အသုံးပြုသည့် ဆက်စပ်ပစ္စည်း ၂၆ မျိုးကို လည်းကောင်း၊ အောင်သက်ဦး၏အိပ်ခန်းအတွင်းမှ လက်ပ်တော့ နှစ်လုံး၊ မော်နီတာ တစ်လုံး၊UPS တစ်လုံး၊ Computer System Box တစ်လုံး၊ ပလတ်စတစ်ကတ်လောင်းစက် နှစ်လုံး၊ ကာလာပရင်တာလေးလုံး၊ Canon ပရင်တာ တစ်လုံး၊ မိတ္တူကူးစက် အသေး တစ်လုံး၊ ယာဉ်မှတ်ပုံတင် စာအုပ် ၃၀၊ ယာဉ်သက်သေခံလက်မှတ် ၁၀ ခု၊ ဆိုင်ကယ်မှတ်ပုံတင် စာအုပ် ၁၀ အုပ်၊ ဆိုင်ကယ် သက်သေခံ လက်မှတ် ၁၀ ခု၊ လက်ကိုင်ဖုန်းနှစ်လုံး၊ ဆက်စပ်ပစ္စည်း ၃၁ မျိုး၊ ၁၀ ကျပ်သားခန့်ရှိ ရွှေတုံး တစ်တုံး၊ ရွှေဆွဲကြိုး နှစ်ကုံး၊ ရွှေလက်စွပ် တစ်ကွင်း၊ မီးခံသေတ္တာအတွင်းမှ ငွေစက္ကူရောရာ ကျပ်သိန်း ၂၅၀ တို့ကို လည်းကောင်း၊ နေအိမ်ခြံဝင်းအတွင်း၌ MDY-20 1Q/5252 HONDA Fit အဖြူရောင်ယာဉ်တစ်စီး၊ ဆိုင်ကယ် နှစ်စီးတို့ကို သိမ်းဆည်းရမိခဲ့သည်။

ထပ်မံ၍ နိုဝင်ဘာ ၁၁ ရက်တွင် ပူးပေါင်းအဖွဲ့၏ ချိတ်ဆက်ဆောင်ရွက်မှုအရ အောင်သက်ဦးနှင့် ဇနီးဖြစ်သူ ထက်ထက်မင်းတို့ နှစ်ဦးအား ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် ပါရမီလမ်းရှိ ပါရမီအထူးကုဆေးခန်း၌ လက်ကိုင်ဖုန်း နှစ်လုံး၊ ယာဉ်အမှတ် YGN-10/7R-6615 ၊ SUZUKI ERTIGA (အဖြူရောင်) ယာဉ်တစ်စီးနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ၎င်းတို့ လေးဦးကို အမှုဖွင့် အရေးယူခဲ့ကြောင်း သိရသည်။

သတင်းစဉ်



သိမ်းဆည်းရမိသည့် သက်သေခံပစ္စည်းများကို တွေ့ရစဉ်။

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားမှုများကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အဆောက်အအုံ ၁၁ လုံး ဖြိုချဖျက်ဆီးပြီးစီး၊ ကျန်အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးခြင်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၁၂

မြန်မာနိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှုများနှင့် အွန်လိုင်းလောင်းကစားမှုများ အများဆုံးအခြေချလုပ်ကိုင်ခဲ့သည့် ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ အဆောက်အအုံများ၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ထပ်မံလုပ်ကိုင်နိုင်ခြင်း မရှိစေရန် အဆိုပါအဆောက်အအုံများအား အပြီးတိုင်ဖြိုချဖျက်ဆီးခြင်းများကို ပူးပေါင်းအဖွဲ့များဖြင့် စနစ်တကျ ဆောင်ရွက်လျက်ရှိရာ ယနေ့အထိ ရွှေကုက္ကိုလ်နယ်မြေဒုတိယပိုင်းအတွင်းရှိ တရားမဝင် အဆောက်အအုံ ၁၁ လုံးကို စနစ်တကျဖြိုချဖျက်ဆီးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးလျက်ရှိသည့် တရားမဝင် ငါးထပ်အဆောက်အအုံ တစ်လုံးမှာ ယနေ့တွင် ၁၀၀ ရာခိုင်နှုန်း ဖြိုချပြီးစီးခဲ့သည့်အတွက် ယနေ့အထိ တရားမဝင်အဆောက်အအုံ ၁၁ လုံး ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်းနှင့် ထပ်မံ၍ ခြောက်ထပ် အဆောက်အအုံ တစ်လုံးအား ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမှုမှာလည်း ယနေ့အထိ ၄၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်း၌ အွန်လိုင်းလိမ်လည် လောင်းကစားလုပ်ငန်းများ ကျူးလွန်ရာတွင်အသုံးပြုခဲ့သည့် ဖြိုချဖျက်ဆီးရန် ကျန်အဆောက်အအုံ ၆၃ လုံးအား ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့်အဆောက်အအုံ၊ ဖောက်ခွဲ၍ ဖြိုချဖျက်ဆီးမည့် အဆောက်အအုံနှင့် လူနေအိမ်များနှင့် မလွတ်ကင်း၍ လူအင်အားအသုံးပြုကာ တစ်လွှာချင်း ဖြိုချဖျက်ဆီးမည့် အဆောက်အအုံဟူ၍ အမျိုးအစားအလိုက်ခွဲခြားသတ်မှတ်ပြီး စနစ်တကျ ဆက်လက်ဖြိုချဖျက်ဆီးလျက်ရှိရာ ဖောက်ခွဲ၍ ဖြိုချမည့် အဆောက်အအုံ လေးလုံးနှင့် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့်အဆောက်အအုံ ခုနစ်လုံး၊ စုစုပေါင်းအဆောက်အအုံ ၁၁ လုံးတို့ကို စနစ်တကျ ဖြိုချဖျက်ဆီးခဲ့ပြီးဖြစ်ပြီး ကျန်ရှိသည့် တရားမဝင် အဆောက်အအုံ ၅၂ လုံးကိုလည်း စနစ်တကျ ဆက်လက်ဖြိုချဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည် လောင်းကစားမှုကျူးလွန်ခြင်းများကို မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေးအတွက် အမျိုးသားရေးတာဝန်စစ်ရပ်အဖွဲ့ခံယူကာ ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်



ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးမှု။



တာမွေမြို့နယ်၌ ငွေကျပ်သိန်း ၆၀၀၀ တန်ဖိုးနှင့် လားရှိုးမြို့၌ ငွေကျပ်သိန်း ၁၄၇၀ တန်ဖိုးရှိ စိတ်ကြွဆေးပြားများ သိမ်းဆည်းရမိ



တရားခံ ကျော်နိုင်၊ ဇေယျာကျော်နှင့် အောင်ခင်တို့ကို သိမ်းဆည်းရမိသည့် စိတ်ကြွဆေးပြားများနှင့်အတူ တွေ့ရစဉ်။

နေပြည်တော် နိုဝင်ဘာ ၁၂

တာမွေမြို့နယ်၌ ငွေကျပ်သိန်း ၆၀၀၀ တန်ဖိုးနှင့် လားရှိုးမြို့၌ ငွေကျပ်သိန်း ၁၄၇၀ တန်ဖိုးရှိ စိတ်ကြွဆေးပြားများ သိမ်းဆည်းရမိပြီး ဖမ်းဆီးရမိသူများကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ နိုဝင်ဘာ ၁၁ ရက် နံနက် ၆ နာရီတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ တာမွေမြို့နယ် တာမွေလေးရပ်ကွက် လေးထောင့်ကန်လမ်းတွင် ဗဟန်းမြို့နယ် ဆရာစံ(တောင်)ရပ်ကွက်နေသူများဖြစ်သည့် ကျော်နိုင် (၄၂)နှစ် မောင်းနှင်ပြီး ဇေယျာကျော်(၄၃)နှစ်နှင့် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၁၉)ရပ်ကွက်နေ အောင်ခင်(၃၅)နှစ်တို့ လိုက်ပါလာသည့် TOYOTA COROLLA ယာဉ်အား ရပ်တန့်စစ်ဆေးရာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၀၀၀၀၀ (တစ်ပြားလျှင် ငွေကျပ် ၂၀၀ နှုန်းဖြင့် ၎င်းဒေသ တန်ဖိုးငွေကျပ်သိန်း ၆၀၀၀)သိမ်းဆည်း ရမိသဖြင့် ကျော်နိုင်၊ ဇေယျာကျော်နှင့် အောင်ခင်တို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

အလားတူ နိုဝင်ဘာ ၁၁ ရက် မွန်းတည့် ၁၂ နာရီတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ လားရှိုးမြို့ ရပ်ကွက်(၈) နယ်မြေ(၆) အင်ကြင်းလမ်းတွင် လားရှိုးမြို့ ရပ်ကွက်(၁၂)နေ ကျော်လင်း(ခ)ကဒီမွတ်လာ(၄၈)နှစ်မောင်းနှင်ပြီး လောက်ကိုင်မြို့ ရပ်ကွက်(၃)နေ စောလင်းထက်(ခ)ကိုထက်(၂၈) နှစ်လိုက်ပါလာသော ALPHARD ယာဉ်အား စစ်ဆေးရန်ရပ်တန့်ခိုင်းစဉ် စောလင်းထက်(ခ)ကိုထက်က ယာဉ်ပေါ်မှ ခုန်ချထွက်ပြေးသွားသဖြင့် ကျော်လင်း(ခ)ကဒီမွတ်လာနှင့် ယာဉ်အား စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်မှ စိတ်ကြွဆေးပြား ၂၉၄၀၀၀ (တစ်ပြားလျှင်ငွေကျပ် ၅၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် သိန်း ၁၄၇၀) သိမ်းဆည်းရမိသဖြင့် ကျော်လင်း(ခ)ကဒီမွတ်လာနှင့် စောလင်းထက်(ခ)ကိုထက် (ဖမ်းဆီးရန်ကျန်)တို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

သတင်းစဉ်

မြန်မာအမျိုးသမီးလိဂ်နှင့် AYA SOMPO Insurance၊ AYA Myanmar Life Insurance တို့အကြား Official Insurance Partner အဖြစ် သဘောတူညီမှု လက်မှတ်ရေးထိုးပြီး ကစားသမားများအား ကျန်းမာရေးအာမခံ အကာအကွယ်ပေးအပ်

ရန်ကုန် နိုဝင်ဘာ ၁၂

၂၀၂၆-၂၀၃၇ ရာသီ မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲဝင် ကလပ်အသင်းများမှ ကစားသမားများအတွက် AYA Health ကျန်းမာရေးအာမခံ အကာအကွယ်၊ Sports man Life အာမခံအကာအကွယ် ပေးအပ်ခြင်း၊ မြန်မာအမျိုးသမီးလိဂ်နှင့် AYA SOMPO Insurance၊ AYA Myanmar Life Insurance တို့အကြား Official Insurance Partner အဖြစ် မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက် လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို နိုဝင်ဘာ ၁၁ ရက်က မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် (MFF) အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် မြန်မာလိဂ် ကော်မတီ ဒုတိယဥက္ကဋ္ဌ (၁) မြန်မာလိဂ် အမှုဆောင်အရာရှိချုပ် ဦးကိုကိုသိန်း၊ Myanmar Women's League Chief Operating Officer ဦးမိုးဝေအောင်၊ AYA SOMPO Insurance အမှုဆောင်အရာရှိချုပ် ဦးမျိုးမင်းသူက ကစားသမားများအတွက် အာမခံအကာအကွယ်များ ပေးအပ်သွားမည့် အစီအစဉ်နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက်မြန်မာလိဂ်ကော်မတီ ဒုတိယဥက္ကဋ္ဌ (၁) နှင့် အမှုဆောင်အရာရှိချုပ် ဦးကိုကိုသိန်း၊ Myanmar Women's League Chief Operating Officer ဦးမိုးဝေအောင်၊ AYA SOMPO Insurance အမှုဆောင်အရာရှိချုပ် ဦးမျိုးမင်းသူနှင့် Chief Operating Officer Mr. Hirokazu Mori တို့က မိတ်ဖက် ပူးပေါင်းဆောင်ရွက်မှု ဆိုင်ရာ သဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့ကြသည်။

ယခု အစီအစဉ်အရ ၂၀၂၆-၂၀၂၇ ရာသီ မြန်မာအမျိုးသမီးလိဂ် ပြိုင်ပွဲဝင်ကလပ်အသင်း ၁၀ သင်းမှ ကစားသမား ၂၆၀ ကျော်အတွက် AYA SOMPO Insurance ၏ AYA Health ကျန်းမာရေးအာမခံမှ တစ်ဦးလျှင် ငွေကျပ်သိန်း ၃၃၀ အထိ ခံစားခွင့်ရရှိနိုင်သည့် ကျန်းမာရေးအာမခံ အကာအကွယ်များနှင့် AYA Myanmar Life Insurance ၏ Sportsman Life Insurance မှ တစ်ဦးချင်းလျှင် ငွေကျပ်သိန်း ၁၀၀ အထိ ခံစားခွင့်ရရှိနိုင်သည့် အာမခံ အကာအကွယ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်း-ညီမြတ်သော်တာ
ဓာတ်ပုံ-MWL

ခရမ်းမြို့ အထက (၁) နှင့် (၂) တို့မှ ကျောင်းသား ကျောင်းသူဟောင်းများ (၃၅)ကြိမ်မြောက် ကျောက်စိမ်းရတု အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၁၂

ခရမ်းမြို့ အထက(၁)၊ အထက(၂) ကျောင်းသား ကျောင်းသူဟောင်းများ၏ (၃၅)ကြိမ်မြောက် ကျောက်စိမ်းရတု အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၂၇ ရက် နံနက် ၉ နာရီတွင် သက္ကမာရဇိန်သွန်းဘုရားကြီး သာသနာ့ဗိမာန်တော် မဟာဒုက်မ္မောရုံ၌ ကျင်းပမည်ဖြစ်သည်။

အာစရိယပူဇော်ပွဲအတွက် ပါဝင်လှူဒါန်းလိုပါက ဦးအောင်လွင် ဖုန်း ၀၉၄၂၀၁၂၉၉၇၃၊ ဦးမြင့်သက်ဦး ဖုန်း ၀၉၄၄၈၁၁၈၉၁၁၊ ဦးဇော်ဝင်း ဖုန်း ၀၉၉၆၆၈၉၉၉၉၉၊ ဦးသက်ထွန်းဦး ဖုန်း ၀၉၄၂၀၀၂၄၀၀၀၊ ဦးစန်းယု ဖုန်း ၀၉၄၅၀၀၄၆၀၇၄၊ မမွန်မွန်လင်း (90) ဖုန်း ၀၉၄၂၀၁၉၂၂၃၅၊ ဦးအောင်လေး (92) ဖုန်း ၀၉၇၈၂၆၁၄၁၆၂၊ ဒေါ်ဇာဇာမင်း (95) ဖုန်း ၀၉၇၉၂၃၆၃၄၇၊ ဦးထားဝယ် (96) ဖုန်း ၀၉၇၉၀၁၃၆၃၄၈၊ မဝါဝါလှိုင် (97) ဖုန်း ၀၉၇၅၇၅၄၈၁၄၊ ကိုထွန်းထွန်းနိုင်(98)ဖုန်း ၀၉၉၅၀၄၄၄၄၅၅၊ ကိုအောင်ကျော်ဇော(99) ဖုန်း ၀၉ ၇၈၆၅၅၈၃၅၅၊ ကိုဖြိုးကြီး(2000) ဖုန်း ၀၉ ၇၉၉၃၇၃၃၉၉၊ ကိုဝေဖြိုးကျော် (2002) ဖုန်း ၀၉၉၇၈၈၅၅၁၁၁၊ ကိုမျိုးဇော်လင်း(2003) ဖုန်း ၀၉ ၄၂၈၁၄၉၉၁၃ ၊ မနန်းအိအိလွင်(2004) ဖုန်း ၀၉ ၇၉၄၄၉၂၉၃ ၊ ကိုအောင်မင်းခိုင်(2005) ဖုန်း ၀၉ ၇၉၉၃၇၇၅၆၀၊ ကိုထက်အောင်ကျော်(2009) ဖုန်း ၀၉၄၂၀၀၂၃၉၄၉၊ မမြတ်မွန်ဆွေ (2010) ဖုန်း ၀၉၇၉၆၂၆၉၃၀၆၊ ဦးဇော်လင်း(ရန်ကုန်) ဖုန်း ၀၉၅၅၀၂၀၁၁၃၊ ဦးသန့်ဇော်မြ(ရန်ကုန်) ဖုန်း ၀၉ ၅၁၃၉၄၈၂၀ ၊ ဒေါ်ယဉ် ယဉ်သန်း(ရန်ကုန်) ဖုန်း ၀၉ ၅၁၉၀၈၁၃ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

သတင်းစဉ်

ဆေးပညာစတုတ္ထနှစ် ကျောင်းသူအား မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ပညာသင်ထောက်ပံ့ကြေး ပေးအပ်



ရန်ကုန် နိုဝင်ဘာ ၁၂

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်ရှိ ဆေးတက္ကသိုလ် (၂) ရန်ကုန်တွင် တက်ရောက်နေသော ဆေးပညာစတုတ္ထနှစ်ကျောင်းသူအား မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်မှ ပညာသင်ထောက်ပံ့ကြေး ပေးအပ်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းက ဆေးတက္ကသိုလ် (၂) ရန်ကုန်ရှိ မြရည်နန္ဒာခန်းမ၌ ကျင်းပသည်။

ဦးစွာ ဆေးတက္ကသိုလ် (၂)ရန်ကုန်မှ ပါမောက္ခချုပ်ပါမောက္ခ ဒေါက်တာမိုးဝင့်အောင်က အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ ပညာသင်ထောက်ပံ့ကြေးကို မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်နာယကနှင့် ဘဏ္ဍာရေးရာဌာနကြီး ခေါင်းဆောင်တို့က ဆေးတက္ကသိုလ် (၂) ရန်ကုန်တွင် တက်ရောက်နေသော ဆေးပညာစတုတ္ထနှစ်ကျောင်းသူအား ပညာသင်ထောက်ပံ့ကြေးကျပ် ၁၀ သိန်းကို ချီးမြှင့်ပေးအပ်ခဲ့ကာ ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ထပ်မံ၍ ငွေကျပ်သုံးသိန်း ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

သက်လွင်စိုး(ပြန်/ဆက်)

“ချစ်စရာ့အရွယ် ကစားကြမယ်” ကလေးအစီအစဉ် မြန်မာ့ရုပ်မြင်သံကြားမှ ဆက်လက်ထုတ်လွှင့်မည်

နေပြည်တော် နိုဝင်ဘာ ၁၂

“ချစ်စရာ့အရွယ် ကစားကြမယ်” ကလေးအစီအစဉ်ကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ အပတ်စဉ် စနေနေ့တိုင်း ထုတ်လွှင့်ပြသလျက်ရှိရာ ၂၀၂၆ ခုနှစ် နိုဝင်ဘာ ၁၄ ရက် (စနေနေ့) နံနက် ၁၁ နာရီတွင် MRTV-HD Channel မှ ရန်ကုန်မြို့ လှိုင်သာယာမြို့နယ်ရှိ အမှတ်(၁)နှင့် အမှတ်(၃) မူလတန်းကြိုကျောင်းတို့မှ ကလေးငယ်များ ပါဝင်ကစားကြပုံတို့ကို ထုတ်လွှင့်ပြသမည်ဖြစ်ရာ MRTV App မှလည်း Streaming ထုတ်လွှင့်မည်ဖြစ်၍ တစ်ချိန်တည်း ကြည့်ရှုနိုင်မည်ဖြစ်သည်။



အဆိုပါအစီအစဉ်ကို ကလေးများ ကိုယ်ခန္ဓာသန်စွမ်းပြီး စိတ်ရွှင်လန်းစေရန်၊ ကလေးများ၏ ကာယ၊ ဉာဏ၊ စာရိတ္တ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်နှင့် ကလေးငယ်များ အချင်းချင်း ချစ်ချစ်ခင်ခင် ရင်းရင်းနှီးနှီး ပေါင်းသင်းဆက်ဆံတတ်စေရန် ရည်ရွယ်ချက်များဖြင့် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနတို့ ပူးပေါင်း၍ စီစဉ်တင်ဆက်ခြင်းဖြစ်သည်။

ယင်းအစီအစဉ်ကို MRTV Entertainment Channel တွင် နိုဝင်ဘာ ၁၅ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီခွဲတွင် ပြသမည်ဖြစ်ပြီး MRTV – HD Channel တွင် နိုဝင်ဘာ ၁၆ ရက် (တနင်္လာနေ့) ညနေ ၄ နာရီ သတင်းအပြီးတွင် ထပ်မံပြသမည် ဖြစ်သည့်အပြင် MRTV App ၏ Youth Sector နှင့် MRTV Telegram တို့တွင်လည်း လွှင့်တင်သွားမည် ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

စားအုန်းဆီအခြေခံလက်ကား ရည်ညွှန်းစျေးနှုန်း
တစ်ပိသာ ငွေကျပ် ၇၄၂၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ
နေပြည်တော် နိုဝင်ဘာ ၁၂

စားသုံးသူပြည်သူများ စားသုံးဆီ ဝယ်ယူစားသုံးရာတွင် ဘေးအန္တရာယ်ကင်းရှင်းပြီး သင့်တင့်သောစျေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်စေရန်နှင့် ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီက ဆောင်ရွက်ပေးလျက်ရှိသည်။

စားအုန်းဆီကို ပြည်ပမှဝယ်ယူတင်သွင်းရာတွင် စားအုန်းဆီတင်ပို့သည့်နိုင်ငံများ၏ စျေးနှုန်းအတက်အကျပေါ်မူတည်၍ ပြည်တွင်း၌ဖြစ်သင့်ဖြစ်ထိုက်သည့်စျေးနှုန်းများဖြစ်ပေါ်စေရေးကို ထိန်းကျောင်းဆောင်ရွက်လျက်ရှိသည်။

ပြည်ပမှစားအုန်းဆီထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင် စျေးကွက်နှင့် စျေးနှုန်းဖြစ်ပေါ်မှုများအရ နိုဝင်ဘာ ၁၃ ရက်မှ ၁၉ ရက် အထိ ရန်ကုန်အထိုင်စျေး အခြေခံလက်ကားရည်ညွှန်းစျေးနှုန်းမှာ စားအုန်းဆီတစ်ပိသာလျှင် ငွေကျပ် ၇၄၂၀ ဖြစ်ကြောင်း စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီက အသိပေးထုတ်ပြန်ကြေညာထားသည်။

စားအုန်းဆီအခြေခံလက်ကားရည်ညွှန်းစျေးနှုန်းကို အပတ်စဉ်သောကြာနေ့တိုင်း ထုတ်ပြန်ကြေညာလျက်ရှိပြီး စားသုံးသူပြည်သူများအနေဖြင့် စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Pageနှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တို့တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သိရသည်။

သတင်းစဉ်

ရေချွေတာရေး နည်းလမ်းများ

- သွားတိုက်နေစဉ် ဘုံပိုင်ခေါင်း ဖွင့်မထားပါနှင့်။
- သွားတိုက်လျှင် ရေဖန်ခွက် အမြဲသုံးပါ။
- ယာဉ်များ ဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။
- ရေဖြည့်ထားသောပုံးဖြင့် ယာဉ်များကို ဆေးကြောပါ။

❂ M–League II မှ

ဂိုးများကို ၁၉၊ ၆၂၊ ၇၄၊ ၇၅ မိနစ်တွင် ထွန်းနိုင်စိုး၊ ၃၃ မိနစ်တွင် ညီညီထွန်း၊ ၅၃ မိနစ်တွင် ရဲထက်နိုင်၊ ၉၀+၃ မိနစ်တွင် စိုးဝဏ္ဏအောင်တို့က သွင်းယူပြီး Enjoy Brother အသင်းအတွက် ချေဝဂိုးတစ်ဂိုးကို ၄၅+၂ မိနစ်တွင် အောင်ပြည့်စုံက သွင်းယူသည်။ ယခုပွဲအတွက် AYA Pay Player of the Match ဆုကို လေးဂိုးသွင်းယူခဲ့သည့် ရခိုင်ယူနိုက်တက်အသင်းမှ ထွန်းနိုင်စိုးက ရရှိပြီး အမှတ်တရဆုနှင့် ဆုကြေးကျပ် ငါးသိန်း ရရှိသည်။

တက္ကသိုလ်ကွင်း၌ကျင်းပသည့်ပွဲတွင် ရွှိငရယ်ဒဂုံအသင်းနှင့် VUE နေပြည်တော်အသင်း တစ်ဂိုးစီ သရေကျခဲ့သည်။ အဆင့် (၄) နေရာမှ ရွှိငရယ်ဒဂုံအသင်းနှင့် အဆင့် (၅) နေရာမှ VUE နေပြည်တော်အသင်း ထိပ်တိုက်တွေ့ဆုံခဲ့ကြဖြစ်ပြီး သရေရလဒ်ဖြင့် ပြီးဆုံးခဲ့သည်။ VUE နေပြည်တော်အသင်း ဦးဆောင်ဂိုးရသော်လည်း ဂိုးပြန်ပေးခဲ့ရပြီး ပထမပိုင်း တွင်းသွင်းယူခဲ့သည့်ဂိုးများဖြင့် သရေကျခဲ့ခြင်းဖြစ်သည်။ VUE နေပြည်တော်အသင်းအတွက် ဦးဆောင်ဂိုးကို ၄ မိနစ်တွင် မင်းမင်းသူက သွင်းယူပြီး ရွှိငရယ်ဒဂုံအသင်းအတွက် ချေဝဂိုးကို ၂၆ မိနစ်တွင် ဖရန့်နိဘီက သွင်းယူခဲ့သည်။ ယခုပွဲအတွက် AYA Pay Player of the Match ဆုကို VUE နေပြည်တော်အသင်းမှ ဖြူးကျော်ကရရှိပြီး အမှတ်တရဆုနှင့် ဆုကြေးကျပ် ငါးသိန်း ရရှိသည်။

ပွဲစဉ် (၅) ခုတိုယနေ့ကို နိဝင်ဘာ ၁၃ ရက်တွင် တက္ကသိုလ်ကွင်း၌ ဆက်လက်ကျင်းပမည်ဖြစ်ပြီး တက္ကသိုလ်အသင်းနှင့် Asia Lion အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

သတင်း–ကိုညီလေး

ဓာတ်ပုံ–ညီညီမင်း(ML)

❑ MFF မှ

ပွဲစဉ် (၁၉) အပြီးတွင် SGF Youth အသင်းက ရမှတ် ၅၀၊ Victoria အသင်းက ၄၇ မှတ်၊ FFU မင်းမဟော်အသင်းနှင့် Pacific Sun Far အသင်းက ၃၈ မှတ်စီ၊ Mahar Burma အသင်းက ၃၇ မှတ်၊ United City အသင်းက ၂၈ မှတ်၊ Avengers Junior အသင်းက ၂၇ မှတ်၊ Jullniss အသင်းက ၂၄ မှတ်၊ TKA Star အသင်းက ၁၉ မှတ်၊ ဘူရှိဒိုအသင်းက ၁၀ မှတ်၊ ရွှေပြည်သာယူနိုက်တက်အသင်းက ခုနစ်မှတ်၊ မာရိန်းအသင်းက ငါးမှတ်ရရှိထားသည်။

သတင်း–ရွှိင်းထက်ဇော်

ဓာတ်ပုံ–MFF

ဥတုရာသီ တောကိုမှီ၏

✤ ၂၀၂၆ ခုနှစ်မှ

အဆိုပါ ဝန်ကြီးဌာနပေါင်းစုံ ဘော်လီဘော (အမျိုးသား/အမျိုးသမီး)ပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပွဲစဉ်ယှဉ်ပြိုင်ကစားနေမှုများကို ဌာနဆိုင်ရာများမှတာဝန်ခံရှိပုဂ္ဂိုလ်များနှင့် အရာထမ်း/ အမှုထမ်းများ၊ မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ်မှ တာဝန်ရှိသူများက တက်ရောက်ကြည့်ရှုအားပေးပြီး ယနေ့ ဝန်ကြီးဌာနပေါင်းစုံ ဘော်လီဘောပြိုင်ပွဲ အမျိုးသား ပထမအဆင့် အုပ်စုပတ်လည်ပွဲစဉ်အများအဖြစ် အားကစားရေးရာဝန်ကြီးဌာန အသင်းနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ အားကစားရေးရာဝန်ကြီးဌာန အသင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းကို သုံးပွဲ ဆက်တိုက်ယှဉ်ပြိုင်ကစားခဲ့ရာ ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်းကို သုံးပွဲ ဆက်တိုက်ယှဉ်ပြိုင်ကစားခဲ့ရာ အားကစားရေးရာဝန်ကြီးဌာန အသင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းကို သုံးပွဲဆက်တိုက် ဖြင့်လည်းကောင်း၊ ပြန်ကြားရေးဝန်ကြီးဌာန အသင်းနှင့် သာသနာရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ပြန်ကြားရေးဝန်ကြီး ဌာနအသင်းက သာသနာရေးဝန်ကြီးဌာန အသင်းကို သုံးပွဲ နှစ်ပွဲဖြင့်လည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာနအသင်းနှင့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ပြည်ထဲရေးဝန်ကြီးဌာနအသင်းက သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနအသင်းနှင့် လျှပ်စစ်စွမ်းအင်ဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအသင်းက လျှပ်စစ်စွမ်းအင်ဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိသည်။

ဆက်လက်၍ အမျိုးသမီးပထမအဆင့် အုပ်စုပတ်လည်ပွဲစဉ်များအဖြစ် ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းကို သုံးပွဲ ပြတ်ဖြင့်လည်းကောင်း၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်းနှင့် အားကစားရေးရာ ဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ အားကစားရေးရာဝန်ကြီးဌာနအသင်းက သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်းကို သုံးပွဲ တစ်ပွဲဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

၂၀၂၆ ခုနှစ် နိဝင်ဘာ ၁၃ ရက် နံနက် ၉ နာရီမှစတင်၍ ၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ဘော်လီဘောပြိုင်ပွဲ အမျိုးသမီးပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ်အဖြစ် ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် အားကစားရေးရာဝန်ကြီးဌာနအသင်း၊ အမျိုးသားကွာတားအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ်များအဖြစ် ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအသင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာနအသင်းနှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်း၊ အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနအသင်းနှင့် အားကစားရေးရာဝန်ကြီးဌာနအသင်း၊ ပြည်ထဲရေးဝန်ကြီးဌာနအသင်းနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်၍ အားကစာဝါသနာရှင် မိဘပြည်သူများအနေဖြင့် မည်သူမဆို အခမဲ့ လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

သတင်းစဉ်

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

